# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ တရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်တို့ မရောက်နိုင်ချေ။ ကောင်းစွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၇ ရက် | ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ်(၁၀၄)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြစ်ကြီးနားမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့် တာဝန်ရှိသူများက မြစ်ကြီးနားလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် မြစ်ကြီးနားမြို့မှ နေပြည်တော်သို့ ထွက်ခွာရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မြစ်ကြီးနားလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

**လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (အိုင်စီအိုအီး)က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်**

စာမျက်နှာ - ၃

**တရုတ်-မြန်မာနယ်စပ် ကျိန်စန်းကျော့ဂိတ် ပြန်လည်ဖွင့်ပြီးဖြစ်သောကြောင့် နှစ်နိုင်ငံ သစ်သီးအရောင်းအဝယ်ကားများ သွားလာရေးအဆင်ပြေ**

စာမျက်နှာ - ၉

**တံတိုင်းတည်ဆောက်ရန် တောင်းဆိုထားသော ရန်ပုံငွေမရပါက နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာမည်ဟု ထရမ့်ဆို**

စာမျက်နှာ - ၁၄




မြန်မာ့အလင်း

# ပြည်သူတို့၏ ၁၀၀ ရာခိုင်နှုန်းသော ယုံကြည်မှုကို ရယူနိုင်ကြရေး

လူ့လောကတွင်ဂုဏ်လိုချင်ပါက ဝန်ထမ်းလုပ်ရမည်။ ချမ်းသာလိုပါက ကုန်သည် လုပ်ရမည်။ ဂုဏ်လည်းလိုချင်၊ ချမ်းလည်းချမ်းသာချင်မည်ဆိုပါက လူ့ဘဝလောကတစ်ခုလုံး မသာယာနိုင်ဟူ၍ သီဟိုဠ် ဆရာတော်ကြီး ဦးဝိနေယျက ဟောကြားခဲ့ဖူးကြောင်း မှတ်သားခဲ့ရဖူးသည်။

ဝန်ထမ်းတစ်ယောက်၏ ဂုဏ်ရည်သည် တာဝန်ကျေပွန်ခြင်း၊ ကျင့်ဝတ်စောင့်ထိန်းခြင်းနှင့် စည်းကမ်းလိုက်နာခြင်းတို့၏ အရည်အသွေးပင်ဖြစ်သည်ဟု ဆိုရပါမည်။ ထို့အပြင် နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် အကြားအမြင် ဗဟုသုတရှိခြင်း၊ ကိုယ်နှုတ်အမူအရာယဉ်ကျေး၍ တင့်တယ်သော ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်ခြင်း၊ ရဲစွမ်းသတ္တိရှိသူ ဖြစ်ခြင်း၊ ဇွဲလုံ့လဝီရိယရှိခြင်း၊ ကာယဗလ ဉာဏဗလ ဖွံ့ဖြိုးခိုင်မာခြင်း၊ ဥစ္စာကို မမက်မောခြင်းဟူသည့် အင်္ဂါရပ်များနှင့် ပြည့်စုံမည်ဆိုပါက ပြည်သူကချစ်ခင်လေးစားသော ယုံကြည်အားကိုးသော ဝန်ထမ်းဖြစ်လာမည်မှာ ဧကန်မလွဲဟု ဆိုချင်ပါသည်။

ဇန်နဝါရီ ၉ ရက်က ကချင်ပြည်နယ် ပူတာအိုမြို့ အထက်နမ့်ထွမ်ရေအားလျှပ်စစ် စက်ရုံဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာတွင်လည်း နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ အထက်တွင် ဖော်ပြခဲ့သည့် သီဟိုဠ် ဆရာတော်ကြီးနည်းတူပင် ဩဝါဒစကားထည့်သွင်း ပြောကြားခဲ့သည်ကို ကောက်နုတ်ဖော်ပြလိုပါသည်။

"ဝန်ထမ်းတွေကို ပြည်သူပြည်သားတွေကနေ ယုံကြည်ရမယ်၊ စိတ်ချရမယ်၊ ဝန်ထမ်းတွေဆိုတာ ငါတို့အတွက် လုပ်နေတယ်ဆိုတဲ့ ခိုင်မာတဲ့ စိတ်ဓာတ်ဖြစ်အောင် လုပ်ပေးရမှာ လူတိုင်းလူတိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။ ဝန်ထမ်းလုပ်တယ်ဆိုတာ သူဌေးဖြစ်ဖို့ လုပ်တာမဟုတ်ဘူး၊ သူဌေးဖြစ်ချင်ရင်တော့ စီးပွားရေးလုပ်ဖို့ပဲရှိတယ်။ အဲဒီတော့ ဝန်ထမ်းတွေဟာ သူဌေးဖြစ်ချင်လို့ အစိုးရအဖွဲ့ထဲဝင်တာ၊ အစိုးရဝန်ထမ်းလုပ်တာ လုံးဝ မသင့်တော်ပါဘူး၊ ဒါကို ဘာဖြစ်လို့ ကျွန်မသတိပေးရတာလဲဆိုတော့ ကျွန်မတို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေဟာ ဝန်ထမ်းတွေအပေါ်မှာ အခုထက်ထိ ၁၀၀ ရာခိုင်နှုန်းယုံကြည်မှုရှိတယ်လို့ ပြောလို့မရသေးပါဘူး၊ ၁၀၀ ရာခိုင်နှုန်း ယုံကြည်မှုရှိအောင် ကျွန်မတို့ကြိုးစားရမယ်။ ဒီလိုကြိုးစားပြီးတော့ ပြည်သူပြည်သားတွေက နိုင်ငံ့ဝန်ထမ်းတွေအပေါ်မှာ ယုံကြည်မှုရှိနေမှ ကျွန်မတို့နိုင်ငံဟာ အမှန်တကယ်တိုးတက်တဲ့ နိုင်ငံလို့ ခေါ်နိုင်မှာပါ"ဟူ၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထည့်သွင်းပြောကြားခဲ့ခြင်းပင်ဖြစ်သည်။

ဝန်ထမ်းဟူသည် နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းမှ ကျခံထုတ်ပေးသည့် လစာနှင့် စရိတ်များကို ခံစားနေကြသူများဖြစ်သည်။ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ကိုက်ညီပြည့်စုံပါက ရာထူးအဆင့်ဆင့်ကို တက်လှမ်းခွင့်ရှိပြီး လစာ၊ စရိတ်နှင့် အခြားခံစားခွင့်တို့ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရယူခံစားနိုင်ခွင့်ရှိသည်မှတစ်ပါး ဝန်ထမ်းတစ်ယောက်အဖြစ်နှင့် သူဌေးသူကြွယ်မဖြစ်နိုင်သည်မှာ အမှန်တရားတစ်ခုပင် ဖြစ်သည်။ တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံး၍ ကိုယ်ကျိုးရှာခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်းတို့ကို ရှောင်ကြဉ်ရန်၊ တရားသဖြင့် ရရှိအပ်သော ဝင်ငွေမှတစ်ပါး မရိုးသားသောနည်းဖြင့် အခြားဝင်ငွေရှာခြင်းကို ရှောင်ကြဉ်ရန်တို့ကို နိုင်ငံ့ဝန်ထမ်းများက လိုက်နာစောင့်ထိန်းကြရသည့်အလျောက် ဝန်ထမ်းလုပ်ရင်းနှင့် ချမ်းသာသည့် သူဌေးသူကြွယ်မဖြစ်နိုင်ဟု ဆိုခြင်းဖြစ်သည်။ ဝန်ထမ်းဘဝ လစာခံစားခွင့်များထက် အဆပေါင်းများစွာ ကျိကျိတက်ချမ်းသာနေပြီဆိုပါက သဘာဝမကျ၊ တစ်စုံတစ်ရာမှားယွင်းနေပြီဟု ဆိုရမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းဟူသည် နိုင်ငံတည်ဆောက်ရေးတွင် လက်တွေ့ပါဝင်အကောင်အထည်ဖော်ထမ်းဆောင်နေကြသူများဖြစ်သည့်အလျောက် ဂုဏ်ရှိပြီးသူများ ဖြစ်သည်။ မိမိတို့ကျရာနေရာတွင် ထမ်းဆောင်ကြရသည့် လုပ်ငန်းတာဝန်များကို ကျွမ်းကျွမ်းကျင်ကျင်နှင့် ကျေပွန်စွာ ထမ်းဆောင်ခြင်း၊ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ခြင်း၊ ဝန်ထမ်းကျင့်ဝတ်များကို တိကျစွာ လိုက်နာကျင့်သုံးခြင်းအားဖြင့် ပြည်သူတို့၏ ၁၀၀ ရာခိုင်နှုန်း ယုံကြည်မှုကို ရယူနိုင်ကြပါစေကြောင်း။ ။

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် -၂ ဒီဂရီစင်တီဂရိတ်၊ ရမ်ကလောင်းတွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့နှင့် တီးတိန်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၁

**၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ပိုလန်သမ္မတနိုင်ငံ၊ သမ္မတ အန်ဒရစ်(ဂျ) ဒူဒါထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပိုလန်သမ္မတနိုင်ငံကိုယ်စား မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးသည့်ဆက်ဆံရေး အထူးသဖြင့် စီးပွားရေးနှင့် ယဉ်ကျေးမှု နယ်ပယ်များတွင် ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လိုသည့် ပိုလန်နိုင်ငံ၏ မပြောင်းလဲသောဆန္ဒကို အခိုင်အမာဖော်ပြလိုပါသည်။

အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာ၍ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ယူကရိန်းနိုင်ငံ၊ သမ္မတ ပီထရို ပိုရိုရှန်ကိုထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ယူကရိန်းနိုင်ငံ၊ ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့အကြား နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ နိုင်ငံတကာမျက်နှာစာတွင်သော်လည်းကောင်း အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးတည်ဆောက်မှုကို အထောက်အကူပြုမည်ဟု မိမိအနေဖြင့် မျှော်လင့်ပါသည်။

အဆွေတော်ကျန်းမာ၍ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ချက်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် အန်းဒရက် ဘာဘိစ်ရှ်ထံမှ ပေးပို့သည့် (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော် နှင့် မြန်မာပြည်သူပြည်သားများထံသို့ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးသည် ကဏ္ဍပေါင်းစုံတွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများရရှိမည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

အဆွေတော်ကျန်းမာ၍ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

# "တာဝန်ယူမှုရှိသောအုပ်ချုပ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ" ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP)၏နည်းပညာအကူအညီဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား "တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ" ခေါင်းစဉ်ဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၇ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ ပြင်ပပညာရှင်များ၊ မြန်မာ့စီးပွားရေး ကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကော်မရှင်ရုံးဝန်ထမ်းများ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးခရိုင်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းငါးခု တိုင်းဒေသကြီးဘတ်ဂျက်ငွေဖြင့် ဆောင်ရွက်မည်

**မကွေး ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်းတွင် တိုင်းဒေသကြီး ဘတ်ဂျက်ငွေကျပ်သန်း ၆၅၀ ကျော်ဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်းတွင် ပထမ ဦးစားပေးလုပ်ငန်းအဖြစ် ကမ်းပြို ကာကွယ်ရေးလုပ်ငန်းငါးခုကို ဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လွင်ထံမှ သိရသည်။

၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်အတွင်းတွင်လည်း တိုင်းဒေသကြီးငွေလုံးငွေရင်း ခွင့်ပြုငွေကျပ် ၁၅၅၂ ဒသမ ၉၁ သန်းဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၀ ခု ဆောင်ရွက်ပြီးစီးခဲ့ပြီး တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် မကွေးမြို့နယ် မြင်စိုင်းကျေးရွာ ယင်းချောင်းရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းအတွက် ခွင့်ပြုငွေကျပ် သန်း ၃၀၊ ဆင်ပေါင်ဝဲမြို့နယ် စည်တိုင်းအလယ်ရွာ ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်း ခွင့်ပြုငွေကျပ် သန်း ၃၀၊ တောင်တွင်းကြီးမြို့နယ် ညောင်မှော်ကျေးရွာ ကျောက်အိချောင်း ချောင်း ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်း ခွင့်ပြုငွေကျပ် ၁၅ သန်း တို့ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်းကို တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် မကွေးခရိုင်အတွင်း ပထမဦးစားပေး ဆောင်ရွက်နေသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းငါးခုမှာ မကွေးမြို့နယ် တပ်ကုန်းကျေးရွာအုပ်စု အင်းနက်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ခွင့်ပြုငွေကျပ် ၁၇၂ ဒသမ ၉၆ သန်းကျပ်ဖြင့်လည်းကောင်း၊ မြို့သစ်မြို့နယ် ပုလင်းပြားကြီး ကျေးရွာ ပုလင်းချောင်း ရေတိုက်စားမှုအတွက် ခွင့်ပြုငွေကျပ် သန်း ၁၅၀ ဖြင့် လည်းကောင်း၊ နတ်မောက်မြို့နယ် တံခွန်တိုင်ကျေးရွာ ရေယိုချောင်းရေ တိုက်စားမှုအတွက် ခွင့်ပြုငွေကျပ် ၁၃၅ သန်းဖြင့် လည်းကောင်း၊ တောင်တွင်းကြီးမြို့နယ် ပန်းသွင်းကြီးကျေးရွာ ငမင်ချောင်းရေ တိုက်စားမှု ကာကွယ်ရေးလုပ်ငန်းအတွက် ခွင့်ပြုငွေကျပ်သန်း ၁၀၀ ဖြင့် လည်းကောင်း၊ မြို့သစ်မြို့နယ် သီးပင်ကျေးရွာပုလင်းချောင်း ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းအတွက် ခွင့်ပြုငွေကျပ်သန်း ၁၀၀ ဖြင့် လည်းကောင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးဇော်လွင်ထံမှ သိရသည်။

**မေသူလွင်(မကွေး)**

## ပဲခူးမြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ

**ပဲခူး ဇန်နဝါရီ ၁၁**

ပဲခူးမြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို ဇန်နဝါရီ ၉ ရက်က ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးသောင်းထိုက်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မိုးလှိုင်နှင့် ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့နှင့် ဈေးသူဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

❒ ***ရှေ့ဖုံးမှ***

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် နေပြည်တော်သို့ ရောက်ရှိကြရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဝန်ကြီးဌာနများ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဇန်နဝါရီ ၁၁

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်ဝန်ကြီးဌာနများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန ၁၂ ခုမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။** (အောက်ပုံ)




ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယခုအစည်းအဝေးမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြမည့် ဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂)ကို ရေးဆွဲခဲ့ကြောင်း၊ မဟာဗျူဟာစီမံကိန်းကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ ရွေးကောက်ပွဲအလွန်အကြံပြုချက်များအပေါ် သုံးသပ်ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ မဟာဗျူဟာစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍမှာ အရေးကြီးပါကြောင်း၊ ကော်မရှင်အနေဖြင့် မဲစာရင်းပြုစုခြင်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့က သုံးဦးသုံးဖလှယ် ဆောင်ရွက်မှသာ မှန်ကန်သည့် မဲစာရင်းရရှိမည်ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံ(၅)ချက်ဖြစ်သည့် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်းဖြစ်စေရေး ဆောင်ရွက်လျက်ရှိရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် အဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်နေသော ဝန်ကြီးဌာနများမှ ဝန်ထမ်းများအနေဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက် စေလိုကြောင်း၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၅ တွင် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများတွင် အဖွဲ့ဝင်အဖြစ် သော်လည်းကောင်း၊ ရွေးကောက်ပွဲတာဝန်များကို ထမ်းဆောင်သော ဝန်ထမ်းအဖြစ်သော် လည်းကောင်း ပါဝင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်ခြင်း ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

အလားတူ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၇ တွင် တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ဥပဒေနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် စွမ်းဆောင်နိုင်သမျှ ထမ်းဆောင်သော ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ယင်းတို့၏ အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲခုံအဖွဲ့နှင့် ရွေးကောက်ပွဲခုံအဖွဲ့ဝင်များ၊ မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအတွက် တရားမကြောင်း အရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း မခံထိုက်စေရဟု ပြဋ္ဌာန်းထားသည့်အတွက် ရွေးကောက်ပွဲလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရဲရဲတင်းတင်း မှန်မှန်ကန်ကန် ဆောင်ရွက်ကြစေလိုကြောင်း၊ မဟာဗျူဟာစီမံကိန်းတွင် အခန်း(၁၁)ခန်း ပါဝင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ကူညီဆောင်ရွက်ရမည့်ကဏ္ဍများကို သိရှိနေရန်အတွက် ကြိုတင်ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း၊ ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် အပြည့်အဝပူးပေါင်းကူညီဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ထားမှုများနှင့် မဟာဗျူဟာစီမံကိန်းပါ အခန်းများနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးအကြံပြုကြသည်။ ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (အိုင်စီအိုအီး)က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၁**

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (အိုင်စီအိုအီး) က ဇန်နဝါရီလ ၁၀ ရက်နေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ငါးကြိမ်မြောက်အစည်းအဝေးကို နေပြည်တော်နှင့် ရန်ကုန်မြို့တွင် ဇန်နဝါရီလ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ကြောင်း၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တွေ့ဆုံပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေး၊ လုံခြုံရေးနှင့် ရခိုင်ပြည်နယ်အတွင်းသို့ ပြန်လည်ရောက်ရှိလာသူများအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးရေးနှင့် လူမှုဆိုင်ရာသဟဇာတဖြစ်ရေး စသည်တို့နှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရေး ကော်မတီ၏ လုပ်ဆောင်ချက်များကို ဒေါက်တာဝင်းမြတ်အေးက အသေးစိတ်ရှင်းပြခဲ့ကြောင်း။

ထို့ပြင် စုံစမ်းစစ်ဆေးရေးကော်မရှင်သည် စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် တွေ့ဆုံရာတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအပေါ် စုံစမ်းစစ်ဆေးမှုများနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များကို ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းက ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ယင်းနောက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့သည် မောင်တောစုံစမ်းစစ်ဆေးရေးကော်မရှင် (၂၀၁၆) အတွင်းရေးမှူး ဦးဇော်မြင့်ဖေနှင့် တွေ့ဆုံရာတွင် ၎င်းထံမှ ရရှိသည့် သတင်းအချက်အလက်များမှာ ပြည့်စုံပြီး အသုံးဝင်သည့်အပြင် ကော်မရှင်၏ လုပ်ငန်းများကို အထောက်အကူဖြစ်စေကြောင်း၊ နိုင်ငံတော်သမ္မတဟောင်း၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ကျော်ရင်လှိုင်နှင့် တွေ့ဆုံရာတွင် ၎င်း၏ အတွေ့အကြုံများမှ ရရှိခဲ့သော သင်ခန်းစာများသည် ကော်မရှင်အတွက် အသုံးဝင်ပါကြောင်း။

အလားတူ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် နိုင်ငံတကာကြက်ခြေနီကော်မတီ ဌာနေကိုယ်စားလှယ် မစ္စတာ စတီဖန်ဆာကာလီရင်နှင့် တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်း နိုင်ငံတကာကြက်ခြေနီကော်မတီ၏ လုပ်ငန်းဆောင်တာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း၊ တစ်ချိန်တည်းမှာပင် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ရခိုင်ပြည်နယ်အရေး သက်သေအထောက်အထားရှာဖွေစိစစ်အတည်ပြုရေးအဖွဲ့၏ လုပ်ငန်းတိုးတက်မှုနှင့် လုပ်ငန်းလိုအပ်ချက်အရ ဝန်ထမ်းခန့်အပ်မှု အခြေအနေတို့ကိုလည်း ဆွေးနွေးခဲ့ကြကြောင်း၊ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့ခရီးစဉ်နှင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်သို့ ဒုတိယအကြိမ် ခရီးစဉ်တို့နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း။

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သို့ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ **"တင်ပြရန် ဖိတ်ခေါ်ခြင်း"** တင်သွင်းရမည့် နောက်ဆုံးရက်ကို ဇန်နဝါရီလ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်ခဲ့ကြောင်း စသည်ဖြင့် အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

# အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အငြင်းပွားမှုများ ဖြစ်ပွားပါက ငြိမ်းချမ်းစွာဖြေရှင်း ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်မည့်စည်းမျဉ်းစည်းကမ်းများဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၁

**အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အငြင်းပွားမှုများဖြစ်ပွားပါက ငြိမ်းချမ်းစွာ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်မည့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အလုပ်ရှင်၊ အလုပ်သမားအကြား အငြင်းပွားမှုများဖြစ်ပွားပါက ငြိမ်းချမ်းစွာ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပြဋ္ဌာန်းထားပါကြောင်း၊ အငြင်းပွားမှုများ ဖြစ်ပွားပါက မြို့နယ်အဆင့်တွင် ဝန်ကြီးဌာန၏ မြို့နယ်အဆင့် တာဝန်ခံအရာရှိမှ အတွင်းရေးမှူးအဖြစ်ပါဝင်သော သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့များဖြင့် ဖြေရှင်းပေးသည်သာမက အလုပ်သမားများက ဥပဒေပါရပိုင်ခွင့်ထက် ကျော်လွန် တောင်းဆိုခြင်းကြောင့် ပြေငြိမ်းမှု မရနိုင်သည့် အငြင်းပွားမှုများကိုပါ အတတ်နိုင်ဆုံး ပြေလည်မှုရရှိစေရေးအတွက် ညှိနှိုင်းဖျန်ဖြေ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလုပ်သမားများအနေဖြင့် right to strike လုပ်ဆောင်ခွင့်ရှိသော်လည်း သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့် ညီညွတ်မှုရှိရန်လိုအပ်ပြီး စက်ရုံပြင်ပတွင် ဖြစ်ပွားသော သပိတ်စခန်းဖွင့်လှစ်မှုများ၊ ဆန္ဒပြမှုများသည် အလုပ်သမားဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် သက်ဆိုင်ခြင်းမရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ခြင်းဆိုင်ရာ ဥပဒေအရသာ ခွင့်ပြုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အလုပ်သမားများအနေဖြင့် ဆန္ဒပြ၊ သပိတ်မှောက်မည်ဆိုပါက အလုပ်သမားအဖွဲ့အစည်းဥပဒေအရ သက်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ ခွင့်ပြုချက်ဖြင့် သပိတ်မှောက်မည့် နေ့ရက်၊ နေရာ၊ ပါဝင်မည့် ဦးရေ၊ နည်းလမ်းနှင့် အချိန်ကာလတို့ကို ဖော်ပြ၍ သက်ဆိုင်ရာအလုပ်ရှင်နှင့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ထံသို့ ကြိုတင်အကြောင်း ကြား၍ သပိတ်မှောက်ခြင်း ပြုလုပ်ရမည်ဖြစ်ပါကြောင်း။

အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေသည် သပိတ်မှောက် သည့် လမ်းကြောင်းပေါ်သို့ မရောက်ရှိစေရေးအတွက် ပြဋ္ဌာန်းထားသဖြင့် အငြင်းပွားမှု ဖြစ်ပွားပါက ဥပဒေနှင့်အညီ ညှိနှိုင်းဖျန်ဖြေ ဆုံးဖြတ်ခြင်းကို ခံယူရမည်ဖြစ်ပြီး သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိမှသာ သက်ဆိုင်ရာ ဥပဒေအရ သပိတ်မှောက်ခြင်း ပြုလုပ်ရမည်ဖြစ်ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများ အနေဖြင့် တည်ဆဲအလုပ်သမားဥပဒေများကို သိရှိလေးစားလိုက်နာရန် လိုအပ်သည့် အပြင် အလုပ်ရှင်များက ဥပဒေပါခံစားခွင့်များကို မိမိတို့၏ အလုပ်သမားများအား အပြည့်အဝပေးရန်လိုအပ်သကဲ့သို့ အလုပ်သမားများအနေဖြင့်လည်း မိမိတို့၏ ရပိုင်ခွင့်များကို ဥပဒေနှင့်အညီ တင်ပြတောင်းခံရန်လိုအပ်ပါကြောင်း၊ ဆန္ဒပြမှု သပိတ်မှောက်မှု များဖြစ်ပွားလာပါက ကြန့်ကြာမှုမရှိစေဘဲ အချိန်မီ ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများရရှိရန် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရှင်၊ အလုပ်သမားများနှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဖြေရှင်းဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ဖြစ်ပွားနေသည့် ဥပဒေနှင့်မညီသော ဆန္ဒပြမှု (Illegal Strike) ဆိုင်ရာများ၊ ယင်းနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများနှင့် ဖြစ်ပွားလာပါက အချိန်မီဖြေရှင်းဆောင်ရွက်နိုင်ရေးတို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ အလိုက် အကြံပြုဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၄၇)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

(၄၇)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံ (47th Myanmar Health Research Congress) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဆေးသုတေသနဦးစီးဌာန၌ ကျင်းပ သည်။ **(အောက်ယာပုံ)**

### လက်တွေ့အသုံးချဆောင်ရွက်

ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာန အနေဖြင့် ဆေးနှင့် ဆေးနှီးနွှယ်တက္ကသိုလ်များ၊ ကျောင်းများနှင့် ဆေးရုံများအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဌာနအသီးသီးတို့တွင် သုတေသန ပြုလုပ်သည့် သုတေသနယဉ်ကျေးမှု (Research Culture) ပိုမိုဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ရပ်လုံး၏ စွမ်းဆောင်ရည်နှင့် ထိရောက်အကျိုးရှိမှု ပိုမိုမြင့်မားရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သော ကျန်းမာရေးသုတေသနကဏ္ဍကြီး ပိုမိုအဆင့်မြင့်မားတိုးတက်ရန် လမ်းပြမြေပုံ ချမှတ်ဆောင်ရွက် ရာတွင် အားလုံးပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ယခုပြုလုပ်သော ကျန်းမာရေးသုတေသနညီလာခံကြီးသည် သုတေသနပညာရှင်များ၊ ဆေးပညာရှင်များ၊ စီမံခန့်ခွဲသူများ အတွက် အတွေ့အကြုံနှင့် အသိပညာများ မျှဝေရာနေရာကြီး လည်းဖြစ်ကြောင်း၊ ညီလာခံတွင် တင်ပြဆွေးနွေးကြသည့် သုတေသနတွေ့ရှိချက်များနှင့် အကြံပြုချက်များကို နေ့စဉ် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတွင် လက်တွေ့အသုံးချ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အသုံးချသုတေသနလုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ခွင့်ပြုဘဏ္ဍာငွေကျပ်သန်း ၁၀၀၀၊ ၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိငွေကျပ်သန်း ၅၀၀၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၁၅၀၀ ကို ခွင့်ပြုချထားပေးခဲ့ပြီး လာမည့်ဘဏ္ဍာနှစ်အတွက်လည်း ပိုမိုခွင့်ပြုချထားပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဘဏ္ဍာငွေများကို အသုံးပြု၍ ဝန်ကြီးဌာနရှိ စီမံချက်လုပ်ငန်းများ၏ စီမံခန့်ခွဲအုပ်ချုပ်မှု၊ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်များ ပိုမိုတိုးတက် မြင့်မားရန်အတွက် လက်တွေ့အသုံးချသုတေသနများ တိုးမြှင့် လုပ်ဆောင်ကြပါရန် တိုက်တွန်းပါကြောင်း၊ INGO/ NGO များ၊ အခြားအဖွဲ့အစည်းများအနေဖြင့်လည်း ဝန်ကြီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆေးသုတေသနဦးစီးဌာန၏ လူ့ပုဂ္ဂိုလ်များအပေါ် သုတေသနစမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ် ကော်မတီ (ethics review committee) သို့မဟုတ် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၏ institutional review board များထံမှ စိစစ်ခွင့်ပြုချက်ကိုရယူပြီး ကျန်းမာရေး သုတေသနများ ပိုမိုတိုးမြှင့်လုပ်ဆောင်သွားကြရန် တိုက်တွန်း ပါကြောင်း။

ဆေးနှင့် ဆေးနှီးနွှယ်တက္ကသိုလ်များမှ ဘွဲ့ကြိုနှင့် ဘွဲ့ကြို သင်တန်းသားများအတွက် သုတေသနဆိုင်ရာ စွမ်းဆောင်ရည် မြှင့်လုပ်ငန်းများဆောင်ရွက်ရန် လမ်းပြမြေပုံချမှတ်ရာတွင်လည်း သုတေသနပညာရှင်ကြီးများက ပါဝင်ကူညီဆောင်ရွက်ပါရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတကာမှ တက္ကသိုလ်များ၊ အဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ဆေးကုမ္ပဏီ၊ ပုဂ္ဂလိက ကဏ္ဍများနှင့် ပူးပေါင်းချိတ်ဆက်၍ multi-centric သုတေသနများ ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ကျန်းမာ ရေး သုတေသနလုပ်ငန်းကဏ္ဍများသည် ဝန်ကြီးဌာန၏ လိုအပ်ချက်နှင့် အမျိုးသားကျန်းမာရေးစီမံကိန်းပါ လုပ်ငန်းများ ကို ဖြည့်ဆည်းအထောက်အကူပြုရန်အတွက် ဆေးနှင့် ဆေးပစ္စည်းကိရိယာများ မှာယူဖြန့်ဖြူးခြင်း၊ နိုင်ငံတွင် ဖြစ်ပွား




လျက်ရှိသည့် ရောဂါအမျိုးအစား၊ ဖြစ်ပွားသည့်နေရာဒေသနှင့် ဖြစ်ပွားမှုနှုန်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်၊ လက်ရှိအင်အားနှင့် ခွဲဝေနေရာချထားမှုအခြေအနေ၊ ဝန်ကြီး ဌာန၏ စီမံခန့်ခွဲအုပ်ချုပ်ပုံစနစ်၊ ဆေးရုံဖွဲ့စည်းတည်ဆောက်ပုံ အနေအထားနှင့် လူနာများ လွယ်ကူမြန်ဆန်စွာ စမ်းသပ်စစ်ဆေး ကုသမှုခံယူနိုင်သည့် အခြေအနေ၊ အရေးပေါ်ဌာနများတွင် လူနာများကို စနစ်တကျ စီမံခန့်ခွဲစောင့်ရှောက်ပေးနိုင်မှု အခြေ အနေ၊ ဝန်ကြီးဌာန၏ လူ့စွမ်းအားနှင့် ဘဏ္ဍာငွေအရင်းအမြစ် အပါအဝင် အရင်းအမြစ်များ ခွဲဝေသုံးစွဲမှုအခြေအနေ အစ ရှိသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်း တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနမှတ်ပုံတင်စနစ် (Myanmar health research registry) ကိုလည်း ဆောင်ရွက်လျက်ရှိပြီး သုတေသနဆောင်ရွက်မှု အားနည်းလျက် ရှိသော အရေးကြီးကဏ္ဍများကို စိစစ်သုံးသပ်ပြီး ဦးစားပေး ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ဆေးသုတေသနဦးစီး ဌာန (ပြင်ဦးလွင်) တွင် သုတေသနဆိုင်ရာစွမ်းရည်မြှင့် certificate သင်တန်းများ စတင်ပြုလုပ်လျက်ရှိပြီး နိုင်ငံတကာ တက္ကသိုလ်များနှင့်လည်း ချိတ်ဆက်၍ ပညာသင်များ စေလွှတ် သင်ကြားလျက်ရှိပါကြောင်း။

### သုတေသနလုပ်ငန်းများ ပျိုးထောင်

ယခုညီလာခံကြီးတွင် သုတေသနပိုစတာပေါင်း ၉၀ နှင့် စာတမ်း ၁၄၁ ခုတို့ကို ဖတ်ရှုဆွေးနွေးသွားကြမည်ဖြစ်ပြီး ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင် အရေအတွက်သာမက အရည် အသွေးပါ မြင့်မားလာသည်ကို တွေ့ရှိရကြောင်း၊ အနာဂတ် မျိုးဆက်သစ်လူငယ်များတွင် သုတေသနလုပ်ငန်းများကို စိတ်ပါ ဝင်စားမှုရှိစေရန်အတွက်ကိုလည်း ပျိုးထောင်ပေးကြရမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ထားရှိပြီးသော သုတေသနများမှ တွေ့ရှိချက်နှင့် အကြံပြုချက်များကို လက်တွေ့အသုံးချမှု စောင့်ကြည့်ဆန်းစစ်သုံးသပ်ရေးကော်မတီ (Research Ultilization and Monitoring Committee) တစ်ခု ဖွဲ့စည်း၍ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ယခုညီလာခံ၏ ခေါင်းစဉ်ဖြစ်သော "Ensure WASH: A global agenda to improve quality of life" နှင့် အညီ ရေ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းကဏ္ဍများမှ လစ်ဟာချက်များ၊ လိုအပ်ချက် များကို အစိုးရ၊ ပညာရပ်နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်၍ လူနေမှု ဘဝ အရည်အသွေးမြင့်မားတိုးတက်ရန် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သုတေသနလုပ်ငန်း ဆောင်ရွက်သူတစ်ဦးချင်း အတွက်လည်း ခွဲခြမ်းစိတ်ဖြာ စဉ်းစားဆင်ခြင်နိုင်မှု၊ ပညာရပ် ဆိုင်ရာ ကျွမ်းကျင်နှံ့စပ်မှုများ ပိုမိုမြင့်မားလာစေမည်ဖြစ်ပါ ကြောင်း၊ သုတေသနလုပ်ငန်းများသည် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှု၊ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေး စောင့်ရှောက်မှု (Universal Health Coverage) နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (SDG) ရည်မှန်းချက် များ ပြည့်မီစေနိုင်မှု၊ နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို များစွာ အထောက်အကူပြုနိုင်သည့် လက်နက်တစ်ခုပင် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံတွင် ခင်းကျင်းပြသထားသော ကျန်းမာရေးဆိုင်ရာ သုတေသန ပိုစတာများနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ညီလာခံစာတမ်းဖတ်ပွဲကို ဆက်လက် ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ တွဲဖက်သဘာပတိအဖြစ် ဆေးသုတေသနဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုး တို့က ဆောင်ရွက်ကြသည်။

(၄၇) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးသုတေသန ညီလာခံကို ဇန်နဝါရီ ၁၁ ရက်အထိ ဆေးသုတေသနဦးစီး ဌာန(ရန်ကုန်)တွင် ကျင်းပခဲ့ပြီး ကျန်းမာရေးသုတေသနစာတမ်း ၁၄၁ ခုနှင့် ပိုစတာ ၉၀ တို့ကို ဖတ်ကြားတင်ပြခြင်း၊ နှီးနှော ဖလှယ်မှုအစီအစဉ် (Symposium) ၁၀ ခုနှင့် ဟောပြောပွဲ (Scientific Talks) ရှစ်ခု ပါဝင်လျက်ရှိသည်။

အဆိုပါညီလာခံသို့ မြန်မာနိုင်ငံမှ ကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များ၊ INGO / NGO များနှင့် အမေရိကန်၊ ဂျပန်၊ သြစတြေးလျ၊ မလေးရှား၊ အင်ဒိုနီးရှား၊ UK ၊ ကိုရီးယားနိုင်ငံများမှ သုတေသနပညာရှင်များ တက်ရောက် ကြသည်။

**သတင်းစဉ်**

# အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၂၀၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းကိုးခုအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု



**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါလုပ်ငန်းများတွင် အသားထုပ်ပိုးခြင်းလုပ်ငန်း၊ ဆန်နှင့် ဆန် ဆက်စပ်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်း၊ တိရစ္ဆာန်အစားအစာ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ကြက်သားပေါက် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အထည်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၊ LPG တင်သွင်းသိုလှောင် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ကုန်လှောင်ရုံနှင့် ထောက်ပံ့ပို့ဆောင်မှု ဝန်ဆောင်မှုလုပ်ငန်းနှင့် မော်တော်ယာဉ် စက်ပြင်သင်တန်းကျောင်းလုပ်ငန်းတို့ ပါဝင်သည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၂၂၇ ဦး ဖန်တီး ပေးနိုင်မည့် လုပ်ငန်းကိုးခုအား ခွင့်ပြုခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ၁၁ ဦး တက်ရောက်ကြသည်။

**သတင်းစဉ်**

# တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

### အိုင်စီတီကျွမ်းကျင်ရေး ဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများ ဖြည့်ဆည်းနိုင်ရေးအတွက် ဆရာ ဆရာမများ ပြုစုပျိုးထောင်ပေးရာတွင် မွမ်းမံသင်တန်းများနှင့် တစ်သက်တာ သင်ကြားသင်ယူလေ့ကျင့်ရေးအစီအစဉ်များဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဘာသာရပ်အလိုက် လက်တွေ့ ဒေသအကျိုး၊ နိုင်ငံအကျိုး ရရှိမည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်၍ သုတေသနစာတမ်း ဖတ်ကြားခြင်း၊ သုတေသနဂျာနယ်များတွင် စာတမ်းများ ရေးသားပြုစုခြင်းတို့ကို ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဆရာ ဆရာမ လိုအပ်ချက်ဖြည့်ဆည်းရာတွင် တစ်ဘာသာချင်းအလိုက် တက္ကသိုလ်များကိုနှိုင်းယှဉ်၍ လိုအပ်ချက်အရ စိစစ်သုံးသပ်တင်ပြရန် လိုပါကြောင်း၊ တက္ကသိုလ်များတွင် လက်တွေ့နယ်ပယ်နှင့်နီးစပ်သော ဘွဲ့သင်တန်းအစီအစဉ်များ၊ သင်ရိုးညွှန်းတမ်းများ၊ လက်တွေ့အခြေပြုသင်ယူခြင်းများ ပြုလုပ်ဆောင်ရွက်ကြရန်နှင့် တက္ကသိုလ်ပဋိညာဉ်စာတမ်း အတည်မပြုသေးမီကာလတွင် ဘာသာရပ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ တက္ကသိုလ်ကောင်စီ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် ရုံးလုပ်ငန်းတာဝန်များ၊ စီမံခန့်ခွဲမှုနှင့် စီမံကိန်းလုပ်ငန်းများ ကျွမ်းကျင်ရေး၊ အင်္ဂလိပ်စာအရည်အသွေး ကောင်းမွန်ရေးနှင့် အိုင်စီတီနည်းပညာ ကျွမ်းကျင်ရေး အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်နေရန် လိုကြောင်း။

### ညီညီညွတ်ညွတ် ဆောင်ရွက်

ကျောင်းသား ကျောင်းသူများကို စာမေးပွဲရမှတ် များများရရှိရေးထက် စိတ်ကောင်းရှိရန်၊ အလွတ်ကျက်မှတ်သင်ယူခြင်းမှ စဉ်းစားတွေးခေါ်မှုကို အားပေး၍ သင်ယူပြီးရင်း သင်ယူနိုင်ရန်၊ နက်နက်နဲနဲ သင်ယူနိုင်ရန်နှင့် တစ်သက်တာ သင်ယူလေ့ကျင့်နိုင်ရန်အတွက် ကူးပြောင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပညာရေးကောလိပ်များကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ပညာရေး ဒီဂရီကောလိပ်များအဖြစ် အဆင့်မြှင့်တင်သွားမည် ဖြစ်ပြီး လှိုင်ကော်တက္ကသိုလ်၊ ဘားအံတက္ကသိုလ်နှင့် ဟားခါးကောလိပ်များတွင် ဥပဒေပညာ ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများကို ဒေသ အကျိုး၊ နိုင်ငံအကျိုး ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်မည့် ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိသော ဘွဲ့ရလူငယ် မောင်မယ်များဖြစ်စေရန် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ဆွေးနွေးညှိနှိုင်း

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အမှာစကားပြောကြားပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက မိမိတို့၏ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အလိုက် ဆောင်ရွက်နေမှုများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက တင်ပြချက်များအပေါ် ဆွေးနွေးညှိနှိုင်းပေးကြသည်။

**သတင်းစဉ်**




# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ် တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ ဇန်နဝါရီ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ယနေ့ည ၆ နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းပြီး တိုက်ပွဲရှောင် ဒေသခံပြည်သူများအတွက် အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းလျက်ရှိပါကြောင်း၊ စနစ်တကျ ပြန်လည်နေရာချထားခြင်းမပြုနိုင်သေးမီ လိုအပ်ချက်များစွာရှိသည်ကို နားလည်သိရှိပါကြောင်း၊ ရိက္ခာများ၊ ငွေကြေးနှင့်အတူ ထောက်ပံ့ပစ္စည်းများကို တိုက်ပွဲရှောင် ရခိုင်တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများထံ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် ရခိုင်တိုင်းရင်းသားများနှင့် ဒေသခံများ၏ ဒုက္ခခံစားရမှုများ၊ စိုးရိမ်ပူပန်များကို မေတ္တာတရားကိုအခြေခံပြီး ကြိုးစားဖြည့်ဆည်းဆောင်ရွက်နေပါကြောင်း၊ အပြန်အလှန် ပွင့်လင်းမြင်သာမှုဖြင့် ယုံကြည်မှုရှိရှိ လက်တွဲဆောင်ရွက်ကာ နိုင်ငံတော်နှင့် တိုင်းရင်းသားများ၊ ဒေသခံပြည်သူများ ရေရှည်ကောင်းကျိုးရရှိရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဘေးဒုက္ခခံစားနေရသော တိုက်ပွဲရှောင် ရခိုင်တိုင်းရင်းသားများနှင့် ဒေသခံပြည်သူ အိမ်ထောင်စု ၉၇၀၊ လူဦးရေ ၄၄၇၀ အတွက် ဆန်ရိက္ခာ တစ်လစာ ငွေကျပ် သိန်း ၄၀၀ ကျော်နှင့် မြက်ဖျာနှင့် စောင် တန်ဖိုးငွေကျပ် ၉၉ သိန်းကျော်တို့ကို ထောက်ပံ့ပေးအပ်ရာ တိုက်ပွဲရှောင်မိသားစုများ၊ ကိုယ်စားလှယ်များက လက်ခံပြီး **(ယာပုံ)** တိုက်ပွဲရှောင်ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်၊ ကျောက်တော်၊ ရသေ့တောင်မြို့နယ်များရှိ တိုက်ပွဲရှောင်ပြည်သူများအား စားနပ်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများအတွက် ငွေကျပ်သိန်း ၂၀၀ ကျော်ကို ကနဦးထောက်ပံ့ပေးခဲ့ပြီး ယခု ငွေကျပ်သိန်း ၅၀၀ ကျော်ဖိုး ထောက်ပံ့ပေးအပ်ခဲ့ရာ စုစုပေါင်း ငွေကျပ် သိန်း ၇၀၀ ကျော်ဖိုး ထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးအနည်းငယ်ရွာနိုင်သည်။

**မိုး/ဇလ**

# အသံညစ်ညမ်းမှု ဘယ်လိုထိန်းချုပ်ကြမလဲ

**မေယု-မျိုးအောင် (MNA)**

**အမေရိကန်ပြည်ထောင်စု ဝါရှင်တန်တွင် မွေးဖွားခဲ့သော ဖိလစ်အကယ်ဒမီကျောင်းဆင်း Edward W.Kellogg နှင့် မက်ဆာချူးဆက်ပြည်နယ်၌ မွေးဖွားခဲ့သော အယ်လ်ဘာနီအကယ်ဒမီနှင့် ဟားဗတ်ကောလိပ်ကျောင်းဆင်း လျှပ်စစ်အင်ဂျင်နီယာ Chester Williams Rice တို့နှစ်ဦးက ၁၉၂၅ ခုနှစ်တွင် အသံချဲ့စက်ကို စတင်တီထွင်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင်လည်း ကိုလိုနီလက်အောက်ကတည်းက အသံချဲ့စက်များကို အသုံးပြုခဲ့ကြသည်ဖြစ်ရာ အင်္ဂလိပ်တို့က အသံချဲ့စက်ဥပဒေပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရပေသည်။**

၁၉၄၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သော "ရဲအက်ဥပဒေပုဒ်မ ၃၉" တွင် 'တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါးမည်သူမဆို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပေးသည့် ခွင့်ပြုမိန့်မရှိဘဲ သို့မဟုတ် အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ မဟုတ်လျှင် အသံချဲ့စက်မသုံးရ သို့မဟုတ် မဖွင့်ရ သို့မဟုတ် အသုံးပြုရန်ဖွင့်ရန်မပြုရ' ဟု ပြဋ္ဌာန်းထားပြီး ယင်းဥပဒေ ပုဒ်မ ၄၁ (က) ၌လည်း အလားတူ ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။



**အသံဆူညံမှုကြောင့် သေဆုံးမှု**

လန်ဒန်မှ သုတေသီဆရာဝန်အဖွဲ့တစ်ဖွဲ့၏ လေ့လာချက်အရ ကားသံများ ဆူညံနေသော ဝန်းကျင်တစ်ခုတွင် နေထိုင်ရခြင်းကြောင့် မျှော်လင့်ထားသည့် လူ့သက်တမ်းပိုတိုနိုင်ပြီး လေဖြတ်နိုင်သော အန္တရာယ်ပိုများကြောင်း လန်ဒန်မြို့တစ်ဝန်းဆေးရုံတင် ကုသရမှုများနှင့် ဆူညံမှုအဆင့်၊ သေဆုံးခြင်းမှတ်တမ်းများအပေါ် နှိုင်းယှဉ်ချက်စစ်တမ်းတွင် ဖော်ပြခဲ့ကြသည်။ ဆူညံမှုပမာဏ ၅၅ ဒက်စီဘယ် သို့မဟုတ် ယင်းထက်လျော့နည်းသည့် ပိုမိုတိတ်ဆိတ်ငြိမ်သက်သော ဒေသများတွင် နေထိုင်သူများထက် ဆူညံမှုပမာဏ ၆၀ ဒက်စီဘယ်ထက်ပိုသော ဆူညံသံများရှိရာ နေရာများတွင် နေထိုင်သူများက သေဆုံးမှု ၄ ရာခိုင်နှုန်း ပိုများကြောင်း ဆိုထားသည်။

အသံကို ဒက်စီဘယ် (Decibels-dB) ဖြင့် တိုင်းတာကြရာ ပုံမှန်စကားပြောသံသည် ဒက်စီဘယ် ၅၅ ဝန်းကျင်ရှိပြီး အသံချဲ့စက်မှအသံသည် ဒက်စီဘယ် ၁၀၀ နှင့် အထက်တွင်ရှိသည်။ ၇၅ ဒက်စီဘယ်ထက်များသော အသံကို အမြဲကြားနေရပါက အကြားအာရုံချို့ယွင်းနိုင်သဖြင့် အိမ်ခန်းတွင်းမှ အသံသည် ၃၀ ဒက်စီဘယ်ထက် နည်းသင့်ကြောင်း၊ အသံဆူညံမှုပမာဏ ၅၅ ဒက်စီဘယ်ထက်ပိုသော နေရာများတွင် နေထိုင်ခြင်းမှာ ကျန်းမာရေးအတွက် ပြဿနာများ ဖြစ်စေနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က အကြံပြုထားရာ ဒက်စီဘယ်ကိန်းဂဏန်းများလာလေ လူတို့၏နားကို ဒုက္ခပေးနိုင်လေဖြစ်သည်။

ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့ပြီး ပထမအကြိမ်ပြင်ဆင်သည့် ဥပဒေကို ၂၀၁၂ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်မြောက် ပြင်ဆင်သည့် ဥပဒေကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင်လည်းကောင်း၊ တတိယအကြိမ်မြောက် ပြင်ဆင်သည့် ဥပဒေကို ၂၀၁၆ ခုနှစ်တွင် "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် အောက်ပါလုပ်ငန်းတာဝန်များကို ဥပဒေ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်" ဟု ပါရှိပြီး ပုဒ်မခွဲ (ဈ) တွင် 'အသံချဲ့စက်ဖွင့်ခွင့် တောင်းခံခြင်းကို စည်းကမ်းချက်သတ်မှတ်၍ ခွင့်ပြုခြင်း၊ ခွင့်ပြုချက်မရှိဘဲ အသံချဲ့စက်ဖွင့်သူ သို့မဟုတ် စည်းကမ်းဖောက်ဖျက်သူအား အရေးယူခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း' ဟု ပြဋ္ဌာန်းပါရှိသည်။

**အသံချဲ့စက်ဥပဒေ**

အသံချဲ့စက်ဖွင့်ခြင်းနှင့် စပ်လျဉ်း၍ (၁) အသံချဲ့စက်ဖွင့်မည့် သက်ဆိုင်ရာ ကာယကံရှင်ကဖြစ်စေ၊ အဖွဲ့အစည်းကဖြစ်စေ၊ အသံချဲ့စက်ငှားရမ်းသူပိုင်ရှင်ကဖြစ်စေ၊ အကျိုးအကြောင်းနှင့် အသံချဲ့စက်ဖွင့်လိုသည့် ရက်နှင့်အချိန်ကို ဖော်ပြ၍ အနည်းဆုံးသုံးရက် ကြိုတင်လျှောက်ထားချက်ကို လက်ခံခြင်း၊ (၂) နည်းဥပဒေခွဲငယ် (၁)အရ လျှောက်ထားချက်ကို ရရှိပါက လိုအပ်သလို စိစစ်၍ (ကက) သာမန်အားဖြင့် နံနက် ၆ နာရီမှ ည ၉ နာရီအထိသာ ခွင့်ပြုခြင်း၊ (ခခ)အများပြည်သူအား အနှောင့်အယှက်မဖြစ်စေရေးအတွက် ခွင့်ပြုသည့် ဥပစာအတွင်း အများပြည်သူကြားသိနိုင်ရုံမျှသာ ဖွင့်ခွင့်ပြုခြင်း၊ (ဂဂ) ခွင့်ပြုသည့်ကိစ္စမှတစ်ပါး အခြားကိစ္စများအတွက် အသုံးမပြုရန် ကြီးကြပ်ခြင်း၊ (ဃဃ) တာဝန်ရှိသူက လိုအပ်၍ ခွင့်ပြုချက်ရုပ်သိမ်းခြင်းကို လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊ (၃) လိုအပ်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့၏ သဘောထားမှတ်ချက်ကို ရယူခြင်း၊ (၄) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက အသံချဲ့စက်ဖွင့်ရန် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်စေခြင်း ဟူ၍ ပြဋ္ဌာန်းထားသည်။

ဥပဒေပုဒ်မ ၁၈ တွင် 'ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အသံချဲ့စက်ဖွင့်လိုပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ ခွင့်ပြုမိန့် ရယူရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်' ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ ၂၇ တွင် -ပုဒ်မ ၁၇၊ ၁၈ နှင့် ၁၉ ပါ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ် ကျခံစေရန် သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်' ဟု ပြဋ္ဌာန်းဖော်ပြထားပါသည်။

ဆူညံသံပမာဏ မြင့်မားခြင်းသည် ကျန်းမာရေးအန္တရာယ်ကို ဆိုးဆိုးရွားရွား မဖြစ်ပေါ်စေနိုင်သော်လည်း သက်ကြီးရွယ်အိုများ၊ ငယ်ရွယ်နုနယ်သည့်ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကျောင်းသား ကျောင်းသူများအတွက်မူ သိသာသည့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်စေသဖြင့် နိုင်ငံအချို့တွင် ဆူညံသံကို ဥပဒေဖြင့် ထိန်းချုပ်လေ့ရှိသည်ဟု သိရသည်။

**ပျက်ကွက်မှုများရှိနေဆဲ**

အများပြည်သူတို့အကြား တွင်တွင်ကျယ်ကျယ် ပြောဆိုနေကြသည့် ကိစ္စတစ်ရပ်မှာ ရပ်ကွက်ကျေးရွာများအတွင်း ကျယ်လောင်စွာဖွင့်နေကြသည့် အသံချဲ့စက်များနှင့် ဆောင်းဘောက်များ၏ ဆူညံသံကိစ္စဖြစ်သည်။ ထီကြော်ငြာ၊ ဆေးကြော်ငြာ၊ ရေသန့်တွန်းလှည်း၊ သစ်သီး၊ အချဉ်တွန်းလှည်း အစရှိသော လှည့်လည်ရောင်းချမှုများတွင် လော်စပီကာ အသံများဖြင့် မရပ်မနား ကြော်ငြာရောင်းချနေမှုများကြောင့် အများပြည်သူတို့အနေဖြင့် ဆူညံသံများကို နေ့စဉ်နှင့်အမျှ ခံစားနေရသည်။ ပွဲလင်းရာသီတွင် ပေါ်လာသည့် မဏ္ဍပ်အသီးသီးမှလည်း အသံချဲ့စက်နှင့် ဆောင်းဘောက်များကို ကျယ်လောင်စွာဖွင့်နေကြသဖြင့် အနီးပတ်ဝန်းကျင်ရှိ လူအများတို့မှာ နှစ်ထပ်ကွမ်း နားမခံသာ ဖြစ်ကြရသည်။

ဥပဒေကို မည်သူမျှ လိုက်နာခြင်းမရှိကြသည့်အပြင် သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးအများစုကလည်း ယင်းအချက်ကို အကောင်အထည်ဖော်ရန် ပျက်ကွက်မှုများ ရှိနေဆဲဖြစ်သည်။

အခမ်းအနား၊ ပျော်ပွဲရွှင်ပွဲများ၌ အသံချဲ့စက်ကို အသုံးပြုပါက သတ်မှတ်ထားသော ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာရုံမျှမက သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများနှင့် မွေးကင်းစကလေးငယ်များ ကျန်းမာရေးကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်သည်။ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေသော ဆူညံသံများဖြစ်ပေါ်စေပါက အသံချဲ့စက်ဖွင့်ခြင်းသည် ဥပဒေအရ အရေးယူနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

> **"အသံကို ဒက်စီဘယ် (Decibels-dB) ဖြင့် တိုင်းတာကြရာ ပုံမှန်စကားပြောသံသည် ဒက်စီဘယ် ၅၅ ဝန်းကျင်ရှိပြီး အသံချဲ့စက်မှအသံသည် ဒက်စီဘယ် ၁၀၀ နှင့်အထက်တွင် ရှိသည်။ ၇၅ ဒက်စီဘယ်ထက်များသော အသံကို အမြဲကြားနေရပါက အကြားအာရုံချို့ယွင်းနိုင်သဖြင့် အိမ်ခန်းတွင်းမှ အသံသည် ၃၀ ဒက်စီဘယ်ထက် နည်းသင့်ကြောင်း၊ အသံဆူညံမှုပမာဏ ၅၅ ဒက်စီဘယ်ထက်ပိုသော နေရာများတွင် နေထိုင်ခြင်းမှာ ကျန်းမာရေးအတွက် ပြဿနာများဖြစ်စေနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က အကြံပြုထားရာ ဒက်စီဘယ်ကိန်းဂဏန်းများလာလေ လူတို့၏နားကို ဒုက္ခပေးနိုင်"**

# အထက(ပူတာအို) ပညာရေးစုံညီပွဲတော်ကျင်းပ

**ပူတာအို ဇန်နဝါရီ ၁၁**

ကချင်ပြည်နယ် ပူတာအိုမြို့ အခြေခံပညာ အထက်တန်းကျောင်း (ပူတာအို)၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက ပူတာအိုမြို့ အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက (ပူတာအို) ကျောင်းသား ကျောင်းသူများက "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး **(အောက်ပုံ)** မြို့နယ်အုပ်ချုပ်ရေးမှူး ကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလလောန်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးထီခင်တန်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကာယဉာဏ အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




# လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသည့် ကျေးရွာများအား ကွင်းဆင်းစစ်ဆေးပြီး ဆေးကုသမှုများ ဆောင်ရွက်

**မိုင်းရယ် ဇန်နဝါရီ ၁၁**

မိုင်းရယ်မြို့နယ် ဟိုတိကျေးရွာနှင့် မန်ကျောင်းပန်ရှင်ကျေးရွာအုပ်စုများတွင် ဇန်နဝါရီ ၇ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ လူနေအိမ် ၁၉ လုံးတို့ကို ယမန်နေ့က မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါကျေးရွာများရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို နယ်မြေခံတပ်ရင်းမှ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မိုင်းရယ် (ပြန်/ဆက်)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၂ ဒီဂရီစင်တီဂရိတ်၊ ရမ်ကလောင်းတွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့နှင့် တီးတိန်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

❒ ၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများအနေဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးမှ ရရှိသည့်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံရှိပြီး ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ တစ်ထရီလီယံအထိ တိုးမြင့်လာမည်ဟု ခန့်မှန်းထား

❒ အလားတူ ၂၀၁၆ ခုနှစ် တစ်ကမ္ဘာလုံး၏ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းမှရရှိသည့် ဝင်ငွေသည် တစ်ကမ္ဘာလုံး ဂျီဒီပီ၏ ၁၅ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၂၅ ရာခိုင်နှုန်းအထိ တိုးမြင့်လာမည်ဟု ခန့်မှန်းထားကြောင်း သိရှိရ

❒ ကမ္ဘာပေါ်တွင် ဒစ်ဂျစ်တယ်စီးပွားရေး တိုးတက်မှုနှုန်းသည် အခြားစီးပွားရေးကဏ္ဍများ၏ တိုးတက်မှုထက် ၂ ဒသမ ၅ ဆ ပိုမြင့်ပြီး ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းက အခြားစီးပွားရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်းထက် ၆ ဒသမ ၇ ဆ အကျိုးအမြတ်ပိုမိုရရှိသည်ဟု စစ်တမ်းများအရ လေ့လာသိရှိရ

❖ *ကျောဖုံးမှ*

၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများအနေဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးမှ ရရှိသည့်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံရှိပြီး ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ တစ်ထရီလီယံအထိ တိုးမြင့်လာမည်ဟု ခန့်မှန်းထားပါကြောင်း၊ အလားတူ ၂၀၁၆ ခုနှစ် တစ်ကမ္ဘာလုံး၏ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းမှရရှိသည့် ဝင်ငွေသည် တစ်ကမ္ဘာလုံး ဂျီဒီပီ၏ ၁၅ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၂၅ ရာခိုင်နှုန်းအထိ တိုးမြင့်လာမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါကြောင်း၊ ကမ္ဘာပေါ်တွင် ဒစ်ဂျစ်တယ်စီးပွားရေး တိုးတက်မှုနှုန်းသည် အခြားစီးပွားရေးကဏ္ဍများ၏ တိုးတက်မှုထက် ၂ ဒသမ ၅ ဆ ပိုမြင့်ပြီး ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းက အခြားစီးပွားရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်းထက် ၆ ဒသမ ၇ ဆ အကျိုးအမြတ် ပိုမိုရရှိသည်ဟု စစ်တမ်းများအရ လေ့လာသိရှိရပါကြောင်း။

**စဉ်ဆက်မပြတ်လိုက်ပါနိုင်ရန်ကြိုးပမ်း**

ထို့ပြင် ဒစ်ဂျစ်တယ်နည်းပညာတိုးတက်မှုကြောင့် နောင်လာမည့် ဆယ်စုနှစ် လူသားမျိုးနွယ်အတွင်း ပြောင်းလဲတိုးတက်မှုများသည် ကမ္ဘာ့သမိုင်းတစ်လျှောက် ပြောင်းလဲမှုများအနက် အလျင်မြန်ဆုံးပြောင်းလဲမှုများ ဖြစ်လာလိမ့်မည်ဟု ပညာရှင်များက ခန့်မှန်းထားပါကြောင်း၊ အဆိုပါ တိုးတက်ပြောင်းလဲမှုလှိုင်းများတွင် မိမိတို့နိုင်ငံအနေဖြင့် နောက်ကျမကျန်ရစ်စေရန်နှင့် စဉ်ဆက်မပြတ် လိုက်ပါနိုင်ရန် ကြိုးပမ်းအားထုတ်ရန် လိုပါကြောင်း။

ဒစ်ဂျစ်တယ်စီးပွားရေးသည် ကဏ္ဍတိုင်းတွင် တိုးတက်မှုရှိအောင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဆန်းသစ်ပြောင်းလဲခြင်းဖြစ်ပါကြောင်း၊ Digital Economy (ဒစ်ဂျစ်တယ်စီးပွားရေး) ကို တချို့က Digital Trade ၊ e-Commerce ဟုလည်း ပြောဆိုကြပါကြောင်း၊ ထို့ပြင် Digital Economy တွင် e- Government ၊ e-Community တို့လည်း ပါဝင်မည်ဖြစ်ပြီး အရေးကြီးသည့်ကဏ္ဍတစ်ခုမှာ စတုတ္ထမြောက် စက်မှုတော်လှန်ရေး(4th Industrial Revolution) ဖြစ်ပါကြောင်း။

**အကောင်းဆုံးအခွင့်အရေးတစ်ခုဖြစ်**

မိမိတို့နိုင်ငံတွင် မိုဘိုင်းဖုန်းသုံးစွဲသူအားလုံး၏ ၈၀ ရာခိုင်နှုန်းအထက်သည် Smart Phone များ သုံးစွဲနေခြင်းဖြစ်ပြီး အဆိုပါရာခိုင်နှုန်းသည် အရှေ့တောင်အာရှနှင့် အိမ်နီးချင်းနိုင်ငံများအကြား မြင့်မားသည့်နှုန်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းအချက်သည် မိမိတို့နိုင်ငံ၏ ဒစ်ဂျစ်တယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ခုန်ပျံကျော်လွှား (Leapfrog) လုပ်နိုင်ရန် အကောင်းဆုံး အခွင့်အရေးတစ်ခု၊ အားသာချက်တစ်ခု ဖြစ်ပါကြောင်း၊ ယင်းအားသာချက်အပေါ် မူတည်ပြီး စတုတ္ထမြောက်စက်မှုတော်လှန်ရေး အသွင်ကူးပြောင်းမှုကို လိုက်ပါဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် စက်မှုအသွင်ကူးပြောင်းမှုတိုင်းတွင် ပြည်သူများအတွက် လိုအပ်သည့် ကျွမ်းကျင်မှုနှင့် နည်းပညာအသစ်များ ရရှိနိုင်ရန် ဒစ်ဂျစ်တယ်နည်းပညာနှင့် အပြန်အလှန် ချိတ်ဆက်ထားသည့် လူ့အဖွဲ့အစည်းတစ်ခုဖြစ်အောင် ဖန်တီးပေးရန် လိုအပ်ပါကြောင်း၊ သို့မှသာ မြို့ပြနှင့်ကျေးလက်နေ ပြည်သူများမှ လူမှုကွန်ရက်နှင့် ဖျော်ဖြေရေးအဆင့်များထက် ကျော်လွန်ပြီး ပိုမိုအကျိုးရှိသည့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုဆိုင်ရာ အီလက်ထရွန်နစ် ကုန်သွယ်ရေး၊ အီလက်ထရွန်နစ်ကျန်းမာရေး၊ အွန်လိုင်းပညာရေးနှင့် အခြားသော ဝန်ဆောင်မှုများကိုပါ လက်လှမ်းမီနိုင်လာမည် ဖြစ်ပါကြောင်း။

**တိုင်းပြည်၏ဝင်ငွေရရှိအောင်ကြိုးပမ်း**

ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး ဒစ်ဂျစ်တယ်စီးပွားရေးထူထောင်ကာ တိုင်းပြည်၏ ဝင်ငွေရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အလားတူ နိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး၊ ခရီးသွားလုပ်ငန်းများနှင့် SME စက်မှုလက်မှုလုပ်ငန်းများကို နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြန်လည်မြှင့်တင်ပေးသွားရမည်ဖြစ်ပါကြောင်း။

**အားပေးဆောင်ရွက်ရန်လိုအပ်**

အထူးသဖြင့် e-Commerce၊ Digital Payment၊ Digital Market များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်အောင် အားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အစိုးရဌာနများ၏ ပြည်သူ့ဝန်ဆောင်မှုများ၊ ငွေပေးချေမှုများကို ဒစ်ဂျစ်တယ်ကွန်ရက်ပေါ်မှ အသုံးပြုနိုင်အောင် အားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍ ဖြစ်ထွန်းလာအောင် နည်းပညာနှင့်ဆိုင်သည့် လုပ်ငန်းသစ်များ ပေါ်ထွက်လာရန် တီထွင်ဖန်တီးနိုင်မှုနှင့် စွန့်ဦးတီထွင်နိုင်မှုစွမ်းရည်ရှိသည့် စီးပွားရေးဂေဟစနစ် (Innovation & Entrepreneurship Ecosystem) ရှင်သန်ရန် လိုအပ်ပါကြောင်း။

ထို့ပြင် ကဏ္ဍတိုင်း ဒစ်ဂျစ်တယ်စနစ် အသွင်ကူးပြောင်းနိုင်ရန် (Digital Transformation) လိုအပ်ပါကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးဂေဟစနစ် (Digital Economy Ecosystem) ရှင်သန်လာအောင် နိုင်ငံတကာနည်းပညာကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံလာစေရန်၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမည့် ငွေကြေးအရင်းအမြစ်များ ဝင်ရောက်လာစေရန်နှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် စီးပွားရေးပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**ရေရှည်အတွက်မြော်တွေးပြီးဆောင်ရွက်**

ဒစ်ဂျစ်တယ်စီပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော်ရာတွင် တစ်ဖက်ကိုပြန်ကြည့်ပါက သမားရိုးကျရောင်းဝယ်ပြုလုပ်နေသည့် လုပ်ငန်းများဆုံးရှုံးခြင်း၊ သတင်းအချက်အလက်နည်းပညာနှင့် အကျွမ်းတဝင်မရှိသည့်လုပ်သားများ အလုပ်လက်မဲ့ဖြစ်လာနိုင်ခြင်း စသည့် Digital Disruption ကြောင့် ဖြစ်လာနိုင်သည့် သက်ရောက်မှုများကို မျှော်မှန်းပြီး မိမိနိုင်ငံနှင့် အသင့်လျော်ဆုံးဖြစ်စေမည့် အစီအမံများကို ရေရှည်အတွက် မြော်တွေးပြီး စဉ်းစားဆောင်ရွက်ထားရန်လည်း လိုအပ်ပါကြောင်း၊ ယင်းစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် လူငယ်များကို တီထွင်ကြံဆနိုင်မှု အတွေးအခေါ်များ ရှင်သန်လာအောင် ဖန်တီးပေးသွားရမည်ဖြစ်ပါကြောင်း၊ စွန့်ဦးတီထွင်မှုနှင့် ပတ်သက်ပြီး ကူးသန်းရောင်းဝယ်မှု၊ စက်မှု၊ ကုန်သွယ်မှုတို့သာမက ကဏ္ဍမျိုးစုံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လေ့ကျင့်ပျိုးထောင်ပေးကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတရုံး၏ ၂၃-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၄/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည့် e-Government ဦးဆောင်ကော်မတီ၊ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီတို့နှင့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီတို့ ချိတ်ဆက်ပြီး လုပ်ငန်းများထိရောက်အောင် ဆောင်ရွက်နိုင်ရန်နှင့် ကော်မတီများ၏ လုပ်ငန်းစဉ်များအကြား Overlap မဖြစ်စေရန်၊ ပုဂ္ဂလိကကဏ္ဍနှင့် ပိုမိုချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ရန် ကော်မတီအနေဖြင့် လိုအပ်သည့်အဖွဲ့ဝင်များကို ထပ်မံဖြည့်စွက် ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

**အင်တာနက်အသုံးပြုနိုင်ရန်ဆောင်ရွက်လျက်ရှိ**

ထို့ပြင် ပုဂ္ဂလိကပညာရှင်ကဏ္ဍအပိုင်းကလည်း အစိုးရဝန်ထမ်းများ၊ နည်းပညာတက္ကသိုလ်မှ ကျောင်းသားများအတွက် Capacity Development ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ရန်ကုန်မြို့ရှိ နည်းပညာတက္ကသိုလ်များနှင့် ဆေးရုံများတွင် မြန်နှုန်းမြင့်ဖိုက်ဘာကွန်ရက် ချိတ်ဆက်ခြင်းနှင့် စာသင်ကျောင်းများတွင် အင်တာနက်အသုံးပြုနိုင်ရန် နိုင်ငံတကာနည်းပညာကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် Innovation Center များ ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒစ်ဂျစ်တယ်မြန်မာ အစီရင်ခံစာကို တရားဝင်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း။

ယနေ့ အစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်၏ အားသာချက်များ၊ လိုအပ်ချက်များနှင့် စိန်ခေါ်မှုများ၊ လက်ရှိဆောင်ရွက်နေမှုများအပေါ် ချိန်ဆပြီး မိမိနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီစေမည့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လမ်းပြမြေပုံ (မူကြမ်း)ကို အတည်ပြုနိုင်ရန် ဖြစ်ပါကြောင်း၊ ယင်းလမ်းပြမြေပုံသည်လည်း



ဦးစိုးဝင်း ပြည်ထောင်စုဝန်ကြီး

အမြဲတမ်း ဆက်လက်ပြင်ဆင်မွမ်းမံသွားနိုင်မည့် Living Document တစ်ခုဖြစ်ပါကြောင်း။

**အခက်အခဲများဝိုင်းဝန်းဆွေးနွေးတင်ပြ**

ကော်မတီ၏ လမ်းပြမြေပုံတွင် မဟာဗျူဟာ အခြေခံမူဘောင် (Strategy Framework) ၆ ရပ်၊ ဆောင်ရွက်သွားမည့် ဦးစားပေးနယ်ပယ် ၉ ခု၊ မဟာဗျူဟာအလိုက် ရေတိုရေရှည်ဆောင်ရွက်သွားမည့် လက်တွေ့လုပ်ငန်းစဉ်များ (Action Plans) ပါဝင်မည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက မိမိနှင့်သက်ဆိုင်သည့် ကဏ္ဍအလိုက် Focal Ministry အဖြစ် ပုဂ္ဂလိကပညာရှင်များနှင့် ပူးပေါင်းပြီး လမ်းပြမြေပုံပါ ကာလတို၊ ကာလရှည် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သွားရမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသည့် ကော်မတီဝင်များအနေဖြင့် ကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ကြုံတွေ့လာနိုင်သည့် အခက်အခဲများ၊ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေး တင်ပြပေးစေလိုပါကြောင်း။

**အပြည့်အဝပူးပေါင်းဆောင်ရွက်ကြရမည်**

ဒစ်ဂျစ်တယ်စီးပွားရေးနှင့် နိုင်ငံ၏စီးပွားရေးကို အကျိုးပြုရန်အတွက် လမ်းပြမြေပုံအတိုင်း ရည်မှန်းထားသည့်ကာလတွင် ရည်မှန်းထားသည့် ရလဒ်များ ပေါ်ထွက်လာအောင် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကော်မတီအနေဖြင့် တက်ကြွသည့် ဦးဆောင်မှုအခန်းကဏ္ဍကနေပြီး သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့်အတူ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်များကို မိမိတိုင်းပြည်၊ မိမိလူမျိုးအတွက် တိုးတက်စေချင်သည့် ဆန္ဒ၊ ဝီရိယ၊ ကြိုးစားမှုများနှင့် ပေါင်းစပ်ပြီး ဆောင်ရွက်ပါက မိမိတို့နိုင်ငံကြီး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက မိမိတို့နိုင်ငံအနေဖြင့် Master Plan on ASEAN Connectivity 2025 ပြည့်မီစေရန် နေ့စဉ် လူနေမှုဘဝတွင် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုရန်၊ စီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်နည်းပညာကို ထိရောက်စွာအသုံးပြုရန်၊ Digital Ecosystem ဖြစ်ထွန်းစေရန်၊ Digital Government ၊ ဒစ်ဂျစ်တယ်ပညာရေးစနစ်၊ ဒစ်ဂျစ်တယ်ဘဏ္ဍာရေးစနစ်များ ဖြစ်ထွန်းစေရန်နှင့် ဒစ်ဂျစ်တယ်စနစ်ကို နိုင်ငံသူ နိုင်ငံသားများ တွင်ကျယ်စွာအသုံးပြုနိုင်ရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ကာလတိုအနေဖြင့် ဦးစားပေးဆောင်ရွက်သွားရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ကော်မတီဝင် ဦးမြမိုးအောင်က ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု လမ်းပြမြေပုံနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပုဂ္ဂလိကပညာရှင်များက ဆိုက်ဘာလုံခြုံရေး၊ အခြေခံပညာကျောင်း သင်ရိုးညွှန်းတမ်းများတွင် ဒစ်ဂျစ်တယ်အသိပညာများ ထည့်သွင်းသင်ကြားရေး၊ နိုင်ငံတကာနှင့် e-Commerce လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှု၊ Myanmar e-Trade နှင့်ပတ်သက်၍ ဆောင်ရွက်ထားမှု၊ ခေတ်မီ ICT နည်းပညာများဖြင့် အခွန်ထမ်းပြည်သူများအား ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်မှု၊ ဝေးလံသောဒေသများရှိ စာသင်ကျောင်းများတွင် အင်တာနက် အသုံးပြုနိုင်ရေးဆောင်ရွက်မှုနှင့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး တင်ပြကြသည်။

**ဆိုက်ဘာလုံခြုံရေး မူဝါဒများချမှတ်ရန်လိုအပ်**

တင်ပြချက်များကို သုံးသပ်ဆွေးနွေးရာတွင် ဒုတိယသမ္မတက Data Center များ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်မီရေးကော်မတီ အစည်းအဝေးတွင် မိမိဆွေးနွေးခဲ့ဖူးပါကြောင်း၊ Data Center များ တည်ထောင်ခြင်းအား အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားရန် လိုအပ်ပါကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအဆောက်အအုံများ တည်ဆောက်ရန် လိုအပ်သကဲ့သို့ တစ်ဖက်မှာလည်း ဆိုက်ဘာလုံခြုံရေးသည် အရေးကြီးသဖြင့် ဟန်ချက်ညီအောင် ထိန်းညှိဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဆိုက်ဘာလုံခြုံရေးနှင့်ပတ်သက်ပြီး လက်ရှိဆောင်ရွက်ထားမှု အခြေအနေကို လုံလောက်မှု ရှိ၊ မရှိ ပြန်လည်သုံးသပ် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆိုက်ဘာလုံခြုံရေးနှင့် ပတ်သက်၍ မူဝါဒများချမှတ်ရန် လိုအပ်ပါက မြန်မြန်ချမှတ်နိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် တင်ပြဆွေးနွေးသည့်အချက်များကို မြန်မာ ဒစ်ဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံတွင် ဖြည့်စွက်ထည့်သွင်းသွားရန်နှင့် လုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဌာန၊ အဖွဲ့အစည်းများကိုလည်း သတ်သတ်မှတ်မှတ် တာဝန်ပေးဖွဲ့စည်းဆောင်ရွက်သွားရန် မှာကြားသည်။

**သတင်းစဉ်**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေ့ကလေးထိန်းကျောင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး ဒေါ်ခိုင်နွယ်ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဖွင့်လှစ်သည့် နေ့ကလေးထိန်းကျောင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်ဇနီး ဒေါ်ခင်ညွန့်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် ဇနီးဒေါ်မိုးစန္ဒာမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစမ်းစမ်းအေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် ဒေါက်တာစမ်းစမ်းအေးတို့က နေ့ကလေးထိန်းကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများကို နေ့ကလေးထိန်းကျောင်းမှ ကလေးငယ်များက ကဗျာများ၊ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကပြကြပြီး (ဝဲပုံ) ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီးနှင့် တာဝန်ရှိသူများက နေ့ကလေးထိန်းကျောင်းရှိ ကလေးငယ်များအား ကစားစရာအရုပ်များ ပေးအပ်ကာ ကလေးငယ်များအား နေ့လယ်စာကျွေးမွေးရန် ပြင်ဆင်ထားရှိမှု၊ နေ့ကလေးထိန်းကျောင်းအတွင်း ကလေးငယ်များအတွက် ကစားစရာများနှင့် အသုံးအဆောင် ပစ္စည်းများထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

**ကြည့်ရှုစောင့်ရှောက်ပေး**

အဆိုပါ နေ့ကလေးထိန်းကျောင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းမိသားစုများ၏ ကလေးများကို ကြည့်ရှုစောင့်ရှောက်ပေးလျက်ရှိပြီး အသက်တစ်နှစ် ဝန်းကျင် ကလေး ၁၂ ဦး၊ အသက် နှစ်နှစ်ဝန်းကျင် ကလေး ၁၈ ဦး၊ အသက် သုံးနှစ်ဝန်းကျင် ကလေး ၂၀ ဦး၊ အသက် လေးနှစ်ဝန်းကျင် ကလေးငါးဦး စုစုပေါင်း ကလေး ၅၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၄)ကြိမ်မြောက် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

(၁၄)ကြိမ်မြောက် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်က လယ်ယာကဏ္ဍတွင် စီးပွားရေးတွက်ခြေကိုက်ပြီး အထွက်နှုန်းကောင်းမွန်သည့် ဒေသနှင့် ကိုက်ညီဖြစ်ထွန်းမှုရှိသော သီးနှံမျိုးကောင်းမျိုးသန့်များကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေး၊ ပြည်သူလူထု၏ စားနပ်ရိက္ခာဖူလုံရေးတို့ကို တစ်ပြိုင်နက်တည်း ရရှိခံစားရမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်း သီးနှံမျိုးကောင်းမျိုးသစ်များ ရရှိရေးအတွက် မျိုးသစ်ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကို မျိုးစေ့ဥပဒေ၊ အပင်ပိုးမွှားရောဂါကာကွယ်ရေးဥပဒေ စသည့် ဥပဒေများနှင့်အညီ စိစစ်ထိန်းကျောင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ထို့ပြင် ဒုတိယဝန်ကြီးက သီးနှံမျိုးကောင်းမျိုးသစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အပိုင်းမှ ပညာရှင်များ၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ မျိုးစေ့ကုမ္ပဏီများ၊ မျိုးစေ့ထုတ် အဖွဲ့အစည်းများနှင့် လက်တွေ့စိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ချက်များ၊ ပုဂ္ဂလိကအပိုင်းတွင် မျိုးစေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာရေးအတွက် မျိုးစေ့ဆိုင်ရာ အမျိုးသားမူဝါဒကို ပြင်ဆင်ဖြည့်စွက်သင့်သည်များကို စိစစ်ဆောင်ရွက်သွားရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မျိုးစေ့ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မျိုးသစ်များ စမ်းသပ်စိုက်ပျိုးရာတွင် လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ စသည့် အုပ်စုများဖွဲ့စည်း၍ စိစစ်ကြပ်မတ်နိုင်ရေး၊ ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများနှင့် သုံးစွဲသူ တောင်သူလယ်သမားများအကြား ယုံကြည်မှုတည်ဆောက်၍ နှစ်ဦးနှစ်ဖက် အကျိုးရှိအောင်မြင်သည့် အခြေအနေမျိုး ရောက်ရှိအောင် သိရှိနားလည်မှုဆိုင်ရာ အစီအစဉ်များ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်များ၊ ခွင့်ပြုပေးသည့် သီးနှံအမျိုးအစားများ၏ အမည်ဆင်တူယိုးမှားဖြစ်ခြင်း၊ ထုပ်ပိုးပစ္စည်းပေါ်တွင် ဖော်ပြသည့် အချက်များကို သက်ဆိုင်ရာ ထုတ်လုပ်ဖြန့်ဖြူးသူများက တာဝန်ယူဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးသက်ဇင်မောင်က အမျိုးသားကော်မတီ၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ သီးနှံ ၆၂ မျိုး၏ မျိုးကွဲ ၈၀၁ မျိုးနှင့် မိဘမျိုးလိုင်း ၁၀၃ လိုင်း စုစုပေါင်း ၉၀၄ မျိုးတို့ကို အသိအမှတ်ပြုလက်မှတ် ထုတ်ပေးမှုနှင့် အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် သီးနှံမျိုးများကိုတင်ပြရာ အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေး ဆုံးဖြတ်ကြသည်။

(၁၄)ကြိမ်မြောက် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးတွင် မျိုးစေ့ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ၏ သဘောထားမှတ်ချက်များနှင့်အတူ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများက အသိအမှတ်ပြုလက်မှတ် လျှောက်ထားသည့် သီးနှံ ၁၅ မျိုး၏ မျိုးသစ်မျိုးကွဲ ၅၄ မျိုး၊ မိဘမျိုးလိုင်း ငါးလိုင်းတို့နှင့် သက်ဆိုင်သည့် အချက်အလက်များကို စိစစ်ပြီး အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးတို့ကို ဆွေးနွေးကြသည်။ **မောင်မင်းနိုင်**

# မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ကျောက်တော်၊ ဘူးသီးတောင်၊ ရသေ့တောင်နှင့် ပုဏ္ဏားကျွန်း မြို့နယ်များရှိ ကျေးရွာများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ရောက်ရှိနေသော တိုက်ပွဲရှောင် အိမ်ထောင်စု ၄၃၂ စု စုစုပေါင်း လူဦးရေ ၂၁၀၀ ခန့်အတွက် ထောက်ပံ့ပစ္စည်းများ ကူညီထောက်ပံ့ပေးလျက်ရှိသည်။

ဇန်နဝါရီ ၁၀ ရက်အထိ တိုက်ပွဲရှောင်အိမ်ထောင်စုများအတွက် မိသားစုသုံးပစ္စည်းစုံ ၄၃၂ ပုံး၊ တစ်ကိုယ်ရည်ကျန်းမာရေးသုံးပစ္စည်းစုံ ၃၇၇ ပုံး၊ မီးဖိုချောင်သုံးပစ္စည်းစုံ ၅၈ ပုံး၊ တာပေါ်လင် ၅၈ ချပ်နှင့် အခြားလိုအပ်သည်များကို ကူညီထောက်ပံ့ပေးခဲ့ပြီး ဖြစ်သည်။

ကြက်ခြေနီလှုပ်ရှားမှုအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းနှင့် အခြားလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်မြင့်စိုး**



# ရခိုင်ပြည်နယ် တရားမဝင်ကုန်စည်စီးဆင်းမှု ထိန်းချုပ်တားဆီးရေးကော်မတီနှင့် တရားမဝင် ကုန်စည်စီးဆင်းမှု ထိန်းချုပ်တားဆီးအကောင်အထည်ဖော်မှု လုပ်ငန်းအထူးအဖွဲ့ အစည်းအဝေးကျင်းပ

**စစ်တွေ ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ် တရားမဝင်ကုန်စည်စီးဆင်းမှု ထိန်းချုပ်တားဆီးရေးကော်မတီနှင့် တရားမဝင် ကုန်စည်စီးဆင်းမှု ထိန်းချုပ်တားဆီးအကောင်အထည်ဖော်မှု လုပ်ငန်းအထူးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်စည်စီးဆင်းမှု ထိန်းချုပ်တားဆီးရေးကော်မတီနှင့် တရားမဝင်ကုန်စည်စီးဆင်းမှု ထိန်းချုပ်တားဆီး အကောင်အထည်ဖော်မှုလုပ်ငန်းအထူး အဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ပြည်နယ်အတွင်း ကုန်သွယ်မှုလမ်းကြောင်းများမှ တရားမဝင် ကန့်သတ်၊ တားမြစ်ကုန်စည်များနှင့် အကောက်အခွန်မဲ့ကုန်ပစ္စည်းများ နိုင်ငံအတွင်းသို့ တင်သွင်းမှု၊ ပြည်ပသို့ တင်ပို့မှုမရှိစေရေး တားဆီးကာကွယ်ရန်အတွက် တားဆီးကာကွယ်ရေးဂိတ်များတွင် အမြဲတမ်းဂိတ်နှင့်ရှောင်တခင် စစ်ဆေးရေးများထားရှိရန်နှင့် စစ်ဆေးရေးဂိတ်များတွင် လိုအပ်ချက်များကို အစိုးရအဖွဲ့အနေဖြင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် တင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော တရားမဝင် ကုန်စည်စီးဆင်းမှု ထိန်းချုပ်တားဆီးရေး ကော်မတီနှင့် တရားမဝင်ကုန်စည်စီးဆင်းမှု ထိန်းချုပ်တားဆီး အကောင်အထည်ဖော်မှု လုပ်ငန်း အထူးအဖွဲ့ အတွင်းရေးမှူး၊ အကောက်အခွန်ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့ဝင်များက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးက သက်ဆိုင်ရာဌာနအလိုက်ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ တရားမဝင် ကုန်စည်စီးဆင်းမှု ထိန်းချုပ်တားဆီးရေးကော်မတီနှင့် တရားမဝင် ကုန်စည်စီးဆင်းမှု ထိန်းချုပ်တားဆီး အကောင်အထည်ဖော်မှုလုပ်ငန်းအထူး အဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ဘူးသီးတောင်မြို့နယ်တွင် ကျဆုံးသွားခဲ့သည့် တပ်ဖွဲ့ဝင်၏မိသားစုအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ရွှေသောင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး တာဝန်ထမ်းဆောင်စဉ် AA သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကျဆုံးသွားခဲ့သော အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်သား သန့်ဇင်ဟိန်း၏ ကျန်ရစ်သူမိသားစုများနေထိုင်ရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရွာတန်းရှည်ကျေးရွာ နေအိမ်သို့ သွားရောက်တွေ့ဆုံ နှစ်သိမ့်အားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ငွေကျပ် တစ်သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# ကုလားကုတ်ကျွန်းရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်



**ရေး ဇန်နဝါရီ ၁၁**

မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ကုလားကုတ်ကျေးရွာအုပ်စု အောက်ဆိပ်ကျေးရွာတွင် ဇန်နဝါရီ ၈ ရက်က လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းဆောင်သုံးခုအပါအဝင် အိမ်ခြေ ၃၉၂ လုံး ပြိုလဲပျက်စီးဆုံးရှုံးခဲ့ပြီး လေဘေးသင့်အိမ်ထောင်စု ၃၉၂ စု၊ လူဦးရေ ၁၉၂၃ ဦးတို့အား ဇန်နဝါရီ ၉ ရက်က ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမိုးအောင်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းတို့က လေဘေးသင့်ပြည်သူများအား အားပေးနှစ်သိမ့်စကား ပြောကြားခဲ့သည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ကယ်ဆယ်ရေးပစ္စည်းများ (ဝဲပုံ)၊ အိမ်ဆောက်ပစ္စည်းဖိုးငွေ၊ ဆန်ရိက္ခာငွေများ၊ အသက် ၈၅ နှစ်နှင့် အထက် သက်ကြီးရွယ်အိုများ အပါအဝင် မသန်စွမ်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာ စုစုပေါင်းငွေကျပ်သိန်း ၃၅၄၆၆၀၀ ထောက်ပံ့ပေးအပ်ခဲ့ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် လူမှုရေးဝန်ကြီးတို့က ပေးအပ်ခဲ့ကြပြီး ရေးမြို့နယ် ပတ္တမြား တန်းပရဟိတအဖွဲ့မှ ဆန်နှင့်အစားအသောက်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ရာ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၆၇၁၉၈၇၅၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အစားထိုးဖွံ့ဖြိုးမှုစီမံကိန်းဒေသ၌ ပျမ်းမျှတစ်အိမ်လျှင် တစ်နှစ်ဝင်ငွေကျပ် သိန်း ၄၀ ရရှိနိုင်ရေးဆွေးနွေး

**နောင်တရား ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားဒေသအတွင်းရှိ ပေါ့အင်ကျေးရွာအုပ်စု လွယ်မောကျေးရွာအုပ်စု၊ ပင်ခင်ကျေးရွာအုပ်စု၊ မွေးပြင်ကျေးရွာအုပ်စု၌ ဆောင်ရွက်နေသည့် အစားထိုးဖွံ့ဖြိုးမှု ရှေ့ပြေးစီမံကိန်း (Pilot Project)အတွင်းရှိ ကျေးရွာသူ ကျေးရွာသားများ တစ်အိမ်ထောင်စုလျှင် တစ်နှစ်ဝင်ငွေပျမ်းမျှ ငွေကျပ်သိန်း ၄၀ ရရှိရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၈ ရက်က ပင်လောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒေသဦးစီးဥက္ကဋ္ဌက Pilot Project စီမံကိန်းဆောင်ရွက်ရသည့် အခြေခံအကြောင်းအရာ အကျဉ်းချုပ်ကို ပြောကြားသည်။ ဆက်လက်၍ မယ်ဖားလုံ ဖောင်ဒေးရှင်း ဥက္ကဋ္ဌက Pilot Project စီမံကိန်းလုပ်ငန်းများအတွက် ဆွေးနွေးသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းများတွင် ပါဝင်သော နယ်စပ်ရေးရာဝန်ကြီးဌာနမှ လမ်းတံတား၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့များ၊ ပျိုးပင်များ ထောက်ပံ့ထားမှုကိုလည်းကောင်း၊ သမဝါယမဦးစီးဌာနမှ သမအသင်းဖွဲ့စည်းထားမှုနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သင်တန်းဖွင့်လှစ်ထားရှိမှုကိုလည်းကောင်း၊ ပညာရေးဌာနမှပညာရေးကဏ္ဍ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝက်၊ ကြက်၊ နွားများမွေးမြူထားရှိမှုများကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကျေးရွာအုပ်စုလေးခုအတွင်းရှိ ကျေးရွာများ၌ တစ်အိမ်ထောင်စုလျှင် ငွေကျပ်သိန်း၄၀ ရရှိရေးအတွက် မယ်ဖားလုံဖောင်ဒေးရှင်းက စီပီပြောင်းကုမ္ပဏီမှ မျိုးစေ့ထုတ်လုပ်ရေးဌာန တာဝန်ခံက လေးအုပ်စုအတွက် စီပီပြောင်းမျိုးစေ့များကို ငွေချေးဘဏ်ပုံစံဖြင့် ဧက ၄၀၀ အတွက် ကုမ္ပဏီဈေးနှုန်းများဖြင့်သာ ရောင်းချပေးမည်ဖြစ်ပြီး ထွက်ရှိလာသော ပြောင်းဖူးစေ့များကို ကုမ္ပဏီမှ ပြန်လည်ဝယ်ယူပေးမည်ဖြစ်သည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မယ်ဖားလုံဖောင်းဒေးရှင်းတို့က တစ်အိမ်လျှင် တစ်နှစ်ဝင်ငွေပျမ်းမျှ ငွေကျပ်သိန်း ၄၀ ရရှိရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **ခွန်အောင် (နောင်တရား)**

# တရုတ်-မြန်မာနယ်စပ် ကျိန်စန်းကျော့ဂိတ် ပြန်လည်ဖွင့်ပြီဖြစ်သောကြောင့် နှစ်နိုင်ငံ သစ်သီးအရောင်းအဝယ်ကားများ သွားလာရေးအဆင်ပြေ

**မူဆယ် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် တရုတ်-မြန်မာ နယ်စပ် ကျိန်စန်းကျော့ကားလမ်းကို ပြီးခဲ့သည့် ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် နှစ်နိုင်ငံဝင်ထွက်သွားလာမှု ပိတ်ထားခဲ့ရာ ဇန်နဝါရီ ၁၀ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း ကုန်တင်ကားများ သွားလာမှုမရှိသေးဘဲ ယနေ့ နံနက် ၉ နာရီခန့်တွင် နှစ်နိုင်ငံဘက်မှ တာဝန်ရှိသူများက အတိအလင်း ပြန်လည်ဖွင့်လှစ်ပေးခဲ့သောကြောင့် ကုန်တင်ကားများ၊ အိမ်စီးကားများ၊ သုံးဘီးယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် လူပုဂ္ဂိုလ်များ သွားလာနေပြီဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံကုန်စည်ဒိုင်များက ဇန်နဝါရီ ၂ ရက်တွင် ဖရဲ၊ သခွားသစ်သီးယာဉ် ၈၀၇ စီးခန့်ကို လည်းကောင်း၊ ၅ ရက်တွင် စီးရေ ၇၅၀ ခန့်ကို လည်းကောင်း၊ ၈ ရက်တွင် စီးရေ ၁၁၀၀ ခန့်ကို လည်းကောင်း အရောင်းအဝယ်ဖွင့်လှစ်ခဲ့သည်။ ၉ ရက်နေ့အထိ သစ်သီးဝလံ တင်ပို့သည့်ယာဉ်များသည် ပန်ဆိုင်း(ကြူကုတ်)မြို့နှင့် နှစ်နိုင်ငံ ဝင်ထွက်ပေါက် ဝမ်တိန်ဂိတ်မှတစ်ဆင့် တင်ပို့လျက်ရှိရာ နေ့စဉ်ကုန်တင်ယာဉ် အစီး ၃၀၀ ကျော်ခန့် တန်းစီစောင့်ဆိုင်းလျက်ရှိပြီး မူဆယ် ၁၀၅ မိုင်ရှိ သစ်သီးဝလံကားဝင်းအတွင်း၌ တရုတ်နိုင်ငံ ဝမ်တိန်မြို့သို့ တင်ပို့မည့်ကုန်တင်ယာဉ် အစီးရေ ၈၀၀ ကျော်ခန့် စောင့်ဆိုင်းလျက်ရှိသည်။ ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် ပန်ဆိုင်း(ကြူကုတ်)မြို့ လွယ်အင်ကျေးရွာ ကျိန်စန်းကျော့ဂိတ်ကို နှစ်နိုင်ငံ လူဝင်/ထွက်၊ ယာဉ်ဝင်/ထွက်မှုများ ပြန်လည်ခွင့်ပြုခဲ့သော်လည်း တရုတ်နိုင်ငံဘက်မှ အကောက်ခွန်ဌာနနှင့် ကျန်းမာရေးဌာန ဝန်ထမ်းများအဆင်သင့်မဖြစ်၍ တရုတ်နိုင်ငံသို့ တင်ပို့မည့် သစ်သီးဝလံ ကုန်တင်ယာဉ်များ ဝင်ရောက်နိုင်ခြင်းမရှိကြောင်း၊ တရုတ်နိုင်ငံ ဝမ်တိန်သစ်သီးကွင်းတွင်ရှိသော ကုန်တင်ယာဉ်များသည် ကျိန်စန်းကျော့ဂိတ်မှ မူဆယ်မြို့သို့ ကုန်မဲ့ဝင်ရောက်လျက်ရှိပြီး လူနှင့်အခြား မော်တော်ယာဉ်များသာ ပုံမှန်ဝင်ထွက်သွားလာလျက်ရှိကြောင်း၊ ယနေ့နံနက် ၆ နာရီအထိ မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်စည်ဒိုင်အရောင်းကွင်းသို့ ရောက်ရှိလာသည့် ဖရဲသခွားမွှေး ပို့ကုန်ယာဉ် အစီးရေ ၁၂၀၀ ကျော်တို့ကို နံနက် ၇ နာရီတွင် နှစ်နိုင်ငံ အရောင်းအဝယ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ပန်ဆိုင်း(ကြူကုတ်)မြို့ ဝမ်တိန်ဂိတ်နှင့် လွယ်အင်ကျေးရွာ ကျိန်စန်းကျော့ဂိတ်တို့မှတစ်ဆင့် တရုတ်နိုင်ငံ ဝမ်တိန်မြို့ရှိ အသီးအရောင်းအဝယ်ကွင်းသို့ တင်ပို့ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

ကျိန်စန်းကျော့ဂိတ် ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ကုန်တင်ယာဉ်မောင်းတစ်ဦးက "ကျွန်တော့်အတွက်တော့ ဒီဂိတ်ဖွင့်ပေးခြင်းအားဖြင့် သွားလာရတာ ပိုပြီးလွယ်ကူတာပေါ့။ ပန်ဆိုင်း(ကြူကုတ်)ဘက်ကသွားရတာ သိပ်ပြီးအဆင်မပြေဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကားလမ်းကလည်းကျဉ်း၊ အကွေ့အကောက်တွေကလည်းများ၊ အသီးတွေလည်းနာ၊ လူတွေလည်း ပင်ပန်း၊ တစ်ခါတလေဆို ထမင်းတောင် ဘယ်ဝယ်စားရမလဲ မသိဘူး။ အခက်အခဲတွေ အများကြီးကြုံခဲ့ရပါတယ်"ဟု ပြောသည်။

မူဆယ် ၁၀၅ မိုင် အရှေ့မြောက်တံခါး အများပိုင် သစ်သီးအရောင်းအဝယ်မှ အထွေထွေမန်နေဂျာ ဦးကျော်လှိုင်က "ကျွန်တော်တို့အနေနဲ့တော့ အရောင်းအဝယ်ကတော့ ပုံမှန်ပါပဲ။ ပြီးခဲ့တဲ့ရက်တွေတုန်းကတော့ ကျိန်စန်းကျော့ဂိတ် ပိတ်ထားတယ်ဆိုတော့ ပန်ဆိုင်း(ကြူကုတ်)ဘက်ကနေ အသီးတွေက သွားနေရတယ်။ လမ်းကကျဉ်း၊ ကားတွေပိတ်တော့ ဘယ်လိုမှ အဆင်မပြေဘူး။ ဒါကြောင့် လမ်းကြောအခြေအနေကြည့်ပြီး ကားတွေကို လွှတ်ပေးနေရတယ်။ ကားတွေကို ထိန်းထားတော့ ဈေးနှုန်းလည်း ထိန်းထားသလိုဖြစ်တာပေါ့။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့လည်း ကားဆရာတွေအတွက် ညအိပ်ညနေ နားခိုဖို့အတွက် ကအစ အားလုံးစီစဉ်ထားရသလို လမ်းကြောပိတ်ဆို့နေလို့ ထမင်းမစားရသေးတဲ့ ကားဆရာတွေအတွက်ပါ သစ်သီးအေးဂျင့်အဖွဲ့တွေနဲ့ စုပေါင်းပြီး ထမင်းထုပ်တောင် စီစဉ်ပေးခဲ့ရတာတွေ ရှိခဲ့ပါတယ်။ အခုတော့ဂိတ်ပြန်ဖွင့်ပေးပြီဆိုတော့ အားလုံးအဆင်ပြေသွားပါပြီ" ဟု ပြောသည်။ ကျိန်စန်းကျော့လမ်း ပြန်ပွင့်သွားသောကြောင့် ဒေသအတွင်း အရောင်းအဝယ်များ အဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**



# အနယ်နယ်အရပ်ရပ်၌ ပညာရေးစုံညီပွဲတော်များကျင်းပ

## စစ်တွေ

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ရခိုင်ပြည်နယ်ပညာရေးစုံညီပွဲတော်ဖွင့်ပွဲကို ဇန်နဝါရီ ၈ ရက်က စစ်တွေမြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးစုံညီပွဲတော် မုခ်ဦးကို လူရည်ချွန်နှစ်ထပ်ကွမ်း မောင်ထက်မြက်အောင်၊ လူရည်ချွန် နှစ်ထပ်ကွမ်း ဆုဝေဖြိုးနှင့် လူရည်ချွန် မောင်ဉာဏ်စည်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ဇနီးတို့က နိုင်ငံတော်အဆင့် ထူးချွန်ဆု ရရှိကြသော ကျောင်းသား ကျောင်းသူများနှင့် သန့်ရှင်းသာယာလှပသော ကျောင်းဆုရရှိသော ဆရာကြီး ဆရာမကြီးများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ပြည်နယ်ပညာရေးမှူး၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လူရည်ချွန်ရွေးချယ်ခံရသော ကျောင်းသား ကျောင်းသူများနှင့် ဘာသာရပ်အလိုက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။ ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ပြသထားသည့် ပညာရေးမြှင့်တင်မှုပြခန်း၊ သင်ထောက်ကူပြခန်း၊ အိမ်တွင်းမှုနှင့် ပန်းချီ၊ ဓာတ်ပုံပြခန်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## ဟုမ္မလင်း

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့ အခြေခံပညာမူလတန်းလွန်ကျောင်းအမှတ်(၁)၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယမန်နေ့က ဟုမ္မလင်းမြို့ မူလွန် အမက-၁ ကျောင်းဝင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်နှင့် တိုင်းဒေသကြီးအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးတို့က အမှာစကားပြောကြားခဲ့ပြီး လက်ထောက်ပညာရေးမှူး ဦးဘစိန်က ပညာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးအောင်ခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ကျောင်းတွင်း ကာယ၊ ဉာဏဆုရ ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

## ဗန်းမောက်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော ၂၀၁၉ ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၈ ရက်က ဗန်းမောက်မြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

၂၀၁၉ ခုနှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို အထကဗန်းမောက် ကျောင်းသား ကျောင်းသူများက စုပေါင်းကာ စုံညီပွဲတော်တို့ဌပျော်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် မြို့နယ် စီမံခန့်ခွဲမှု ဥက္ကဋ္ဌ ဦးအေးမင်းတို့က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူးရုံး ဒုတိယ ပညာရေးမှူး ဦးမျိုးသက်အောင်က ပညာရေးစုံညီပွဲတော်အကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် ထူးချွန်ဆုရ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် ကျောင်းသား ကျောင်းသူများ၏ ကျောင်းများအလိုက် ပညာရေးပြခန်း၊ စာပေပြခန်း၊ သိပ္ပံပြခန်း အစရှိသည်များကို ပါဝင်ပြသထားကြောင်း သိရသည်။ **ကျော်စွာ (ဗန်းမောက်)**

## ကျိုင်းတုံ

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ရှမ်းပြည်နယ်အရှေ့ပိုင်း ပညာရေးစုံညီပွဲတော်ကို ယမန်နေ့က ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခြေခံပညာကျောင်းများမှ ထူးချွန်သည့် ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

စုံညီပွဲတော်ကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီးက အခြေခံပညာအဆင့်တွင် သင်ကြားမှုပုံစံနှင့် စာမေးပွဲစစ်ဆေးမှုပုံစံကို ပြောင်းလဲနေပြီဖြစ်ကြောင်း၊ ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ အခြေခံပညာကျောင်းများမှ ဗဟိုအဆင့်၊ ပြည်နယ်အဆင့် စာပေစွမ်းရည်ပြိုင်ပွဲများတွင် ဘာသာရပ်အလိုက် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ စာစီစာကုံး၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများ၊ အားကစားထူးချွန်သူများ၊ လူရည်ချွန်များ၊ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ပညာတန်ဆောင်စာပေပြိုင်ပွဲ ဘာသာပြန်ဆုရရှိသူတို့အား ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖြိုးလေး(တာချီလိတ်)**

# ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုစစ်တမ်း အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

**၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုစစ်တမ်း အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မူးယစ်ပြတိုက်၌ ကျင်းပသည်။** (ယာပုံ)




အခမ်းအနားတွင် မူးယစ်ဗဟို အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်အောင်သူက ယခု ထုတ်ပြန်သည့် အစီရင်ခံစာသည် မူးယစ် ဗဟိုနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါး နှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်း ကောက်ယူခြင်း ရလဒ်များအား တင်ပြ သည့် အစီရင်ခံစာ ဖြစ်ပါကြောင်း၊ မူးယစ် ဗဟိုနှင့် UNODC တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို ၂၀၀၁ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့ပါ ကြောင်း၊ စစ်တမ်းကောက်ယူခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ တရား မဝင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေ အနေများကို သိရှိနိုင်ရန်နှင့် ယင်းဒေသ တွင်ရှိသည့် ဒေသခံများ၏ ဘိန်းစိုက်ပျိုး မှုအပေါ် မှီခိုနေရသည့် လူမှုစီးပွား အခြေအနေများကို သိရှိနိုင်ရန် ဆောင် ရွက်ခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၀၆ ခုနှစ်တွင် ဟက်တာ ၂၁၅၀၀ အထိ အနိမ့် ဆုံးသို့ ရောက်ရှိခဲ့ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပြန်လည်မြင့်တက်ခဲ့ပါ ကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဘိန်းစိုက်ပျိုးမှုသည် အထိုက်အလျောက် ကျဆင်းခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးမှုမှာ ဟက်တာ ၅၅၀၀၀ ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ဟက်တာ ၄၁၀၀၀ ထိရှိခဲ့၍ ၂၅ ရာခိုင်နှုန်း လျော့ကျခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် တွင် ဟက်တာ ၃၇၃၀၀ စိုက်ပျိုးမှုရှိခဲ့၍ ၂၀၁၇ ခုနှစ်ထက် ထပ်မံ၍ ၉ ဒသမ ၁ ရာခိုင်နှုန်းလျော့ကျခဲ့သည်ကို တွေ့ရမည် ဖြစ်ပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်များ တွင်လည်း စိုက်ပျိုးသည်ကို တွေ့ရှိရပါ ကြောင်း၊ ၁၉၉၉ ခုနှစ်တွင် မူးယစ်ဆေးဝါး ပပျောက်ရေး ၁၅ နှစ် စီမံကိန်းနှင့် နောက်တိုး ငါးနှစ်စီမံကိန်းများကို ၂၀၁၉ ခုနှစ်ထိရေးဆွဲကာ မူးယစ်ဆေးဝါး ပပျောက်ရေး လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ ကုလသမဂ္ဂ မူးယစ် ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ဘုတ်အဖွဲ့(ONCB)တို့နှင့် ပူးပေါင်းပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဟိုပုံး မြို့နယ်၊ လွိုင်လင်မြို့နယ်၊ ပင်လောင်း မြို့နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်များတွင် ရေရှည် တည်တံ့မည့် အစားထိုးဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ မူးယစ်ဗဟိုအဖွဲ့ အနေဖြင့် UNODC အပါအဝင် မိတ်ဖက်အဖွဲ့ အစည်းများနှင့် ပူးပေါင်းပြီး မူးယစ် ဆေးဝါးထိန်းချုပ်ရေးနှင့် ပတ်သက်၍ ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုး ဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေး၊ နိုင်ငံ တကာ ပူးပေါင်းဆောင်ရွက်ရေး၊ သုတေ သနလုပ်ငန်းများ တိုးမြှင့်ရေးနှင့် လူ့အခွင့် အရေးပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေ ရေး စသည့်ကဏ္ဍအသီးသီးကိုအခြေခံ၍ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒအသစ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ လတွင် အတည်ပြုနိုင်ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် နိုင်ငံတကာ သို့ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် လည်း ထောက်ခံကြိုဆိုပြီး အသစ် ရေးဆွဲပြီးသော မူဝါဒလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် နိုင်ရေးအတွက် မူးယစ်ဗဟိုအဖွဲ့အနေ ဖြင့် အမျိုးသားမဟာဗျူဟာစီမံချက် (National Strategic Plan) ရေးဆွဲ ထားရှိပြီး ဘိန်းစိုက်ပျိုးမှုလျှော့ချရေးကို အဓိကအခန်းကဏ္ဍအဖြစ် ထည့်သွင်း ရေးဆွဲထားရှိပါကြောင်း၊ ရေးဆွဲပြီးသည့် မူဝါဒသည် ပြည်သူ့ကျန်းမာရေးကို ဦးစားပေးသော ချဉ်းကပ်မှုများ၊ ဖွံ့ဖြိုး ရေးကို ဦးစားပေးသော ချဉ်းကပ်မှုများ ကို အလေးပေး ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးစီမံချက် အောင်မြင်ရေးအတွက် အထောက်အကူ ဖြစ်မည် ဖြစ်ပါကြောင်း၊ ယင်းအစီရင်ခံ စာတွင်ပါရှိသော ဘိန်းစိုက်ဧရိယာ အကျယ်အဝန်း၊ ဘိန်းထုတ်လုပ်စိုက်ပျိုး မှုပုံစံများအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာမူဝါဒနှင့် မဟာ ဗျူဟာချမှတ်သူများအတွက် မရှိမဖြစ် လိုအပ်သည့် အချက်အလက်များ ဖြစ်ပါ ကြောင်း ပြောကြားသည်။

ဆက်လက်၍ အရှေ့တောင်အာရှ နှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)မှ Ms.Miwa Kato က အမှာစကားပြောကြားပြီး ဌာနေ ကိုယ်စားလှယ် Mr.Jeremy Douglas က အစီရင်ခံစာ အချက် အလက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာသည့် သတင်းမီဒီယာ သမားများနှင့် သတင်းနှင့်စာနယ်ဇင်း ကိုယ်စားလှယ်များ၏ မေးမြန်းချက် များကို မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိသူ များ၊ UNODC ကိုယ်စားလှယ်များက ရှင်းလင်းဖြေကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များ၊ မူးယစ်ဗဟိုအဖွဲ့ဝင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန် တိုင်းဒေသကြီး(မူး၊ စိတ်၊ တား)အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီး များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ NGO နှင့် INGO ကိုယ်စားလှယ်များ၊ မြန်မာ နိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း MANA အဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းမှ ကိုယ်စားလှယ်များ၊ အမျိုး သမီးရေးရာအဖွဲ့မှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာသမား များနှင့် သတင်းနှင့်စာနယ်ဇင်းကိုယ်စား လှယ်များ တက်ရောက်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် မြို့နယ်တရားရုံးများနှင့် တရားရုံးအချုပ်ခန်းများ စစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေးသည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်စိုး ခက်ခက်၊ ရုံးအဖွဲ့မှူး ဒေါ်နွဲ့နွဲ့ဦးတို့နှင့်အတူ ဇန်နဝါရီ ၁၀ ရက် ညနေက လှိုင်မြို့နယ် တရားရုံး၊ မရမ်းကုန်းမြို့နယ်တရားရုံးနှင့် တရားရုံးအချုပ်ခန်းတို့ကို သွားရောက်ကြည့်ရှု စစ်ဆေး သည်။

ထိုသို့ စစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး တရား သူကြီးချုပ်က သက်သေခံပစ္စည်းများ စနစ်တကျထားရှိရေး၊ အမှုပြီးပြတ်ပါက ဥပဒေနှင့်အညီ သွက်လက်မြန်ဆန်စွာ စီမံ ခန့်ခွဲဆောင်ရွက်ရေး၊ အချုပ် တရားခံမှုများ ကြန့်ကြာမှုမရှိစေ ရန် ဦးစားပေးစစ်ဆေးရေးနှင့် တရားရုံးလက်စွဲနှင့်အညီ ရုံးထိုင်ရေး၊ တရားရုံးများ၏ လုံခြုံရေးစီမံဆောင်ရွက်ထားရေး တို့ကို တာဝန်ရှိသူများအား မှာကြားသည်။ **သတင်းစဉ်**

## ဟိုပုံးနှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းခင်းများကို ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၁**



ဟိုပုံးမြို့နယ် ဒုံမောက္ကန်လန်ကျေးရွာ တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ ဟိုပုံး မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန် ဦးစီး ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၀ ရက် တွင် အမြင့်တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၆ ဧကခန့်ကို လည်းကောင်း၊ ဆီဆိုင် မြို့နယ် ထမ့်ယန်းကျေးရွာ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ၌ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သီဟန် ဦးစီးပူးပေါင်း အဖွဲ့သည် အမြင့် နှစ်ပေခွဲခန့်ရှိ ဘိန်း စိုက်ခင်း ၁၄ ဧကခန့်ကို လည်းကောင်း ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရ သည်။

**ရဲပြန်ကြား**

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ ဘားအံမြို့ ဝါးဆူးကျေးရွာရှိ ဆောင်းမြေပဲစိုက်ခင်း ကွင်းဆင်းလေ့လာ

**ဘားအံ ဇန်နဝါရီ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့ ဝါးဆူးကျေးရွာ တောင်သူ ဦးမဲတူး ၏ ဆောင်းမြေပဲ(GAP) ၁၀ ဧက စိုက်ခင်းတွင် စိုက်ပျိုးရေး နည်းပညာအလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးနည်းစနစ် များကို ယမန်နေ့နံနက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ လာရောက်ကွင်းဆင်းလေ့လာ ကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရှေးဦးစွာ ဆောင်းမြေပဲ (GAP)၁၀ ဧက စိုက်ခင်းတွင် စိုက်ခင်းများ ခါတုပိုးသတ်ဆေးလျှော့ချသုံးစွဲနိုင်ရေးအတွက် yellow sticker များ ချိတ်ဆွဲအသုံးပြုပုံ၊ စိုက်ပျိုးရေးနည်း ပညာအလေ့အကျင့်ကောင်းများ (GAP)နည်းဖြင့် သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေကို ဘားအံမြို့နယ် စိုက်ပျိုးရေး ဦးစီးမှူး ဦးဆဲင်ဇခုပ်က ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ခင်းအတွင်း ပိုးမွှားကျရောက်မှု အခြေအနေ များကို ကျောင်းသား ကျောင်းသူများနှင့်အတူ စိုက်ခင်းအတွင်း ကွင်းဆင်းလေ့လာကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကာတွန်း



## Smart Phone Director ခေါင်းစဉ်ဖြင့် အခြေခံရိုက်ကူးထုတ်လုပ်မှုသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့နှင့် ကိုရီးယားနိုင်ငံ For Basic Media Education (Editing) တို့ ပူးပေါင်းကျင်းပသော "Smart Phone Director" ခေါင်းစဉ်ဖြင့် အခြေခံရိုက်ကူးထုတ်လုပ်မှုသင်တန်းကို ဇန်နဝါရီ ၁၄ ရက်မှ ၁၉ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ခြောက်ရက်တာသင်တန်းအဖြစ် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၅၀) ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ "ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ" (Film Development Centre) ၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းသင်ကြားခြင်းအားဖြင့် အနုပညာဖန်တီးမှု အခြေခံရရှိစေနိုင်ခြင်း၊ နေ့စဉ် လူအများ အသုံးပြုနေသော Smart Phone ဖြင့် အခြေခံရိုက်ကူးထုတ်လုပ်မှုပညာရပ်များဖြစ်သည့် ကင်မရာ အသုံးပြုခြင်း၊ ရိုက်ကူးရေးအစီအစဉ်ရေးဆွဲခြင်း၊ တည်းဖြတ်ခြင်းအစရှိသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည့်အပြင် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ရစေမည်ဖြစ်သည်။ အဆိုပါသင်တန်းကို ကိုရီးယားနိုင်ငံမှ ဦးအောင်တင်ထွန်း (Former MWTV Chief Director) နှင့် Mr. Jun Mir (Former MWTV News PD & Media Education Team) တို့မှ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ခေတ်ပြိုင်ပန်းချီဆရာ ၁၇ ဦး၏ လက်ရာပန်းချီပြပွဲ အမျိုးသားပြတိုက်(ရန်ကုန်)တွင် ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ဒေသခံပြည်သူလူထုနှင့် နိုင်ငံကျော်ပန်းချီပညာရှင်များ ပူးပေါင်းပါဝင်ကြသော ပန်းချီပြပွဲများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(ရန်ကုန်)၌ ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ စတင်ကျင်းပလျက်ရှိရာ ယခုအချိန်ထိ ဂန္တဝင်သစ်ပန်းချီပြပွဲ (New Classic Art Exhibition)၊ မြန်မာ့ရေဆေးပန်းချီပြပွဲ (Myanmar Watercolor Art Exhibition) စသည့် ပန်းချီပြပွဲများကို ကျင်းပပြီးစီးခဲ့ပြီးဖြစ်သည်။

ယခုအခါ ခေတ်ပြိုင်ပန်းချီဆရာ ၁၇ ဦး၏ အမျိုးအစားစုံ ပန်းချီကားချပ်များဖြင့် ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ အမျိုးသားပြတိုက်(ရန်ကုန်)တွင် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရပြီး အဆိုပါပန်းချီပြပွဲသို့ သတင်းဌာနအသီးသီးမှ မီဒီယာသမားများ သတင်းရယူနိုင်ကြောင်းနှင့် စိတ်ပါဝင်စားကြသည့် မည်သူမဆို အခမဲ့ဝင်ရောက်လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

**မောင်မောင်မျိုး**

## ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနား လေရှီးမြို့၌ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၁**

၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ကျင်းပသွားမည်ဖြစ်သည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ပြခန်းများ၊ ရိုးရာယဉ်ကျေးမှု မီးပုံပွဲများနှင့် မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုအကများဖြင့် စည်ကားသိုက်မြိုက်စွာ နှစ်စဉ်ကျင်းပလျက်ရှိပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့များတွင် အလှည့်ကျကျင်းပလျက်ရှိရာ ၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နန်းယွန်းမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

**မောင်မောင်မျိုး**

## The Capacity Development Programme on Voter Registration သင်တန်းဖွင့်ပွဲကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်းပြုလုပ်သည့် The Capacity Development Programme on Voter Registration သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**မောင်မောင်မျိုး**

## ရွှေတိဂုံစေတီတော် (၅၆၃)ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က စီစဉ်ကျင်းပသော (၅၆၃)ကြိမ်မြောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ၊ အလှူရှင်များအား ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်ခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရွှေတိဂုံ စေတီတော်ရင်ပြင် တောင်ဘက်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဂေါပကအဖွဲ့သြဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်(သီးခြား)ဝိနည်းဓိုရ်)ထံမှ ငါးပါးသီလခံယူဆောက်တည် ရေစက်ချအနုမောဒနာတရားနာယူ၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် ရွှေသင်္ကန်းတော်(ရွှေပြား) အလှူရှင် ၁၄၂ ဦး၊ ရွှေပြားအချပ် ၁၇၄ ချပ်၊ ငွေသားအလှူရှင် ၁၀ ဦး စုစုပေါင်းအလှူရှင် ၁၅၂ ဦးဖြစ်ပြီး လှူဒါန်းငွေကျပ် ၁၉၇၀၉၉၁၇၄ ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - အာကာစိုး**





## မန်းရေနံမြေ ဒေသခံတောင်သူများ ရေဆင်း-၁၂ ကုလားပဲ စံပြစိုက်ကွက်များသို့ ကွင်းဆင်းလေ့လာ

**မင်းဘူး ဇန်နဝါရီ ၁၁**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P Pte Ltd. နှင့် မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့၏ ပူးပေါင်းစီစဉ်ပံ့ပိုးမှုဖြင့် မင်းဘူး(စကု)မြို့နယ်ရှိ လေးအိမ်တန်းကျေးရွာတွင် စိုက်ပျိုးထားရှိသည့် ရေဆင်း-၁၂ ကုလားပဲ စံပြစိုက်ကွက်များကို မန်းရေနံမြေ ဒေသခံတောင်သူများသည် ဇန်နဝါရီ ၈ ရက်က ကွင်းဆင်းလေ့လာခဲ့သည်။

MPRL E&P Pte Ltd. သည် မန်းရေနံမြေဒေသအတွင်း ဒေသခံဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဒေသခံတောင်သူများ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးများ ပြောင်းလဲအသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီရေး၊ စားသုံးသူများဘေးဥပဒ်ကင်းရှင်းရေးတို့အတွက် မျိုးစေ့ရွေးချယ်အသုံးပြုနည်း၊ GAP စနစ်ဖြင့် စနစ်တကျ စိုက်ပျိုးနည်း၊ သဘာဝပိုးသတ်ဆေးနှင့် သဘာဝမြေဩဇာများ ကိုယ်တိုင်ထုတ်လုပ်နည်းများကို ဒေသခံတောင်သူများအား မျှဝေနိုင်စေရန် ရည်ရွယ်၍ မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မန်းရေနံမြေ ထိစပ်ကျေးရွာများဖြစ်သည့် ချင်တောင်၊ ကျွဲချ၊ လေးအိမ်တန်းနှင့် မန်းကျိုးကျေးရွာများတွင် ကုလားပဲစံပြစိုက်ကွက် ၁၀ ဒသမ ၅ ဧကကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း စိုက်ပျိုးခဲ့သည်။

အဆိုပါတောင်သူကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက GAPစနစ်ဖြင့် စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ရေဆင်း-၁၂ ကုလားပဲမျိုးသန့်စံပြစိုက်ခင်းများ၊ ဘေးကင်းသည့် ပိုးသတ်ဆေးအသုံးပြုနည်းစနစ်များ၊ ကိုယ်တိုင်ထုတ်လုပ်နိုင်သည့် သဘာဝပိုးသတ်ဆေးထုတ်လုပ်နည်းများကို ဒေသခံစိုက်ပျိုးတောင်သူများအား လက်တွေ့ရှင်းလင်းပြသခဲ့သည်။ လေးအိမ်တန်းကျေးရွာတွင် ကျင်းပသည့် တောင်သူကွင်းသရုပ်ပြပွဲသို့ မင်းဘူး (စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးသိန်းနိုင်ဝင်း ဦးဆောင်သည့် အဖွဲ့ဝင် ၁၃ ဦးနှင့် စိုက်ပျိုးတောင်သူ ၆၀ တို့ ပါဝင်လေ့လာခဲ့ကြသည်။

**သတင်းစဉ်**

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေး Journey to the Naga Land Rally Sagaing/MHTTR 7-2019 ကားမောင်းအဖွဲ့သည် မော်လိုက်မြို့သို့ ဇန်နဝါရီ ၁၁ ရက်က ရောက်ရှိလာရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်း၊ ဌာနဆိုင်ရာများနှင့် မြို့မိ မြို့ဖများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်ကို တွေ့ရစဉ်။**

မော်လိုက်သားလေး




## တောင်သူများအား ကြံသီးနှံစိုက်ပျိုးရေးဆိုင်ရာနည်းပညာပေး

**မဘိမ်း ဇန်နဝါရီ ၁၁**

မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ငါးအိုးအုပ်စု ငါးအိုးကျေးရွာရှိ ကြံသီးနှံစိုက်ပျိုးသူအစုအဖွဲ့ တောင်သူများအား ကြံသီးနှံစိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းကို ဇန်နဝါရီ ၇ ရက်က ကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မဘိမ်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်တို့က အမှာစကားပြောကြားခဲ့ပြီး ရှမ်းပြည်နယ် ဦးစီးမှူး ဦးတင်ကြိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက် ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ရှမ်းပြည်နယ် မြောက်ပိုင်း ဒုတိယပြည်နယ်ဦးစီးမှူး ဦးမြကျော်၊ မိုးမိတ်ခရိုင်ဦးစီးမှူး ဒေါ်မြတ်မွန်၊ မြို့နယ်ဦးစီးမှူး၊ နေပြည်တော်ကြံသီးနှံဌာနခွဲမှ ပညာရှင်များ၊ ပြည်နယ်၊ မြေ၊ မျိုး၊ ပိုးတာဝန်ခံများက တောင်သူများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**






ဇန်နဝါရီ ၁၁ ရက်က လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစမ်းစမ်းအေးနှင့်အဖွဲ့ နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ နေ့ကလေးထိန်းကျောင်းကို လာရောက်ကြည့်ရှုအားပေးစဉ်။
(ယင်းနေ့ကလေးထိန်းကျောင်းတွင် ကြေးမုံသတင်းစာတိုက်နှင့် မြန်မာ့အလင်းသတင်းစာတိုက်တို့မှ ဝန်ထမ်းသားသမီး ၁၇ ဦး၊ နေပြည်တော်ပုံနှိပ်စက်ရုံမှ ၁၂ ဦးနှင့် အနီးပတ်ဝန်းကျင်မှ ငါးဦး စုစုပေါင်း ၃၄ ဦး တက်ရောက်လျက်ရှိသည်။)
**မြန်မာ့အလင်း**




## ဒုတိယဝန်ကြီးဦးအောင်လှထွန်း စစ်ကိုင်းမြို့၌ ကျင်းပမည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ကြည့်ရှုစစ်ဆေး

**စစ်ကိုင်း ဇန်နဝါရီ ၁၁**
ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ ညနေ ၅ နာရီခွဲတွင် စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကာ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၁၁**
ထောက်ကြန့်နယ်မြေရဲစခန်းမှ ခေတ္တနယ်မြေစခန်းမှူး ဒုရဲအုပ်ကျော်မြင့်နှင့် အမှတ်(၆၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ အရာခံဗိုလ် အောင်ကိုဝင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် မင်္ဂလာဒုံမြို့နယ် ပဲခူးလမ်းရပ်ကွက် ရန်ကုန်- ပဲခူးကားလမ်းမကြီးဘေး အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် ဇန်နဝါရီ ၁၁ ရက်က မှုခင်းပြခန်းယာဉ်ဖြင့် လာရောက်ပြသခဲ့ပြီး လာရောက်ကြည့်ရှုလေ့လာသူများအား ကဏ္ဍအလိုက်ရှင်းလင်းပြောကြားကြောင်း သိရသည်။ **ဟန်စိုး**

✻ *ကျောဖုံးမှ*

ဒုတိယအဆင့်ခြေစစ်ပွဲကို အသင်းရှစ်သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး သြစတြေးလျ၊ တောင်ကိုရီးယား၊ ဥဇဘက်ကစ္စတန်၊ မြန်မာ၊ ဗီယက်နမ်၊ အီရန်၊ လက်ဘနွန်နှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ လေးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲများကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်က ကျင်းပခဲ့ပြီး မြန်မာအသင်းသည် အုပ်စု(စ)တွင် လာအို၊ အီရန်အသင်းတို့နှင့် ကျရောက်ခဲ့သည်။ ပါလက်စတိုင်းအသင်း နုတ်ထွက်သွားသောကြောင့် သုံးသင်းသာ ယှဉ်ပြိုင်ခဲ့ရပြီး မြန်မာအသင်းသည် ပထမပွဲတွင် လာအိုအသင်းကို လေးဂိုး- သုံးဂိုးဖြင့် ရှုံးနိမ့်သော်လည်း ဒုတိယပွဲတွင် အီရန်အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့၍ အကောင်းဆုံးအုပ်စုဒုတိယဖြင့် ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို ဧပြီ ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စုပွဲများကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာယူ- ၁၉ အမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲအတွက် စခန်းဝင်လေ့ကျင့်နေပြီဖြစ်ပြီး ပဏာမကစားသမား ၂၉ ဦး ရွေးချယ်ထားသည်။ မြန်မာယူ- ၁၉ အမျိုးသမီးအသင်းသည် ဒုတိယအဆင့် ခြေစစ်ပွဲမတိုင်မီ ပြည်တွင်း၊ ပြည်ပခြေစမ်းပွဲများစွာ ယှဉ်ပြိုင်မည်ဖြစ်ပြီး မတ်လတွင် ဂျပန်-အာဆီယံ ယူ- ၁၉ အမျိုးသမီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။
**ညီမြတ်သော်တာ**

## မြန်မာ ယူ- ၂၂ နှင့် ကာတာ ယူ- ၂၂ ခြေစမ်းပွဲကစား

**ရန်ကုန် ဇန်နဝါရီ ၁၁**
နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများ၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၂၂အသင်းနှင့်ကာတာယူ-၂၂ အသင်းသည် ဇန်နဝါရီ ၁၀ ရက်က ကာတာနိုင်ငံ ဒိုဟာမြို့၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ ကာတာ ယူ-၂၂ အသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် အရှေ့အလယ်ပိုင်းခြေစမ်းခရီးစဉ်တွင် အိုမန် ယူ-၂၂ အသင်း၊ ကာတာ ယူ-၂၂ အသင်းကို တစ်ဂိုး- ဂိုးမရှိရလဒ်ဖြင့် အရှုံးနိမ့်ခဲ့သော်လည်း နှစ်ပွဲစလုံးပုံစံကောင်းပြသနိုင်ခဲ့ပြီး အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် အိုမန် ယူ-၂၂ အသင်းနှင့် ကစားခဲ့သည့် ပထမပွဲမှ ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သော်လည်း အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ကာတာအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သည်။

ကာတာ ယူ-၂၂ အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၁၅ မိနစ်တွင် ဟာဆန်က သွင်းယူခဲ့ပြီး မြန်မာအသင်းအနေဖြင့် ချေပဂိုးရနိုင်သည့် အခွင့်အရေးများ ပြန်ရခဲ့သော်လည်း အသုံးမချနိုင်၍ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။
**ဖိုးသော်ဇင်**

## အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း နိုင်ပွဲဆက်

**ရန်ကုန် ဇန်နဝါရီ ၁၁**
၂၀၁၈- ၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) နောက်ဆုံးနေ့ကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ အား/ကာသိပ္ပံအသင်း နိုင်ပွဲဆက်ခဲ့သည်။ အား/ ကာ သိပ္ပံအသင်းသည် အား/ကာဦးစီးဌာနအသင်းနှင့် တွေ့ဆုံခဲ့ပြီး ကိုးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အား/ကာမှ ဖွဲ့စည်းထားသည့် အသင်းနှစ်သင်းတွေ့ဆုံသည့် ပွဲဖြစ်ပြီး အား/ကာသိပ္ပံအသင်းက နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အား/ကာ သိပ္ပံအသင်းသည် ယခုပွဲအနိုင်ရခဲ့သောကြောင့် ဇယားထိပ်ပိုင်းမှ အသင်းများကို သုံးမှတ်အကွာဖြင့် ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

ပွဲစဉ်(၆) အပြီးတွင် သစ္စာအားမာန်နှင့်မြဝတီအသင်းက ၁၆ မှတ်စီ၊ အား/ကာသိပ္ပံအသင်းက ၁၃ မှတ်၊ YREO အသင်းက ၁၀ မှတ်၊ အား/ကာ ဦးစီးဌာနအသင်းက ရှစ်မှတ်၊ ဇွဲကပင်နှင့် ဂန္ဓမာအသင်းက သုံးမှတ်စီ ရထားပြီး တက္ကသိုလ်အသင်းမှာမူ ခြောက်ပွဲစလုံး ရှုံးထားသည်။ သစ္စာအားမာန်အသင်းမှာမူ ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိသည်။
**ရဲရင့်ရှိုင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ချယ်လ်ဆီးအသင်းသည် ဂျူဗင်တပ်စ်နှင့် အာဂျင်တီးနား တိုက်စစ်မှူး ဟီဂူအင်အား ရာသီကုန်အထိ အငှားဖြင့်ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။ ထို့အပြင် ချယ်လ်ဆီးအသင်းသည် အသက် (၃၀ နှစ်) အရွယ် ဘရာဇီးကစားသမား ဝီလီယံအတွက် ဘာစီလိုနာအသင်း၏ ကမ်းလှမ်းမှုတစ်ရပ်ကို ပယ်ချလိုက်ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းသည် ပီအက်စ်ဂျီအသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား နေမာ (၂၆နှစ်) အားနျူးကမ့်သို့ ပြန်လည်ခေါ်ယူနိုင်ရန်အလို့ငှာ အသင်းမှ ကစားသမား ကော်တင်ဟို (၂၆ နှစ်) အား နွေရာသီတွင် ရောင်းချသွားဖွယ်ရှိကြောင်း ဗြိတိန်သတင်းများတွင် ဖော်ပြထားသည်။
- ဘိုင်ယန်မြူးနစ်အသင်းသည် နွေရာသီတွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်ခြင်းခံနေရသော ပီအက်စ်ဂျီကွင်းလယ်ကစားသမား ရာဘီရော့နှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း၊ အဆိုပါ အသက် (၂၃ နှစ်) အရွယ် ပြင်သစ်ကစားသမားအား ယခုအပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ဖွယ်ရှိကြောင်း ဗြိတိန်သတင်းများတွင် ဖော်ပြထားသည်။
- အင်္ဂလန်တောင်ပံကစားသမား ဆန်ချို (၁၈ နှစ်) သည် ပရီမီယာလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ကစားရန် သတင်းများထွက်ပေါ်နေသော်လည်း ဒေါ့မွန်အသင်းတွင်သာ ဆက်လက်နေလိုကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။ ၎င်းသည် ၂၀၁၇ ခုနှစ် နွေရာသီတွင် မန်စီးတီးအသင်းမှ ပေါင် ရှစ်သန်းဖြင့် ဒေါ့မွန်အသင်းသို့ ရောက်ရှိလာသူဖြစ်ကာ ယခုနှစ်တွင် ပြိုင်ပွဲစုံ ၂၄ ပွဲတွင် ခုနစ်ဂိုးသွင်းယူထားနိုင်ပြီး ၁၀ ကြိမ် ဂိုးရရှိအောင် စွမ်းဆောင်ပေးထားနိုင်ကြောင်း သိရသည်။
- ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား မီချီဘတ်ရှူအာရီ (၂၅ နှစ်) အနေဖြင့် ဗလင်စီယာအသင်း၌ အငှားကစားနေမှုကို အဆုံးသတ်ပြီးနောက် အဆိုပါကစားသမားကို အဲဗာတန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။ ၎င်းကို အသင်းအများအပြားက ခေါ်ယူရန် စိတ်ဝင်စားနေပြီး ထိုအသင်းများထဲတွင် ခရစ္စတယ်ပဲလေ့စ်နှင့် ဖူလ်ဟမ်အသင်းတို့လည်း ပါဝင်ကြောင်း မေးရာ၏ ဖော်ပြချက်အရ သိရသည်။
- နယူးကာဆယ်အသင်းသည် တူရကီ လီယွန်နယ်မက်ဆီဟု တင်စားခေါ်ဝေါ်ကြသည့် တူရကီကလပ် ထရက်ဇွန်စပေါ်ကွင်းလယ်ကစားသမား အိုမာ (၁၉ နှစ်) အား ခေါ်ယူနိုင်ရေးအတွက် လီဗာပူးအသင်းနှင့် အပြိုင်ပါဝင်လာခဲ့ကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။ လီဗာပူးအသင်းသည် ဒဏ်ရာအနာတရများဖြင့် ရုန်းကန်နေရသော လယ်လာနာ၏ နေရာကို အဆိုပါကစားသမားဖြင့် ရေရှည်အစားထိုးနိုင်ရန် ရည်ရွယ်ထားသည်။
- ဖူလ်ဟမ်အသင်းသည် ဘော်ဒိုးနှင့် ဆီနီဂေါ ညာနောက်ခံကစားသမား ဆာဘယ်လီ (၂၅ နှစ်) အား ခေါ်ယူနိုင်ရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။
- တော့တင်ဟမ်အသင်းသည် ဟော်ဖန်ဟိန်းနှင့် သြစတြီးယားကွင်းလယ်ကစားသမား ဂရီလစ်တစ်ချ် (၂၃ နှစ်) အား ခေါ်ယူချင်နေကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# ဝိုင်းမော်မြို့နယ်၌ သတင်းအရ ရှာဖွေရာမှ ဘိန်းဖြူများ သိမ်းဆည်းရမိ

**ဝိုင်းမော် ဇန်နဝါရီ ၁၁**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မဒိန်-လဘန်ကျေးရွာသွားကားလမ်း၌ ဇန်နဝါရီ ၉ ရက်က ငွေကျပ်သိန်းပေါင်း ၂၇၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု (၂) မြစ်ကြီးနားမှ ရဲအုပ်စိုးစံဖေ ဦးစီးတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ဝိုင်းမော်မြို့နယ် မဒိန်-လဘန်ကျေးရွာသွားကားလမ်း၌ စောင့်ဆိုင်းနေစဉ် ဝိုင်းမော်မြို့နယ် ဝူယန်ကျေးရွာနယ်မြေ(၂)နေ ဟွမ်ထန်ကျိ(၃၃ နှစ်) မောင်းနှင်ပြီး ရှဲအိမ်ကျွမ်း(၃၂နှစ်) လိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ၎င်းတို့နှစ်ဦးအကြားရှိ ကျောပိုးအိတ်အတွင်းမှ ဆပ်ပြာခွက် ၁၁ခွက်နှင့် ထည့်ထားသည့် ဘိန်းဖြူ ၁၂၁ ဂရမ်ကို လည်းကောင်း၊ ၎င်းတို့နေထိုင်သည့် ဝူယန်ကျေးရွာနေအိမ်မျက်နှာကြက် အပေါ်၌ ဘိန်းဖြူ ၃ ဒသမ ၃၄၄ ကီလိုအား လည်းကောင်း စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၂၇၇၂ တန်ဖိုးရှိ ဘိန်းဖြူ ၃ ဒသမ ၄၆၅ ကီလို သိမ်းဆည်း ရမိခဲ့သည်။



**အမှုဖွင့်အရေးယူ**

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိသူ ဟွမ်ထန်ကျိနှင့် ရှဲအိမ်ကျွမ်းတို့ကို မူးယစ်ဆေးဝါးပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ကသာမြို့နယ်၌ တရားမဝင်သစ်လုံးများ ဖမ်းမိ

**ကသာ ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ရေဘုတ်ကျေးရွာနှင့် ညောင်ခြေထောက်ကျေးရွာအနီး ဧရာဝတီမြစ်အတွင်းမှ တရားမဝင်သစ်လုံး တန် ၃၀၀ ခန့် ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၉ ရက် နံနက် ၆ နာရီ ၁၅မိနစ်ခန့်တွင် ကသာမြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်ထွဏ်း ဦးစီးသောအဖွဲ့သည် နယ်မြေခံရဲတပ်ဖွဲ့မှဒုရဲအုပ် ဇော်သန်း ဦးစီးသောအဖွဲ့၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့မှ ရဲအုပ်သောင်းဝင်း ဦးစီးသောအဖွဲ့နှင့် ပူးပေါင်း၍ ဧရာဝတီမြစ်အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရေးဆောင်ရွက်နေစဉ် ကသာမြို့နယ် ညောင်ခြေထောက်ကျေးရွာအနီးမှ ဖောင်တွဲ ၁၁ တွဲ၊ ရေဘုတ်ကျေးရွာအနီးမှ လှေတွဲ နှစ်တွဲ ဆိုက်ကပ်ထားသည်ကိုမသင်္ကာ၍ သွားရောက်စစ်ဆေးရာ ဖောင်တွဲများမှ တရားမဝင်သစ်များ ဖြတ်ချထားသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ဇန်နဝါရီ ၁၀ရက်တွင် တရားမဝင်သစ်များကို ဆယ်ယူ၍ တိုင်းတာရာ ကညင်သစ် ၂၉ လုံး(၅၄ ဒသမ ၁၅၆ တန်)နှင့် သုံးပေအောက်ကညင်သစ် ၁၀၆လုံး (၃၂ ဒသမ ၉၄၆ တန်) စုစုပေါင်းကညင်သစ် ၁၃၆လုံး (၈၇ ဒသမ ၁၀၂တန်) ဆယ်ယူရရှိထားပြီး ကျန်သစ်များကို ဆက်လက်၍ ဆယ်ယူတိုင်းတာမှုပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အပြီးသတ်ဆယ်ယူပြီးစီးပါက တရားမဝင်သစ်လုံးတန် ၃၀၀ ခန့်ရှိမည်ဖြစ်ကြောင်း သိရသည်။

တရားမဝင်သစ်လုံးများကို ဖောင်ဖွဲ့၍ ခိုးယူသယ်ဆောင်လာသူ စစ်ကိုင်းမြို့ကင်းရွာနေ နေလင်းအောင်နှင့် ရဲလင်းအောင်တို့ကို သစ်တောဥပဒေအရ အရေးယူဆောင်ရွက်ထားပြီး ထွက်ပြေးတိမ်းရှောင်နေသူ ဦးဇော်ဝင်းအား အမြန်ဖမ်းမိရေးအတွက် ဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၂-၁-၂၀၁၉ (စနေနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - ပြည်သူ့အတွက် ဥပဒေစကားဝိုင်း "ဥပဒေမျက်စိပွင့်စေချင်လွန်းလို့"
၁၀း၃၀ - လုံမမှတ်စု(၇၀)
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၆) "ကြာမှုရှင်"(ဇာတ်သိမ်း) (ထိုက်တန်လင်း၊ မင်းသာ King၊ မေပန်းချီ၊ နေထိုက်၊ ညီဂျော်) (ဒါရိုက်တာ -ဟိန်းဇော်)
၁၃း၄၅ - ဟိုတုန်းက...ကက်ဆက်ဇာတ်လမ်းများ "ရွှေအသည်း ငွေအသည်း စိန်နှင့်ခွဲ" (ထက်နေချမ်း၊ ဘလိတ်၊ အာဒံဦး၊ စောယုနန္ဒာ၊ ငြိမ်းဖြူ) (ဒါရိုက်တာ-သီတာလင်း)
၁၅း၁၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရန်ကုန်ယူနိုက်တက် FC အသင်းနှင့် ဟံသာဝတီ ယူနိုက်တက် FC အသင်း)

**ညပိုင်း**

၁၇း၃၀ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၈း၃၅ - Tasty Trip
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၅၆)
၂၀း၃၅ - "ရာဇဝင်ထဲကသမိုင်း အနုပညာ" (ရှေးမြန်မာအုတ်ကျောင်းတော်ကြီးများ) (မဟာဂူကြီးတိုက်သစ်)
- "ရဟန်းစားရသော ဆွမ်းတစ်နပ်"

# ဦးကိုနီလုပ်ကြံခံရမှု သေနတ်သမား ကြည်လင်းနှင့် အပေါင်းအပါများအား စစ်ဆေးမှု ရုံးချိန်းပေါင်း ၁၀၀ ဖြစ်ခဲ့ခြင်းအပေါ် အထူးတရားခုံရုံးကရှင်းလင်းပြောကြား

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကြောင့် သေဆုံးသွားသော တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် ပတ်သက်၍ သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးက ရုံးချိန်းပေါင်း ၁၀၀မြောက်အဖြစ် ယနေ့ နံနက် ၁၀ နာရီက ရုံးထုတ်ခဲ့ရာ အမှု၌ ပတ်သက်နေသူ ဇေယျာဖြိုးက တင်ပြသောသက်သေသုံးဦးကို စစ်ဆေးမှုပြုလုပ်ရန် ခုံရုံးဥက္ကဋ္ဌက ပြီးခဲ့သည့် ရုံးချိန်းတွင်ခေါ်လာခဲ့ရန် မှာကြားခဲ့သော်လည်း သက်သေတင်ပြနိုင်ခြင်းမရှိ၍ စစ်ဆေးမှုပြုလုပ်နိုင်ခြင်းမရှိခဲ့ကြောင်း၊ စွပ်စွဲခံထားရသူ ဇေယျာဖြိုးဘက်မှသက်သေ ဦးစိုးမင်းနိုင်၊ ဦးကိုကိုအောင်၊ ဦးသန်းဌေးတို့သုံးဦးကို ထပ်မံပယ်ခဲ့ကြောင်းနှင့် ကျန်ရှိသက်သေ ဒေါ်သီတာလွင်၊ ဦးအဂ္ဂ၊ ရဲမှူးကြီး ဝင်းမင်းသိန်းတို့ကိုမူ ဇန်နဝါရီ ၁၇ ရက် (ကြာသပတေးနေ့) ရုံးချိန်းတွင် စစ်ဆေးမှုပြုလုပ်ရန် ခေါ်ထားကြောင်း အဆိုပါ တရားရုံးသတင်းနှင့် ပြန်ကြားရေးအရာရှိထံမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဒုတိယခရိုင်တရားသူကြီး-၆-ဦးရဲလွင် က "ဒီကနေ့ ဇန်နဝါရီ ၁၁ ရက်ထိ ရုံးချိန်း ၁၀၀ဆိုရင် စွပ်စွဲခံရသူ လေးဦးဘက်ကတင်ပြထားတဲ့ သက်သေ ၇၂ ဦး ရှိတဲ့ထဲက ၃၆ ဦးစစ်ဆေးခဲ့ပြီး ပယ်တာက ၃၃ ဦးရှိတော့ စစ်ဆေးဖို့ သုံးဦးပဲကျန်တော့မှာ ဖြစ်ပါတယ်။ ဇန်နဝါရီ ၁၇ ရက်ချိန်းဆိုထားပါတယ်" ဟုပြောသည်။ ယနေ့ရုံးချိန်း ၁၀၀ ဖြစ်ရခြင်းနှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းချက်ကို ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က ထပ်မံရှင်းလင်းပြောကြားရာတွင် ရုံးချိန်း ၁၀၀တွင် တစ်ချိန်ချင်းစီအလိုက် ရုံးတော်တွင် မှတ်တမ်းများရှိကြောင်း၊ ခြုံငုံပြီးပြောမည်ဆိုလျှင် အထူးခုံရုံးမှ ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအရ ယနေ့အထိရုံးချိန်း ၁၀၀ထိဖြစ်လာကြောင်း၊ နှစ်ဖက်စလုံးက တိုင်းဒေသကြီးတရားလွှတ်တော်ကို ပြင်ဆင်မှုနှစ်ကြိမ်တက်ခဲ့ခြင်းကြောင့် လည်းကောင်း၊ တရားခံပြေးအမှုမှ မင်းနီသက်သေများကိုစစ်ဆေးခဲ့ရခြင်းကြောင့် လည်းကောင်း ရုံးချိန်း၁၀၀ ဖြစ်သွားရကြောင်း ဆက်လက်ပြောကြားသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကျောက်မဲ - နောင်ချို ဂုတ်တွင်းလမ်းပိုင်းခြောက်ထပ်ကွေ့၌ တွဲယာဉ်တစ်စီး တိမ်းမှောက်၍ လမ်းပိတ်ဆို့မှုဖြစ်

**သီပေါ ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-သီပေါ - လားရှိုး - မူဆယ်ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ - နောင်ချိုဂုတ်တွင်းလမ်းပိုင်းခြောက်ထပ်ကွေ့ မိုင်တိုင် (၈၄/၃-၄) ၌ ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်က နေကြာအိတ်ပေါင်း ၉၀၀ကျော် တင်ဆောင်လျက် မူဆယ်မှ မန္တလေးသို့ ဆင်းမည့် ယာဉ်မောင်း မျိုးညွန့်ဦး မောင်းနှင်သော တွဲယာဉ် အမှတ် 7L/--သည် ကုန်ချိန်များ၍ နောက်တွဲလဲသွားပြီး လမ်းညာဘက်သို့ တိမ်းမှောက်ကာ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် မန္တလေးမှ တက်လာသောယာဉ်များ နောင်ချိုမြို့ စိမ်းလဲ့ကန်သာတွင် လည်းကောင်း၊ မူဆယ်၊ လားရှိုးမှလာသော အဆင်းယာဉ်များ ကျောက်မဲ မိုးမြင့်သာနှင့် ရေကန်တောင်၌ လည်းကောင်း ခေတ္တရပ်နားထားရသည်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ကုန်စည်စီးဆင်းမှုတွင် မရှိမဖြစ်လမ်းမကြီးဖြစ်သဖြင့် နေ့စဉ် ယာဉ်စီးရေ ငါးထောင်ကျော် သွားလာလျက်ရှိရာ ယာဉ်ကြောပိတ်ဆို့မှု ကြာရှည်စွာ မဖြစ်ပေါ်စေရေးအတွက် ကျောက်မဲခရိုင် အမှတ် (၁၂၀) ယာဉ် ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဂုတ်တွင်းရဲကင်းနှင့် နောင်ပိန်ရဲကင်းတို့မှ တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်မှုတို့ဖြင့် အချိန်နှင့် တစ်ပြေးညီဆောင်ရွက်လျက်ရှိခြင်းကြောင့် ညနေ ၆ နာရီခွဲတွင် ဂုတ်တွင်းလမ်းပိုင်း ပြန်လည်လမ်းပွင့်သွားပြီဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



# ညအိပ်တည်းခိုသူနှစ်ဦးက အိမ်ရှင်ကိုသတ်၍ ရွှေထည်များလုယူသွား

**ရွှေကူ ဇန်နဝါရီ ၁၁**

ကချင်ပြည်နယ် ရွှေကူမြို့ အမှတ်(၃)ရပ်ကွက် မင်းကုန်းရပ်၌ ဇန်နဝါရီ ၁၁ ရက်က အိမ်ရှင်ဖြစ်သူကို သတ်၍ ရွှေထည်ပစ္စည်းများ လုယူသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သေဆုံးသူ ဒေါ်အိအိခိုင် အသက် (၄၃နှစ်)၏ သမီးဖြစ်သူ မလင်းဇာခြည်ထွန်းခိုင် အသက်(၁၁နှစ်)သည် မိခင်ဖြစ်သူနှင့်အတူ အိပ်ပျော်နေစဉ် ဇန်နဝါရီ ၁၁ ရက် နံနက် ၁နာရီခွဲခန့်တွင် ၎င်း၏မိခင် အိပ်ရာတွင် မရှိတော့သဖြင့် နေအိမ်အပေါ်ထပ်သို့ တက်ရောက်ကြည့်ရှုရာ လွန်ခဲ့သော သုံးရက်ခန့်က ရောက်ရှိလာပြီး ညအိပ်တည်းခိုနေသည့် မိခင်၏မိတ်ဆွေ အမျိုးသားလူငယ်နှစ်ဦးသည် နေအိမ်မှ ထွက်သွားခဲ့ကြောင်း၊ ယင်းနောက် အိပ်ခန်းတစ်ခန်းအတွင်း ခုတင်ပေါ်တွင် မိခင်ဖြစ်သူမှာ ပက်လက်အနေအထားဖြင့် လဲကျနေသည်ကိုတွေ့ရပြီး ခေါ်၍မရသဖြင့် အစ်ကိုဖြစ်သူ မောင်တင်အောင်ခိုင် အသက်(၁၉နှစ်)အား နှိုး၍ သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ မိခင်ဖြစ်သူမှာ အိပ်ရာပေါ်တွင် နှာခေါင်းမှ သွေးများယိုထွက်ကာ သတိမေ့နေသဖြင့် အဒေါ်ဖြစ်သူ ဒေါ်စန်းညွန့်ကို အကျိုးအကြောင်းပြောပြကာ ရဲစခန်းသို့ အကြောင်းကြားခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်လူကြီးများ ရောက်ရှိလာပြီး ပြည်သူ့ဆေးရုံကြီးသို့ ပို့အပ်ကာ ဆေးကုသမှုခံယူစဉ် သေဆုံးသွားကြောင်း သိရသည်။

ဒေါ်အိအိခိုင် အမြဲဝတ်ဆင်ထားသည့် ရွှေဆွဲကြိုးသံကွင်းဆက် ဆွဲသီးပါ ၁၀ ကျပ်သားခန့် တစ်ကုံး၊ လက်ကောက် တစ်ကွင်းလျှင် ငါးမူးသားခန့် အကွင်း၂၀၊ ဟမ်းချိန်း နှစ်ကျပ်သားခန့် တစ်ကွင်း၊ လက်စွပ် တစ်ကွင်းလျှင် ငါးမူးသားခန့် သုံးကွင်း၊ ခြေချင်းဝတ် နှစ်ကျပ်သားခန့် တစ်ကွင်း၊ OPPO အမျိုးအစား လက်ကိုင်ဖုန်း သုံးလုံး စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၂၀၀ကျော်ဖိုးရှိ ပစ္စည်းများ လုယူသွားကြောင်း သိရ သည်။ **မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန် - ညောင်တုန်းပြေးဆွဲနေသော ယာဉ်လိုင်းများပေါ်၌ ခါးပိုက်နှိုက်သူများကို စစ်ဆေးရာမှ ဖုန်းကိုးလုံး နှိုက်ယူမှုဖော်ထုတ်နိုင်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၇ ရက် ည ၆နာရီခွဲက လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်းလမ်းမကြီး ရုံးရှေ့ကားမှတ်တိုင်တွင် သတင်းစုံစမ်းဆောင်ရွက်နေစဉ် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်နေ မ------ သည် YBS ယာဉ်ပေါ်သို့တက်ရောက်စဉ် ၎င်း၏လက်ကိုင်ဖုန်း ခါးပိုက်နှိုက်ခံရကြောင်း အော်ဟစ်အကူအညီတောင်းသဖြင့် အနီးရှိရဲတပ်ဖွဲ့ဝင်များနှင့်သက်သေများက ခါးပိုက်နှိုက်ကျူးလွန်သူ လှိုင်သာယာမြို့နယ် ရေညက္ကံကျေးရွာ ကျောက်စိမ်းလမ်းနေသူများဖြစ်သည့် မင်းမင်း (၃၁နှစ်)နှင့် မောင်ခင်(၃၅နှစ်)တို့ကို ဝိုင်းဝန်းဖမ်းဆီးခဲ့ကြောင်း၊ ၎င်းတို့အားရှာဖွေစစ်ဆေးရာ မ-----၏ ဖုန်းကိုပြန်လည်ရရှိပြီး မင်းမင်းဝတ်ဆင်ထားသည့် ဘောင်းဘီအတွင်းမှ ဟွာဝေးဖုန်းတစ်လုံးကို တွေ့ရှိ၍ စစ်ဆေးမြန်းရာ ၎င်းမှာ ဇန်နဝါရီ ၆ရက်က လှိုင်သာယာမြို့နယ်အတွင်း လမ်းမပေါ်တွင် လမ်းလျှောက်လာသည့် အမျိုးသားတစ်ဦးထံမှ နှိုက်ယူခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူ မင်းမင်းနှင့် မောင်ခင်အား ထပ်မံစစ်ဆေးခဲ့ရာ ၎င်းတို့သည် ၂၀၁၈ ခုနှစ် နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ယခုလတွင်း လှိုင်သာယာမြို့နယ် ရန်ကုန် - ညောင်တုန်းလမ်းမကြီးကို ပြေးဆွဲနေသော ယာဉ်လိုင်းများတွင် ခိုးယူနှိုက်ခဲ့သည့် ဖုန်းခုနစ်လုံးကိုပါ စစ်ဆေးပေါ်ပေါက်ခဲ့ပြီး ယင်းဖုန်းများကို လှိုင်သာယာမြို့နယ် ရေညက္ကံကျေးရွာ ကျောက်စိမ်းလမ်းနေ တင်တင်ညို(ခ)မညို (၄၄နှစ်)မှ တစ်ဆင့်ရောင်းချခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူ မင်းမင်းပါ သုံးဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး သက်သေခံဖုန်းများအား ပြန်လည်သိမ်းဆည်းရမိကြောင်း သိရသည်။ **ရဲပြန်ကြား**

# ဗင်နီဇွဲလားနိုင်ငံ၌ သမ္မတသက်တမ်းအသစ်အတွက် မာဒူရိုကျမ်းသစ္စာကျိန်ဆို

**ကရာကတ် ဇန်နဝါရီ ၁၁**

ဗင်နီဇွဲလားသမ္မတနီကိုလပ်စ်မာဒူရိုသည် ခြောက်နှစ်တာသက်တမ်းရှိမည့် နောက်သမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို ကြာသပတေးနေ့က နိုင်ငံတော်တရားရုံးချုပ်တွင် ပြုလုပ်ခဲ့သည်။ သမ္မတမာဒူရိုက ယခုကျမ်းသစ္စာ ကျိန်ဆိုပွဲမှာ ဗင်နီဇွဲလားပြည်သူများကိုယ်စား ၎င်းအနေဖြင့် ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတော်တရားရုံးချုပ်ဥက္ကဋ္ဌ မိုင်ကယ်မိုရီနိုအား ပြောသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအရလုပ်ပိုင်ခွင့်ရှိသည်များကို တိုင်းပြည်၏ အချုပ်အခြာအာဏာနှင့်လွတ်လပ်ရေးအတွက် အပြည့်အဝ အသုံးချသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားတွင် သမ္မတက ယခုအခမ်းအနားမှာ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် အရေးပါသည့်ခြေလှမ်းဖြစ်ကြောင်း ပြောခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံသည် ဒီမိုကရေစီနက်ရှိုင်းသောတိုင်းပြည်ဖြစ်ကြောင်း၊ ၁၉ နှစ်တာကာလအတွင်း ရာထူးနေရာအမျိုးမျိုးအတွက် ရွေးကောက်ပွဲအကြိမ် အရေအတွက် ၂၅ ကြိမ်ခန့်ကျင်းပခဲ့ပြီးဖြစ်ကြောင်းသမ္မတမာဒူရိုက ပြောသည်။ အပြည်ပြည်ဆိုင်ရာမှ ရွေးကောက်ပွဲကိုသပိတ်မှောက်ရန် တိုက်တွန်းခဲ့သော်လည်း ၂၀၁၈ ခုနှစ် မေ ၂၀ ရက်တွင် ရွေးကောက်ပွဲကိုရအောင် ကျင်းပနိုင်ခဲ့သည်။

အတိုက်အခံများကြီးစိုးသော အောက်လွှတ်တော်မှလွဲ၍ ပြည်သူ့ခေါင်းဆောင်များအားလုံးကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ ဗင်နီဇွဲလားနိုင်ငံကိုလေးစားသော နိုင်ငံပေါင်း ၉၄ နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြကြောင်း သမ္မတက ပြောသည်။ သမ္မတမာဒူရိုသည် ၆၇ ဒသမ ၈၄ ရာခိုင်နှုန်းဖြင့် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။

**ဆင်ဟွာ**




ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုကို ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနား၌ တွေ့ရစဉ်။

# တံတိုင်းတည်ဆောက်ရန် တောင်းဆိုထားသော ရန်ပုံငွေမရပါက နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာမည်ဟု ထရမ့်ဆို

ဝါရှင်တန် ဇန်နဝါရီ ၁၁

**အမေရိကန်-မက္ကဆီကိုနှစ်နိုင်ငံ နယ်စပ်တစ်လျှောက် တံတိုင်းကာရံရေးနှင့် ပတ်သက်ပြီး တောင်းဆိုထားသော ရန်ပုံငွေချပေးရန် လွှတ်တော်အား မပြောဆိုနိုင်ပါက မကြာခင်အချိန်အတွင်း နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာပြီး တပ်မတော်တည်ဆောက်ရေး ရန်ပုံငွေဖြင့် တံတိုင်းတည်ဆောက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောဆိုလိုက်သည်။**




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

ယခုရက်ပိုင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် နယ်စပ်ဒေသမှ အမေရိကန်နိုင်ငံအတွင်းသို့ တရားမဝင်ခိုးဝင်မှုများ ရပ်ဆိုင်းအောင် မည်သို့ကြိုးစားမည်ကို အဖြေရှာရန် တက္ကဆက်ပြည်နယ် မက်အလန်မြို့သို့ ရောက်ရှိနေကြောင်း သတင်းရရှိသည်။

နယ်စပ်တံတိုင်း ကာရံရန် အရေးပေါ်ရန်ပုံငွေချထားပေးရေး ဒီမိုကရက်များနှင့် ညှိနှိုင်းမရပါက အရေးပေါ်အခြေအနေကြေညာကောင်း ကြေညာမည်ဖြစ်ကြောင်း အမေရိကန်သမ္မတထရမ့်က ပြောခဲ့သည်။

ယခုဆိုလျှင် နယ်စပ်တံတိုင်းကာရံရေးရန်ပုံငွေကိစ္စ ဖြေရှင်းမရရာမှ အစပြုကာ အစိုးရယန္တရား တစ်စိတ်တစ်ပိုင်းရပ်ဆိုင်းမှုသည် ရက်ပေါင်း ၂၂ ရက်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်သည်။

အမေရိကန်သမ္မတထရမ့်က မိမိအနေဖြင့် နိုင်ငံတော်အရေးပေါ်ကြေညာခွင့်ရှိသော်လည်း အခုချိန်အထိ မလုပ်သေးကြောင်း၊ သို့သော်လည်း အလုပ်မဖြစ်ဘူးဆိုလျှင် မိမိအနေဖြင့် ကြေညာကောင်း ကြေညာနိုင်ကြောင်းလည်း ပြောခဲ့သည်။

သဘောတူညီချက်ရရေး မဖြစ်နိုင်စရာအကြောင်းမရှိသော်လည်း တစ်ဖက်က နယ်စပ်လုံခြုံရေးကို လုံးဝဂရုမစိုက်ပစ်ပယ်ထားကြောင်း ထရမ့်က ဆက်လက် ပြောကြားခဲ့သည်။

အစိုးရယန္တရားတစ်စိတ်တစ်ပိုင်း ရပ်ဆိုင်းထားမှုနှင့် ပတ်သက်ပြီး ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျရွမ်းပိုဝဲလ်က အကယ်၍ အစိုးရယန္တရားကို ကာလရှည်ကြာ ရပ်ဆိုင်းထားပါက ကမ္ဘာ့အကြီးဆုံးဖြစ်သည့် အမေရိကန်နိုင်ငံ၏ စီးပွားရေးထိခိုက်နိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။

အစိုးရယန္တရားပြန်ဖွင့်ရန် ဆန္ဒပြသူရာပေါင်းများစွာကို ယမန်နေ့က ဝါရှင်တန်ဒီစီလမ်းများပေါ်တွင် တွေ့ခဲ့ရသည်။ အစိုးရယန္တရား ရပ်ဆိုင်းထားမှုကြောင့် လစာမရဘဲ အလုပ်လုပ်နေသည့် အစိုးရဝန်ထမ်း ရှစ်သိန်းကျော်ရှိကြောင်း သတင်းရရှိသည်။

**အေအက်ဖ်ပီ**

## မက္ကဆီကို ဓာတ်ငွေ့ပိုက်လိုင်းများ တစ်လျှောက် လုံခြုံရေးတိုးမြှင့်မည်

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၁**

မက္ကဆီကို၌ ဓာတ်ငွေ့ခိုးယူသူများ၏ အန္တရာယ်ကို ကာကွယ်ရန်အတွက် ကီလိုမီတာ ၁၆၀၀ ရှည်လျားသည့် နိုင်ငံပိုင် Patroleos Mexicans ကုမ္ပဏီ၏ ဓာတ်ငွေ့ပိုက်လိုင်းတစ်လျှောက် လုံခြုံရေး တိုးမြှင့်သွားမည်ဖြစ်ကြောင်း မက္ကဆီကိုသမ္မတ အန်ဒရီယာ မန်နျူရယ်လိုပက်ဇ် အော်ဘရာဒါက ပြောကြားခဲ့သည်။

ဓာတ်ငွေ့ပိုက်လိုင်းများနှင့် သန့်စင်စက်ရုံများအား ဓာတ်ငွေ့ခိုးယူသူများရန်မှ ကာကွယ်ရန်အတွက် မက္ကဆီကိုအစိုးရသည် ဒီဇင်ဘာ ၂၇ ရက်မှစတင်ကာ တပ်ဖွဲ့ဝင် ၄၉၀၀ ပါဝင်သည့် လုံခြုံရေးဆိုင်ရာ တင်းကျပ်သော အစီအစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းအစီအစဉ်အရ ဓာတ်ငွေ့ပိုက်လိုင်းများကို ပိတ်ခဲ့ပြီး ဓာတ်ငွေ့များကို ဓာတ်ငွေ့သယ်ယာဉ်များဖြင့် ဖြန့်ဖြူးပေးခဲ့သည်။

ထိုသို့ဖြန့်ဖြူးမှုကြောင့် ဓာတ်ငွေ့ခိုးယူမှုများ လျော့ကျခဲ့သော်လည်း မက္ကဆီကိုမြို့တော်အပါအဝင် အခြားပြည်နယ်များတွင် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဓာတ်ငွေ့ခိုးယူခံရမှုများကြောင့် ဆုံးရှုံးရသည့်ငွေကြေးများကို ပြန်ရယူနိုင်ခဲ့လျှင် ဖက်ဒရယ်အစိုးရ၏ အလုပ်အကိုင်အစီအစဉ်များနှင့် ပညာတော်သင်အစီအစဉ်များတွင် အသုံးပြုနိုင်မည်ဖြစ်သောကြောင့် မက္ကဆီကိုနိုင်ငံသားများအားလုံး ပူးပေါင်းပါဝင်ကာ ဓာတ်ငွေ့သူခိုးများကို ဆန့်ကျင်တိုက်ခိုက်ကြရန် သမ္မတက တိုက်တွန်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ တိုကျိုမြို့လယ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ လေးဦးဒဏ်ရာရ

**တိုကျို ဇန်နဝါရီ ၁၁**

ဂျပန်နိုင်ငံ တိုကျိုမြို့လယ်ရှိ ဆောက်လက်စ အထပ်မြင့်အဆောက်အအုံတစ်လုံး မီးလောင်ခဲ့ရာ လေးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တိုကျိုမီးသတ်ဌာနက မီးလောင်မှုဖြစ်ပွားသည့် ဖုန်းလက်ခံတိုင်ကြားမှုကို ဇန်နဝါရီ ၁၀ ရက် ဒေသစံတော်ချိန် ညနေ ၂ နာရီခန့်တွင် ရရှိခဲ့ကြောင်း ပြောခဲ့သည်။ မီးလောင်မှုသည် တိုကျိုမြို့လယ် မင်နာတိုရပ်ကွက်ရှိ ၂၇ ထပ်တိုက်၏ အပေါ်ဆုံးအထပ် ခေါင်မိုးမီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် အဆိုပါအဆောက်အအုံ၌ အလုပ်သမားပေါင်း ၃၆၀ ခန့်ရှိကာ လူ ၃၀ ခန့်မှာ မီးလောင်မှုစတင်ဖြစ်ပွားရာ ၂၇ ထပ်တိုက် အပေါ်ဆုံးအထပ်တွင် ရှိကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံသို့ မီးသတ်ကားများ ချက်ချင်းရောက်ရှိလာပြီး မီးငြိမ်းသတ်မှုများ ပြုလုပ်ခဲ့သလို ရဟတ်ယာဉ်များလည်း တိုက်ခေါင်မိုးပေါ်တွင် အသင့်အနေအထားဖြင့် ဝဲပျံလျက်ရှိကြောင်း သိရသည်။

မီးသတ်သမားများသည် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီးနောက် မီးလောင်မှုကို တစ်နာရီအတွင်း ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုတွင် ဒဏ်ရာရရှိသူလေးဦးရှိခဲ့ကြောင်း၊ မီးလောင်မှု ဖြစ်ပွားသည့်နေရာသည် တိုကျိုမြို့ ရှင်ဘာရှင်ဘူတာအနီး စီးပွားရေးဒေသတွင်ဖြစ်ပွားခြင်းဖြစ်သည်။

အဆောက်အအုံတည်ဆောက်ရာတွင် အသုံးပြုသော အပူကာပစ္စည်းမှတစ်ဆင့် မီးလောင်ခြင်းဖြစ်ကြောင်း တိုကျိုမီးသတ်ဌာနက ပြောသည်။ **အင်န်အိတ်ချ်ကေ**



တိုကျိုမြို့လယ်ကောင်ရှိ မီးလောင်မှုဖြစ်ပွားခဲ့သည့် အဆောက်အအုံကို တွေ့ရစဉ်။

# ယခင်သမ္မတရဲ့ မူဝါဒအပေါ် ပြင်းပြင်းထန်ထန် ဝေဖန်လိုက်တဲ့ မိုက်ပွန်ပီအို

ကလျာမိုးမြင့်

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုဟာ ကြာသပတေးနေ့က အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတဟောင်း ဘားရက်အိုဘားမားအစိုးရအဖွဲ့ရဲ့ အရှေ့အလယ်ပိုင်းဒေသအပေါ်ထားရှိခဲ့တဲ့ မူဝါဒနဲ့ပတ်သက်ပြီး ပျစ်ပျစ်နှစ်နှစ်ဝေဖန်ပြောဆိုခဲ့ပါတယ်။**



ကိုင်ရိုမြို့တွင် ရောက်ရှိနေသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို

**အီရန်ကို ပိုပြီးရဲတင်းလာစေခဲ့**

မိုက်ပွန်ပီအိုက အမေရိကန်သမ္မတဟောင်းဟာ လမ်းညွှန်မှုတွေလွဲမှားခဲ့ပြီး ဖြစ်ချင်စိတ်တွေများလွန်းတဲ့ အတွေးအခေါ်တွေက ဒေသတွင်းမှာ အမေရိကရဲ့အခန်းကဏ္ဍကို သေးငယ်သွားစေခဲ့တယ်။ ဒီအရာတွေက အမေရိကန်ပြည်ထောင်စုရဲ့ ကာလကြာရှည်ချစ်ခင်ရင်းနှီးလာခဲ့တဲ့ မိတ်ဆွေတွေကို ထိခိုက်စေခဲ့တဲ့အပြင် အမေရိကန်ရဲ့ အဓိက ယှဉ်ပြိုင်ဘက်ရန်သူဖြစ်တဲ့ အီရန်ကို ပိုပြီးရဲတင်းလာစေခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။

ကိုင်ရိုရှိ အမေရိကန်တက္ကသိုလ်မှာ မိန့်ခွန်းပြောကြားခဲ့စဉ် မိုက်ပွန်ပီအိုက ထရမ့်လက်ထက် မတိုင်မီ သမ္မတ တာဝန်ထမ်းဆောင်ခဲ့တဲ့ အိုဘားမားဟာ ပြောသမျှယုံလွယ်တဲ့သူဖြစ်ပြီး အီဂျစ်အပါအဝင် အရှေ့အလယ်ပိုင်းဒေသကို ၂၀၁၁ ခုနှစ်မှာ စတင်ခြိမ်းခြောက်လာခဲ့တဲ့ ဆူပူအုံကြွမှုတွေကို ရင်ဆိုင်ရတဲ့အခါမှာ ကြောက်ရွံ့တွန့်ဆုတ်နေခဲ့တယ်လို့ ၎င်းက အပြစ်ပြောလိုက်ပါတယ်။

**ထင်မြင်ယူဆချက် လွဲမှားခဲ့သည်ဟု ပြော**

ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ်က ကိုင်ရိုမှာ အာရပ်နဲ့ မွတ်စလင်ကမ္ဘာက နိုင်ငံတွေနဲ့ အမေရိကန်ရဲ့ဆက်ဆံရေး အသစ်တစ်ရပ် စတင်ခြင်းလို့ သမ္မတအိုဘားမား ပြောဆိုခဲ့ဖူးတဲ့ မိန့်ခွန်းထဲက သဘောထားအမြင်တစ်ခုအပေါ်မှာ ပွန်ပီအိုက ပြစ်တင်ပြောဆိုခဲ့ပါတယ်။

သမ္မတဟောင်းရဲ့ ထင်မြင်ယူဆချက် လွဲမှားမှုတွေကြောင့် ဖြစ်လာတဲ့ရလဒ်တွေက ကြောက်စရာကောင်းလောက်အောင်ဆိုးရွားခဲ့တယ်လို့ မိုက်က ဆိုပါတယ်။

ကျွန်ုပ်တို့ဟာ ကိုယ့်ကိုယ်ကိုယ်အရှေ့အလယ်ပိုင်းဒေသကို ဒုက္ခပေးနေတဲ့ အင်အားစု တစ်ခုလို့ မှားယွင်းစွာရှုမြင်ခဲ့တယ်။ ဒီအတွက်ကြောင့် သူတစ်ပါးလက်ခံလာအောင် ရဲရဲတင်းတင်းပြောဆိုဖို့ လိုအပ်လာတဲ့အချိန်၊ ကျွန်ုပ်တို့ရဲ့ မိတ်ဖက်တွေက ဒီလိုလုပ်ဖို့တောင်းဆိုလာတဲ့အချိန်မှာ ကျွန်ုပ်တို့ တွန့်ဆုတ်ကြောက်ရွံ့နေခဲ့တာဖြစ်တယ်လို့ မိုက်က ပြောပါတယ်။

သမ္မတဟောင်းကို နာမည်တပ်ပြီး ပြောတာမျိုးတော့ မလုပ်ခဲ့ပါဘူး။

**ဒေသတွင်းအားနည်းချက်များကို လျစ်လျူရှု**

အမေရိကရဲ့ အာရပ်မိတ်ဆွေနိုင်ငံတွေရဲ့သံသယကိုဖြေဖျောက်ဖို့ ရည်ရွယ်တဲ့ အရှေ့အလယ်ပိုင်းဒေသ ကိုးနိုင်ငံခရီးစဉ်မှာ ပွန်ပီအိုက ယခုလို မိန့်ခွန်းပြောကြားခဲ့ခြင်း ဖြစ်ပါတယ်။

သမ္မတဟောင်း အိုဘားမားရဲ့အမျိုးသားလုံခြုံရေးကောင်စီ ဒါရိုက်တာတစ်ဦးဖြစ်ခဲ့ပြီး ယခုအခါမှာ နိုင်ငံတကာပဋိပက္ခဖြစ်ပွားမှုအဖွဲ့မှာ တာဝန်ထမ်းဆောင်နေတဲ့ ရော့ဘ်မယ်လေက မိုက်ပွန်ပီအိုရဲ့ မိန့်ခွန်းကို နားထောင်ရတာဟာ တခြားစကြဝဠာတစ်ခုက လူတစ်ယောက်ရဲ့ စကားကို နားထောင်နေရသလိုပဲ။ ဒေသတွင်းမှာရှိတဲ့ ချွတ်ယွင်းချက်၊ အားနည်းချက်တွေကို ဂရုမစိုက်တဲ့သဘောရှိနေတယ်လို့ ဆိုပါတယ်။

**ပိတ်ဆို့မှုများကို ဖြေလျှော့ပေးလိုက်သည့် ရလဒ်များဖြစ်**

ယခင်အစိုးရအဖွဲ့က အရှေ့အလယ်ပိုင်းဒေသကို ချဉ်းကပ်ခဲ့ပုံကိုလည်း မိုက်က အပြစ်မြင်နေတာ အမှန်ပါပဲ။ အထူးသဖြင့် အီရတ်နဲ့ဆီးရီးယားမှာ အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွတွေ ပေါ်ထွက်လာမှုနဲ့ အီရန်ရဲ့ ရဲတင်းလာမှု ဒါတွေအားလုံးဟာဆိုရင် ပိတ်ဆို့မှုတွေကို ဖြေလျှော့ပေးလိုက်တာတွေကြောင့် ဖြစ်လာတဲ့ တိုက်ရိုက်အကျိုးသက်ရောက်မှုရလဒ်တွေဖြစ်တယ်လို့ မိုက်က ပြောပါတယ်။

ပြီးတော့ အိုဘားမားဟာ လက်ဘနွန်မှာ အီရန်က ကျောထောက်နောက်ခံပေးထားတဲ့ ဟစ်ဇ်ဘိုလာတို့ရဲ့ လှုပ်ရှားမှုတွေ ကြီးထွားလာတာကို မျက်ကွယ်ပြုခဲ့တယ်။ ဒါ့အပြင် ယီမင်မှာ အီရန်က ကူညီထောက်ပံ့ပေးနေတဲ့ သူပုန်တွေကို နှင်ထုတ်နိုင်ဖို့လည်း ကောင်းကောင်း မလုပ်ခဲ့ဘူးလို့ ဆိုပါတယ်။

**အမှားတွေထဲက သင်ခန်းစာယူခဲ့ပြီဖြစ်**

သတင်းကောင်း တစ်ခုကတော့ ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်ရာရောက်တဲ့ အမေရိကန်ရဲ့ရှက်စရာကောင်းတဲ့ ခေတ်ပြီးဆုံးသွားပြီဆိုတာပဲ။ ပြီးတော့ မလိုအပ်ဘဲ ထိခိုက်ခံစားရအောင် လုပ်ဆောင်နေတဲ့ မူဝါဒတွေလည်း အလားတူပြီးဆုံးပြီ။ အခုဆိုရင် အသစ်ပြန်လည်စတင်ခြင်းတစ်ခု အမှန်တကယ်ဖြစ်လာပြီ။ ကျွန်ုပ်တို့ဟာ ကိုယ့်အမှားတွေထဲက သင်ခန်းစာယူခဲ့ပြီးပြီဖြစ်တာမို့ သမ္မတထရမ့်လက်ထက် အမေရိကန်ပြည်ထောင်စုဟာ ဒေသတွင်းမှာ ကောင်းမွန်တဲ့ အင်အားစုတစ်ခုအနေနဲ့ အစဉ်အဆက်တည်ရှိလာတဲ့ အခန်းကဏ္ဍကို အသစ်ပြန်လည် ဖော်ပြနိုင်ခဲ့ပြီဖြစ်တယ်လို့ မိုက်က ပြောကြားခဲ့ပါတယ်။

**ဒေသတွင်းတည်ငြိမ်မှုကိုပျက်ပြားစေ**

ပြီးခဲ့တဲ့နှစ်က နျူကလီးယားသဘောတူစာချုပ်ကနေ နုတ်ထွက်ခဲ့ချိန်ကနေစပြီး အစိုးရအဖွဲ့ဟာ တီဟီရန်အပေါ်မှာ ဖြည်းဖြည်းမှန်မှန်နဲ့ ဖိအားပေးလာခဲ့သလို ဒေသတွင်းမှာ တည်ငြိမ်မှုကို ပျက်ပြားအောင် လုပ်ဆောင်နေတဲ့ နိုင်ငံတစ်ခုလို့ စွပ်စွဲခဲ့တယ်။

ယီမင်မှာရှိတဲ့ သူပုန်တွေအတွက် ကူညီထောက်ပံ့မှုတွေအပါအဝင် အစ္စရေးကို ဆန့်ကျင်တဲ့အုပ်စုတွေနဲ့ ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ကူညီထောက်ပံ့တာတွေ စတဲ့ အမေရိကန်အာဏာပိုင်တွေ ပြောပြောနေတဲ့ အန္တရာယ်ကြီးတဲ့ အပြုအမူတွေကို အီရန်က မရပ်မချင်း ဖိအားတွေဆက်ပြီး ပေးသွားဖို့ အမေရိကန်ပြည်ထောင်စုက အလေးပေးခဲ့ပါတယ်။

အီရန်က လက်ရှိသွားနေတဲ့လမ်းကြောင်းပေါ်မှာပဲ တော်လှန်ရေးဆန်ဆန် အုပ်ချုပ်မှုနည်းစနစ်နဲ့ ဆက်သွားနေမယ်ဆိုရင် အရှေ့အလယ်ပိုင်းဒေသတွင်း နိုင်ငံတွေဟာ ဘယ်တော့မှ လုံခြုံမှုရရှိမှာ မဟုတ်သလို စီးပွားရေးတည်ငြိမ်မှုလည်း ရရှိမှာ မဟုတ်ပါဘူး။ ယုတ်စွအဆုံး ဒေသတွင်း ပြည်သူတွေရဲ့ စိတ်ကူးအိပ်မက်တွေကိုလည်း မြှင့်တင်ပေးနိုင်မှာ မဟုတ်တော့ဘူးလို့ မိုက်ပွန်ပီအိုက ပြောဆိုခဲ့ပါတယ်။

**အီရန်အပေါ် သဘောထား**

အမေရိကန် ပြည်ထောင်စုဟာ ဆီးရီးယားမှာ အီရန်နဲ့ ပတ်သက်သူ တစ်ဦးတလေမျှ မကျန်ရလေအောင် မောင်းထုတ်နိုင်ဖို့ မဟာမိတ်တွေနဲ့အတူ လက်တွဲလုပ်ဆောင်မှာ ဖြစ်တယ်လို့လည်း မိုက်က ကြိမ်းဝါးခဲ့ပါတယ်။

အီရန်နဲ့ ၎င်းရဲ့ အပေါင်းအပါတွေ မထွက်မချင်း ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ် ထိန်းချုပ်ထားတဲ့ ဧရိယာတွေအတွက် အမေရိကန်ကပေးမယ့် ပြန်လည်တည်ဆောက်ရေးအကူအညီဆိုတာ ရှိလာမှာမဟုတ်ဘူးလို့ မိုက်က ပြတ်ပြတ်သားသားပဲ ပြောကြားလိုက်တာ ဖြစ်ပါတယ်။

ရုရှားနဲ့ နီးကပ်စွာ တည်ရှိတဲ့ အီရန်ဟာ ဆီးရီးယားပြည်တွင်းစစ်အတွင်းမှာ ဆီးရီးယားအစိုးရကို ကူညီထောက်ပံ့ခဲ့ပါတယ်။ လက်နက်တွေ ထောက်ပံ့ပေးတယ်။

စစ်ဘက်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တွေနဲ့ တပ်ဖွဲ့ဝင်တွေကိုလည်း ကူညီထောက်ပံ့ပေးခဲ့ပါတယ်။

အရှေ့အလယ်ပိုင်းဒေသမှာ အီရန်ကလုပ်နေတဲ့ အပြုအမူတွေကို အမေရိကန်က သံသယအပြည့်နဲ့ မျက်စိဒေါက်ထောက် ကြည့်နေတာ ဖြစ်ပါတယ်။

ပြီးတော့လည်း အမေရိကန်ဟာ အီရန်ရဲ့ ရန်သူဖြစ်တဲ့ အစ္စရေးနဲ့ ဆော်ဒီရဲ့မဟာမိတ်နိုင်ငံတစ်ခုလည်း ဖြစ်နေပါတယ်။

အီရန်အပေါ်မှာ အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေဟာ သမိုင်းမှာ အပြင်းထန်ဆုံးပိတ်ဆို့မှုတွေ ဖြစ်လာခဲ့ပြီး ဒီထက်ပိုပြီး တင်းကျပ်လာဦးမှာဖြစ်တယ်လို့ မိုက်ကပြောဆိုခဲ့ပါတယ်။

**ဆီးရီးယားကို အမေရိကန်ရဲ့ ချဉ်းကပ်မှု**

တူရကီနဲ့ ပင်လယ်ကွေ့နိုင်ငံတွေအပြင် ဂျော်ဒန်နိုင်ငံတို့လိုပဲ အမေရိကန်ဟာ အချို့သူပုန်အဖွဲ့တွေကို ကူညီထောက်ပံ့ခဲ့ကြပါတယ်။ အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀ ခန့်ကို ဆီးရီးယားမှာ ချထားခဲ့သလို အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွတွေကို တိုက်ထုတ်ရာမှာ ပါဝင်ခဲ့ပါတယ်။

သမ္မတထရမ့်ဟာ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ဆီးရီးယားကနေ နေရပ်ပြန်ပို့ဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ ဒါပေမယ့် ဒါဟာမစ်ရှင် အပြောင်းအလဲ တစ်ခုတော့ မဟုတ်ဘူး။

အိုင်အက်စ်အဖွဲ့ရဲ့ ခြိမ်းခြောက်မှုကို တွန်းလှန်နိုင်ဖို့ ကျွန်ုပ်တို့ ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်သလို အမေရိကန်ဟာ ၎င်းရဲ့ မိတ်ဖက်တွေကိုလည်း ဒီထက်မကပိုပြီး အားထုတ်စေချင်နေတာဖြစ်တယ်လို့ မိုက်က ပြောခဲ့ပါတယ်။ ။

ကိုးကား- အေပီ၊ ဆင်ဟွာ

# နိုင်ငံတကာသတင်းတိုထွာ

## အမေရိကန်က စစ်လက်နက်ပစ္စည်းများကို ဆီးရီးယားပြင်ပသို့ ရွှေ့ပြောင်း

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

အမေရိကန်တပ်မတော်မှ စစ်လက်နက်ကိရိယာများကို မကြာသေးမီရက်များအတွင်းက ဆီးရီးယားနိုင်ငံမှ ရွှေ့ပြောင်းခဲ့ကြောင်း အမေရိကန်သတင်းမီဒီယာက ကြာသပတေးနေ့တွင် ဖော်ပြခဲ့သည်။

ကုန်ပစ္စည်းအချို့ကိုလည်း ရွှေ့ပြောင်းခဲ့ပြီးဖြစ်သည်ဟု အုပ်ချုပ်ရေးအာဏာပိုင်တစ်ဦး၏ ပြောပြချက်ကို စီအင်န်အင်န်သတင်းက ကိုးကားဖော်ပြခဲ့သည်။ မည်သည့်ကုန်စည်ပစ္စည်းများဖြစ်ကြောင်းနှင့် ယင်းပစ္စည်းများကို မြေပြင်သုံးမော်တော်ယာဉ် သို့မဟုတ် လေယာဉ်ဖြင့် သယ်ယူရွှေ့ပြောင်းခဲ့ခြင်း ဟုတ်မဟုတ် အသေးစိတ်ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

မကြာသေးမီက လုပ်ဆောင်ခဲ့သည့် စစ်လက်နက်ပစ္စည်းများအား ရုပ်သိမ်းမှုသည် ဆီးရီးယားမှ ဆုတ်ခွာမည့်အစီအစဉ်ကို ပြသရန် ရည်ရွယ်လိုခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။ လတ်တလောတွင် ဆီးရီးယား၌ ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက် ၂၀၀၀ခန့်ရှိသည်။

ဆင်ဟွာ

## ဆူလာဝေစီကျွန်းပေါ်တွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဂျပန်အကူအညီပေးအပ်မည်

**တိုကျို ဇန်နဝါရီ ၁၁**

အင်ဒိုနီးရှားနိုင်ငံ၌ ပြီးခဲ့သည့်နှစ်များအတွင်းက ဖြစ်ပွားခဲ့သည့် ငလျင်နှင့်ဆူနာမီကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဆူလာဝေစီကျွန်းပေါ်ရှိ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးကို အကူအညီပေးသွားရန် ဂျပန်နှင့် သဘောတူညီခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားအစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်နေသည့် ဂျပန်၏နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA က ကြာသပတေးနေ့တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ထိုသို့ပြန်လည်တည်ဆောက်ရေးတွင် အကူအညီပေးမည့်အစီအစဉ်ကို ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိခိုက်ပျက်စီးခဲ့သည့်ဒေသများ၏ အခြေခံအဆောက်အအုံပြန်လည်တည်ဆောက်ရေးကို JICA ၏ အစီအစဉ်ထဲတွင် ပါဝင်လာအောင် တိုးချဲ့ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြောင်း အဆိုပါအေဂျင်စီကဖော်ပြခဲ့သည်။ အခြားသော အခြေခံအဆောက်အအုံတည်ဆောက်မှုများပါ အကျုံးဝင်စေမည့် ငွေကြေးထောက်ပံ့မှုပေးအပ်ရေးလည်း အဆိုပါအစီအစဉ်၌ ပါဝင်ကြောင်း သိရသည်။ JICA အနေဖြင့် ၂၀၁၁ခုနှစ်က ဂျပန်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းငလျင်နှင့်ဆူနာမီ ဖြစ်ပွားခဲ့မှုများနှင့်ပတ်သက်၍ အတွေ့အကြုံရှိသည့် ဂျပန်အာဏာပိုင်များကိုလည်း အင်ဒိုနီးရှားသို့ စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ကဝမြို့နယ် ဖလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**ကဝ ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ဖလေးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဖလေးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ယနေ့ကာလသည် ပညာရေးဌာန၏ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာဖြစ်သော အခြေခံပညာကျောင်းများနှင့် ပညာသင်ယူရာဌာနအားလုံးတွင် တည်ရှိကြသော ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာ တိုးတက်ဖွံ့ဖြိုးလာရေးအား ဦးတည်သည့် ပိုမိုကောင်းမွန်သော သင်ကြားသင်ယူမှုများကို ဖော်ဆောင်နေချိန်၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများအားလုံး ပူးပေါင်းလက်တွဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကြီး တည်ဆောက်နိုင်အောင် အားလုံး ဝိုင်းဝန်းကြိုးစားသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေတို့က အမှာစကားပြောကြားကြပြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဖလေးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ကာ ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများ အားကစားပြုလုပ်နိုင်ရန်အတွက် ဘောလုံးများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့သည်။

ယင်းနောက် ဖလေးစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်ဦးနှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးကျော်စိုးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖလေးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ကျောင်းသား ကျောင်းသူ ၁၇၉ ဦး ဝင်ရောက်ဖြေဆိုရာ ၁၁၀ အောင်မြင်ပြီး သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာ ဂုဏ်ထူး ၁၂ ဦး၊ တစ်ဘာသာဂုဏ်ထူး ၇၀ ရရှိပြီး စုစုပေါင်း ၆၁ ဒသမ ၄၅ ရာခိုင်နှုန်း အောင်မြင်ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**



# ပုသိမ်မြို့၌ ဆန်စပါးထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်မြှင့်တင်ခြင်း အခမ်းအနားကျင်းပ

**ပုသိမ် ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက်ရှိ စွမ်းဟိုတယ်၌ တိုင်းဒေသကြီးအတွင်း အကျိုးတူလယ်ယာစနစ်နှင့် အရည်အသွေးပြည့်ဝသော စိုက်ပျိုးရေးသွင်းအားစုများ အသုံးပြု၍ ဆန်စပါးထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်မြှင့်တင်ခြင်း အခမ်းအနားကို ယမန်နေ့က စတင်ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားပြီး ပြည်ထောင်စုလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရန်လင်းက စိုက်ပျိုးရေး၊ မွေးမြူရေး၏ အရေးပါမှု၊ ဖွံ့ဖြိုးမှုနှင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။




အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရန်လင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မာစီကော့မှ Country Diector ၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိပ်ကျွာပူးပေါင်းအဖွဲ့မှ တာဝန်ရှိသူများ၊ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပုံစံ(၇)လျှောက်ထားခြင်းနှင့် ပတ်သက်၍ တောင်သူများအား ရှင်းပြပေးရန် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မှာကြား

**မကွေး ဇန်နဝါရီ ၁၁**

ဥပဒေကြောင်းအရ ထုတ်ပေးခွင့်မရှိသည့် မြေများပေါ်တွင် ပုံစံ(၇)လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် လျှောက်ထားလာပါက သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များအနေဖြင့် တောင်သူများကို ဆွေးနွေးအသိပေးရှင်းပြရန် လိုအပ်ကြောင်း မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောကြားသည်။

မြို့နယ်စုပေါင်းရုံးခန်းမ၌ ဇန်ဝါရီ ၉ ရက်က ပြုလုပ်သော ပုံစံ-၇ ပေးအပ်ပွဲ၌ တောင်သူများ ရှေ့မှောက်တွင် ကျေးရွာ၊ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များအား ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

“ဥပဒေကြောင်းအရ တောင်သူများနားလည်အောင် ရှင်းလင်းမပြဘဲ လုပ်ပေးလို့မရဘူးပြောရင် မလိုလားအပ်တဲ့ တိုင်ကြားမှုတွေ အများအပြားဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှုရှိစွာနဲ့ ဥပဒေအကြောင်းကို ချပြဆွေးနွေးပြီး တောင်သူတွေရဲ့ စိုက်ပျိုးလုပ်ကိုင်ပိုင်ဆိုင်မှုအပေါ်မှာ ဝန်ဆောင်မှုပေးနိုင်ဖို့တာဝန်သည် သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ရဲ့တာဝန်သာဖြစ်ပါတယ်” ဟု ဝန်ကြီးချုပ်က ပြောသည်။

တိုင်းဒေသကြီး၌ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း ၁၅၉၇ စု၊ ကွင်းပေါင်း ၉၉၃၀၊ ဦးပိုင်ပေါင်း ၁၇၃၅၉၈၇ ခု၊ တောင်သူပေါင်း ၉၆၄၃၃၀ ၊ စိုက်ဧကပေါင်း ၂၉၅၀၉၅၄ ဧကကို လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ်ထုတ်ပေးထားပြီး တိုင်းဒေသကြီးအတွင်း ပုံစံ(၇)ထုတ်ပေးမှု ၉၈ ဒသမ ၆၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **ဇေယျတု(မကွေး)**

# ဘူးသီးတောင်၌ ကျဆုံးရဲတပ်ဖွဲ့ဝင်၏ မိသားစုအား ထောက်ပံ့

**ကျိုင်းတုံ ဇန်နဝါရီ ၁၀**

ဇန်နဝါရီ ၄ ရက်က ဘူးသီးတောင်မြို့နယ်၊ ကထီးလု ရဲကင်းစခန်း တိုက်ခိုက်ခံရ၍ ကျဆုံးခဲ့သည့် ရဲတပ်ဖွဲ့ဝင် ရဲတပ်သားဖားဖော့၏ မိဘများထံ ဇန်နဝါရီ ၁၀ ရက်က တာဝန်ရှိသူများက ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဆွေသည် ကျိုင်းတုံမြို့နယ်၊ လွိုင်မွေအုပ်စု၊ နောင်လျန်(၂)ကျေးရွာရှိ ရဲတပ်သားဖားဖော့၏ ဖခင် ဦးအာချေးနှင့် မိခင် ဒေါ်မီတီးတို့ နေအိမ်သို့ ကျေးရွာ ရပ်မိရပ်ဖများနှင့်အတူ သွားရောက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ကျပ် ၁၀ သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ကျပ်သုံးသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျပ် ငါးသိန်း၊ မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံးမှ ကျပ် တစ်သိန်း၊ နယ်စပ်ခြံစည်းရိုးအဖွဲ့မှ ထောက်ပံ့ငွေ ကျပ်တစ်သိန်း၊ စုစုပေါင်းထောက်ပံ့ငွေ ကျပ်သိန်း ၂၀ ကို ရဲတပ်သားဖားဖော့၏မိဘများကို ပေးအပ်ပြီး **(အပေါ်ပုံ)** နှစ်သိမ့်စကား ပြောကြားသည်။ ဇန်နဝါရီ ၅ ရက် ကလည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်က ထောက်ပံ့ငွေ ကျပ် ၁၀ သိန်း၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့က ကျပ်ငါးသိန်းနှင့် ကျိုင်းတုံခရိုင် ရဲတပ်ဖွဲ့က ကျပ်နှစ်သိန်း ထောက်ပံ့ပေးခဲ့သည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**



# (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲ ပထမနေ့ည စတင်ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၁**




၂၀၁၉ ခုနှစ် (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ ပြုလုပ်ရာ ပြိုင်ပွဲပထမညအဖြစ် ယမန်နေ့က လွိုင်ကော်မြို့ ကယားဒေးကွင်း ပြခန်းဘေးရှိ ရိုးရာယဉ်ကျေးမှု အကစင်မြင့်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှိုနှင့် ဇနီး ဒေါ်မြင့်မြင့်မော်၊ ကယားပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးလုထွေးနှင့် ဇနီး နန်းစောခင်၊ ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပြိုင်ပွဲ ပထမညအနေဖြင့် ပြိုင်ပွဲဝင်များက ရိုးရာအကများဖြင့် ယှဉ်ပြိုင်ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ပြိုင်ပွဲဝင်အသင်းများမှ ဖျော်ဖြေတင်ဆက်မှုအပြီးတွင် မန္တလေးတိုင်းဒေသကြီး၊ ပုဂံမြို့မှ Tiger Dance Group အဖွဲ့အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီးနောက် လွိုင်ကော် မြို့နာနတ်တော လူငယ်များက ခေတ်ပေါ်တေးဂီတစတိတ်ရှိုးဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

ကယားပြည်နယ်နေ့ ပွဲတော်တွင် ဒေသခံ တိုင်းရင်းသားများသာမက ပြည်ထောင်စုတိုင်းရင်းသားများ၏ ရိုးရာအကများပါ ပါဝင်၍ ပြိုင်ပွဲဝင်မှုများကြောင့် ကြည့်ရှုသူပရိသတ်များအတွက် များစွာကြည်နူးပျော်ရွှင်မှုများ ရရှိနိုင်မည်ဖြစ်သည်။

(၆၇) နှစ်မြောက် ကယားပြည်နယ်နေ့ကို ပြုလုပ်ရာမှာ ယခင်နှစ်ထက် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ဆန္ဒကိုဖြည့်စွက်ကာ အားကစားနည်းများ တိုးချဲ့ဆောင်ရွက်ပေးခဲ့ခြင်း၊ အားကစားနည်းများအပြင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ဖြစ်သည့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည် ရင်းနှီးမှုရရှိစေနိုင်မည့် ရိုးရာအကများ ပါဝင်ပြိုင်ပွဲဝင်ခြင်း၊ ရိုးရာအားကစားနည်းများအပြင် နိုင်ငံတကာအားကစားနည်းများ ပါဝင်ထည့်သွင်းထားခြင်းကြောင့် နောင်လာမည့် ထူးချွန်သည့် အားကစားသမားများ ပြည်နယ်အတွင်း၌ ထွက်ပေါ်လာနိုင်ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**



# လက်တွေ့အသုံးနှင့် အဓိပ္ပာယ် (၃)

## မောင်ခင်မင် (ဓနုဖြူ)

“ တကယ်ပြောတဲ့ စကားခွန်းတွေမှာ ဝါကျအဓိပ္ပာယ်နဲ့ ကွဲလွဲတဲ့အဓိပ္ပာယ်မျိုးတွေ၊ ပိုတဲ့အဓိပ္ပာယ်မျိုးတွေ ပါလေ့ရှိတယ်။ ဆိုပါတော့။ ဝါကျပုံသဏ္ဌာန်အရ မေးခွန်းဝါကျကို ဘယ်လိုဖွဲ့ရသလဲ။ အပြောစကားဟန်နဲ့ မေးခွန်းဝါကျ သမီး လုပ်ပြစမ်းပါ ”

“ ‘ထမင်းစားပြီးပြီလား’တို့၊ ‘ဘယ်သွားမလို့လဲ’ တို့ ဖြစ်မယ်ထင်ပါတယ် ဘဘ”

“ဟုတ်ပါတယ်။ မေးခွန်းမေးရင် ‘လား’ နဲ့ ဆုံးတဲ့ မေးခွန်းဖြစ်ဖြစ်၊ ‘လဲ’ နဲ့ဆုံးတဲ့ မေးခွန်းဖြစ်ဖြစ် မေးရမှာပေါ့။ ‘လား’ နဲ့ဆုံးတဲ့ မေးခွန်းဆိုရင် ‘ဟုတ်တယ်’၊ ‘မဟုတ်ဘူး’ ဖြေနိုင်တာပေါ့။ ‘လဲ’ နဲ့ဆုံးတဲ့မေးခွန်း ဆိုရင်တော့ ဟုတ်တယ်၊ မဟုတ်ဘူးပြောလို့ မလုံလောက်ဘူး။ အဖြေတစ်ခုခုပေးရမှာပေါ့။ ဒါကမေးခွန်းဝါကျရဲ့ပုံသဏ္ဌာန်အရပြောတာလေ”

“ဟုတ်ကဲ့ပါ”

“ကဲ...သမီး စဉ်းစားကြည့်စမ်းပါ။ ခုပြောတဲ့ မေးခွန်းဝါကျတစ်မျိုးမျိုးနဲ့ပြောတိုင်း မေးခွန်းမေးတာ ဟုတ်လို့လား”

“ရှင် ဘဘ၊ ဘဘပြောတာ သမီးသဘောမပေါက်ပါဘူး”

“ဒီလိုလေ။ ဘဘက ပန်းကလေးတစ်ပွင့်ကို ကြည့်ပြီး ‘ဒီပန်းကလေး ဘယ်လောက်လှသလဲ’ လို့ ပြောတယ်ဆိုပါတော့။ ပုံသဏ္ဌာန်ကတော့ မေးခွန်းပဲ။ ဒါပေမယ့် တကယ်မေးတာဟုတ်ရဲ့လား”

“သဘောပေါက်သလိုလိုတော့ရှိပါတယ်။ ‘ဒီပန်းကလေး ဘယ်လောက်လှသလဲ’ ဆိုတာ မေးခွန်းမေးတာ မဟုတ်ပါဘူး။ ဒီပန်းကလေးသိပ်လှတယ်လို့ ချီးကျူးတာပါ ဘဘ”

“ဟုတ်ပါတယ်။ ဘဘက သမီးကို အဲဒီလိုပြောပေမယ့် သမီးက ဘယ်လောက်လှပါတယ်လို့ ပြန်ပြောရမှာမှ မဟုတ်တာ။ သမီးဆီက အဖြေလိုချင်လို့ မေးတာမဟုတ်ဘဲ ဘဘက ကိုယ့်ဟာကိုယ် ချီးကျူးစကားပြောတာလေ”

“ဟုတ်ကဲ့ပါ”

“အဲဒီလိုပဲ တစ်ယောက်ကို ‘မင်းက ငါ့ကို ဘာထင်လို့လဲ’ လို့ပြောရင် အဲဒါလည်း မေးခွန်းမဟုတ်လို့ ဘာထင်ပါတယ်လို့ ပြန်ဖြေဖို့ မဟုတ်ဘူးလေ။ မေးတဲ့သူက တစ်ဖက်လူကို မကျေနပ်လို့ ပြောတဲ့ စကားမှန်းသိနိုင်ပါတယ်”

“ဘဘ၊ ဒါဆိုရင် တစ်ယောက်က စိတ်ဆိုးပြီး ‘မင်းသေချင်လို့လား’ လို့ ကြိမ်းရင် တစ်ယောက်က ‘သေချင်ပါတယ်’၊ ‘မသေချင်ပါဘူး’ လို့ ပြန်ဖြေစရာ မလိုဘူးပေါ့နော် ဘဘ”

“ဒါကြောင့် သမီးက သဘောပေါက်လွယ်တယ်လို့ ပြောတာလေ။ အဲဒီလိုပဲ ‘မင်းက ငါ့ကို လူနုံလူအလို့ များမှတ်နေသလား’ တို့၊ ‘မင်းက ဒီကိစ္စကို မသိလို့ မေးတာလား’ တို့ဆိုတာတွေဟာလည်း ပုံသဏ္ဌာန်အရ မေးခွန်းဝါကျပေမယ့် အဓိပ္ပာယ်အရ မေးခွန်းမေးတာ မဟုတ်ဘဲ စိတ်ထဲကမကျေနပ်တာကို မေးခွန်း ပုံသဏ္ဌာန်နဲ့ ဖော်ပြတာလို့ နားလည်နိုင်တာပေါ့ ”

“ဟုတ်ကဲ့ပါ”

“အဲဒီလိုပဲ ပြောတဲ့လေသံကို နားထောင်ပြီး ပုံသဏ္ဌာန်အရ မေးခွန်းမဟုတ်ပေမယ့် မေးခွန်းမေးနေတာလို့ သိနိုင်တာမျိုးလည်းရှိတယ်”

“ပြောပြပါ ဘဘ”

“သူငယ်ချင်းတစ်ယောက်က တစ်ယောက်ကို ‘နင် မနက်ဖြန် ငါတို့အိမ်ကို လာမယ်’ ဆိုတဲ့ စကားကို ပြောတဲ့အခါ နောက်ဆုံးက ‘မယ်’ ဆိုတဲ့ အဆုံးသတ်စကားကို ပြောရိုးပြောစဉ်အတိုင်းမပြောဘဲ အသံကလေး အပေါ်မြှင့်ပြီးပြောရင် ‘နင် မနက်ဖြန် ငါတို့အိမ် လာမလား’ လို့ မေးတဲ့အဓိပ္ပာယ်ဖြစ်မသွားဘူး လား။ သမီး လက်တွေ့ပြောကြည့်လေ”

“ဟုတ်တယ်နော် ဘဘ။ ရိုးရိုးပြောတာမဟုတ်ဘဲ မေးတာဖြစ်သွားတာပေါ့”

“ ဒီတော့ ပုံသဏ္ဌာန်အရ မေးခွန်းမဟုတ်ပေမယ့် ပြောတဲ့လေသံအရ မေးခွန်းဖြစ်သွားတာမျိုးလည်း ရှိတာပေါ့ကွယ်”

“နားလည်ပါပြီ ဘဘ”

“တစ်ယောက်နဲ့တစ်ယောက် စကားနဲ့ဆက်သွယ်တယ်ဆိုတာက ဝါကျတွေကို စကားခွန်းတွေအဖြစ် လေယူလေသိမ်းအမျိုးမျိုး၊ ဟန်ပန်မူရာအမျိုးမျိုး ပြောဆိုပြီး ဆက်သွယ်ကြတာ မဟုတ်လား သမီးရယ်။ အဲဒီလို ဆက်သွယ်တဲ့အဓိပ္ပာယ်တွေဟာ အင်မတန် သိမ်မွေ့တယ်၊ ထွေပြားတယ်”

“ဟုတ်ကဲ့ပါ ”

“စကားလုံးတွေမှာ အနက်အဓိပ္ပာယ်တူတဲ့ စကားလုံးတွေ ရှိတယ်မဟုတ်လား။ အဲဒီလိုပဲ ဝါကျတွေ၊ စကားခွန်းတွေမှာလည်း အနက်အဓိပ္ပာယ် တူတာတွေ ရှိတာပေါ့။ အဓိပ္ပာယ်တူအောင် ပြောနိုင်တာပေါ့။ ဘယ်လိုတူတာလဲ ဘဘ”

“ဘဘက ပြောမယ်။ ‘ဘဘရဲ့စာကြည့်ခန်းတံခါး ဖွင့်ထားတယ်’ လို့ ပြောမယ်ဆိုပါတော့။ အဓိပ္ပာယ်တူ အောင် သမီးက ဘယ်လိုပြောမလဲ ”

“ဘဘရဲ့ စာကြည့်ခန်းတံခါးပိတ်မထားဘူးပေါ့ ဘဘ”

“ဟုတ်တယ်။ အဲဒီလို ဝါကျချင်း အဓိပ္ပာယ်တူ အောင် ပြောနိုင်တယ်။ အဲဒီလိုပဲ အနက်အဓိပ္ပာယ်ချင်း ဆန့်ကျင်ဘက်ဖြစ်နေတဲ့ ဝါကျတွေလည်း ဖန်တီးတာပေါ့”

“ဟုတ်ကဲ့ ‘အခန်းတံခါးပိတ်ထားတယ်’ နဲ့ ‘အခန်းတံခါးပိတ်မထားဘူး’က ဆန့်ကျင်ဘက်ဝါကျ တွေပေါ့နော် ဘဘ ”

“ဘဘ ကြုံဖူးတာပြောပြမယ်။ တစ်ခါက အညာကမြို့တစ်မြို့ကို ဘဘအလည်သွားတော့ မိတ်ဆွေတွေက ဘဘကို ကားနဲ့ မြို့ထဲခေါ်သွားတယ်။ ဘဘက ရှေ့တည့်တည့်မှာ တောင်တန်းလိုလိုတွေ့လိုက်တော့ လိုက်ပို့တဲ့မိတ်ဆွေကို ‘အဲဒါတောင်လား’ လို့ မေးလိုက်တော့ သူကပြန်ဖြေတယ်။ ဘယ်လိုဖြေတယ်ထင်သလဲ။ ‘တောင်မဟုတ်ဘူး၊ အရှေ့ဗျ’ တဲ့”

“ဩော်...”

“ဘဘက ‘တောင်’ ကို တောင်တန်းအဓိပ္ပာယ်နဲ့ မေးတာ။ သူက အရပ်မျက်နှာကို မေးတယ်ထင်လို့ ‘အရှေ့’ လို့ ဖြေတာလေ။ ‘တောင်’ ဆိုတဲ့ စကားလုံးက အဓိပ္ပာယ်နှစ်ခုထွက်နေတာကိုး”

“ဟုတ်တယ်နော်”

“အဲဒီလိုပဲ၊ အမေက သားတွေကို လမ်းမှာ ရန်မဖြစ်ဖို့ ဆုံးမတယ်ဆိုတဲ့ စကားဟာ ‘ရန်ဖြစ်ချင်ရင် လမ်းမှာတော့ မဖြစ်နဲ့၊ အိမ်ရောက်မှဖြစ်ကြ’ လို့ ပြောသလို ဖြစ်နေတယ်မဟုတ်လား”

“ပြောပုံမရှင်းလို့ အဓိပ္ပာယ်နှစ်ခွထွက်နေတာ ပေါ့ကွယ်”

“မှတ်သားစရာကောင်းပါတယ် ဘဘ”

“ကဲ... နောက်တစ်ခု ပြောဦးမယ်။ သမီးက ဘဘကို ‘သမီး ဒီနေ့ပဲ မန္တလေးက ပြန်လာတာပါ’ လို့ ပြောတယ်ဆိုပါတော့”

❖ “ဘဘ ကြုံဖူးတာပြောပြမယ်။ တစ်ခါက အညာကမြို့တစ်မြို့ကို ဘဘအလည်သွားတော့ မိတ်ဆွေတွေက ဘဘကို ကားနဲ့ မြို့ထဲခေါ်သွားတယ်။ ဘဘက ရှေ့တည့်တည့်မှာ တောင်တန်းလိုလိုတွေ့လိုက်တော့ လိုက်ပို့တဲ့မိတ်ဆွေကို ‘အဲဒါတောင်လား’ လို့ မေးလိုက်တော့ သူကပြန်ဖြေတယ်။ ဘယ်လိုဖြေတယ် ထင်သလဲ။ ‘တောင်မဟုတ်ဘူး၊ အရှေ့ဗျ’ တဲ့”

❖ “ဘဘက ‘တောင်’ ကို တောင်တန်းအဓိပ္ပာယ်နဲ့မေးတာ။ သူက အရပ်မျက်နှာကို မေးတယ်ထင်လို့ ‘အရှေ့’ လို့ ဖြေတာလေ။ ‘တောင်’ ဆိုတဲ့ စကားလုံးက အဓိပ္ပာယ်နှစ်ခွထွက်နေတာကိုး”

“ဟုတ်တယ်။ ဝါကျတစ်ခုထဲမှာ အဓိပ္ပာယ် ဆန့်ကျင်ဘက်ဖြစ်အောင်တောင် ပြောလို့ရတယ်။ ‘သူ့ထက်ကောင်းတာတောင် သူ့လောက်မကောင်းဘူး’ ဆိုတဲ့ ဝါကျမျိုးပေါ့”

“ဘဘ၊ သမီးသတိရလို့ပါ။ တီဗွီကြော်ငြာတဲ့ ‘အကောင်းဆုံးထက် ပိုကောင်းတာ’ ဆိုတာမျိုးလဲ အနက်ဆန့်ကျင်တာပေါ့နော်”

“ဟုတ်ပ့ဗျာ။ အကောင်းဆုံးဆိုမှတော့ သူ့ထက် ပိုကောင်းတာ ဘယ်ရှိပါ့မလဲ။ ဒါပေမယ့် ‘အကောင်းဆုံးထက်ပိုကောင်းတာ’ လို့ သုံးလိုက်တော့ မဖြစ်နိုင်တာမှန်းသိလျက်သားနဲ့ သုံးပုံထူးခြားလို့ ပိုပြီး သတိထားမိသွားတာပေါ့ကွယ်။ အဲဒါ ဘာသာစကားကို လိုသလိုသုံးနိုင်တဲ့ အာနိသင်ပေါ့”

“ဩော်၊ ဟုတ်ကဲ့ပါ၊ မှတ်ထားပါ့မယ် ဘဘ”

“ဘာသာစကားကို နိုင်နင်းကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေက ဆန့်ကျင်ဘက်အဓိပ္ပာယ်ရှိတဲ့ စကားတွေကို ဝါကျထဲမှာ အဓိပ္ပာယ်ကို လေးနက်ထူးခြားအောင် သုံးနိုင်တယ်ကွဲ့ ။ ဆရာကြီးဦးသုခ ရုပ်ရှင်တစ်ခုမှာ သုံးဖူးတဲ့ ‘ဖြစ်ချင်တာမဖြစ်ရင် ဖြစ်ချင်တာဖြစ်ပစေတော့ကွာ’ ဆိုတာမျိုး တစ်ခါက စတီရီယိုသီချင်း တစ်ပုဒ်မှာပါတဲ့ ‘မောတော့မောတာပေါ့ ဒါပေမယ့် မမောဘူး’ ဆိုတာမျိုးပေါ့ကွယ်။ အဲဒီ ဆန့်ကျင်ဘက် အသုံးတွေရဲ့နောက်ကွယ်မှာ ထူးခြားတဲ့အဓိပ္ပာယ်တွေ ရှိနေတာပေါ့”

“ဟုတ်ကဲ့ပါ။ မှတ်ထားပါ့မယ်ဘဘ”

“တချို့ဝါကျတွေက အဓိပ္ပာယ်နှစ်ခွ ထွက်တတ်တယ်။ အမှတ်မထင် သုံးလို့ပဲဖြစ်ဖြစ်၊ တမင်သုံးလို့ပဲ ဖြစ်ဖြစ် အဓိပ္ပာယ်နှစ်ခွထွက်တာမျိုးတွေ ရှိတယ်”

“ဟုတ်ကဲ့ပါ”

“ဟုတ်ကဲ့”

“သမီးရဲ့စကားမှာ ကြိုတင်ပြီးပါနေတဲ့ အဓိပ္ပာယ် တစ်ခုရှိနေတယ်။ အဲဒါဘာလဲ”

“ဩော်... ‘သမီး မန္တလေးကို ဒီနေ့မတိုင်ခင်က သွားတယ်’ ဆိုတဲ့ အဓိပ္ပာယ်ထင်ပါတယ် ဘဘ”

“ဟုတ်တယ်။ သမီးစကားထဲမှာ ကြိုတင် သက်ရောက်နေတဲ့ အနက်တစ်ခုရှိနေတာပေါ့။ သမီး စကားကို နားထောင်ပြီး အဲဒီအနက်ကို ထုတ်ယူနိုင် တာပေါ့”

“ဟုတ်ကဲ့ပါ”

“အဲဒီလိုပဲ။ လူတစ်ယောက်ကို ‘ခင်ဗျားအရက် ဖြတ်လိုက်ပြီလား’ လို့မေးရင် ဘယ်လိုအနက် ကြိုတင် ပြီးပါနေသလဲ”

“အဲဒီလူက အရက်အမြဲသောက်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါ ဘဘ”

“ဟုတ်ပါတယ်။ ယုတ်စွအဆုံးပြောရရင် ‘ကျွန်တော့်အဖေ အစည်းအဝေးတက်နေပါတယ်’ ဆိုတဲ့ စကားထဲမှာ အဲဒီပြောတဲ့သူမှာ အဖေရှိနေတယ် ဆိုတဲ့ အနက်အဓိပ္ပာယ် ကြိုတင်သက်ရောက်နေတယ် လို့ ဆိုနိုင်တယ်မဟုတ်လား”

“ဟုတ်ကဲ့ပါ”

“တကယ်တမ်းပြောရရင် လူတစ်ယောက်နဲ့ တစ်ယောက် ပြောဆိုဆက်ဆံတဲ့အခါ ဆိုလိုတဲ့ အဓိပ္ပာယ်က ပြောတဲ့စကားထက် အများကြီးပိုနေ တတ်တယ်။ ပါးစပ်က ထုတ်မပြောဘဲ ပေါ်လွင်နေတဲ့ အနက်အဓိပ္ပာယ်တွေကို ဆိုရမှာပေါ့။ အဲဒီအနက် အဓိပ္ပာယ်တွေကိုလည်း ပညာရှင်တွေက စနစ်တကျ လေ့လာထားကြတယ်။ စိတ်ဝင်စားစရာတွေ အများကြီးပဲ။ ကဲ... အခုတော့ ဒီလောက်နဲ့ပဲ...”။ ။

# ဈေးကွက်ပေါက်ဈေး

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၁-၁-၂၀၁၉

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၃၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ | ကျပ် | ၉၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၉၀၀ | ကျပ် | ၉၁၀/၉၁၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၁၀ | ကျပ် | ၇၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၉၀ | ကျပ် | ၈၃၅/၈၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၁ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၆၁ ・ ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၃၂ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၅၂ ・ ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၁၂ ・ ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၉ ・ ၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၅ ・ ၅၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ ・ ၇၃၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၆ ・ ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၃ ・ ၃၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ ・ ၉၁၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# အသက်အရွယ်အရ သီချင်းအပေါ် ခံစားမှုတွေကွာခြားသွားပြီဟုဆိုလာသည့် အဆိုတော် ဆုန်သင်းပါရ်

**ဂီတသက်တမ်း ၁၉ နှစ်အတွင်း တေးသီချင်းများစွာကိုသီဆိုခဲ့သည့် ချင်းတိုင်းရင်းသူ အဆိုတော် ဆုန်သင်းပါရ်သည် တေးသီချင်းများနှင့် ကင်းကွာနေရာမှ မကြာမီ ကျင်းပမည့် 9 Dream Show တွင် တွေ့မြင်ရမည်ဖြစ်ပြီး ဂီတလောကအပေါ် သူ၏ခံစားမှုအချို့ကို ယခုလိုပြောကြားလာခဲ့သည်။**




"ဆုန်သင်းက တိပ်ခွေခေတ်ကိုလည်း မီခဲ့ပါတယ်။ အရင်ကတော့ သီချင်းတွေက သက်တမ်းရှည်တယ်။ ကိုယ်တိုင်လက်ဖက်ရည်ဆိုင်သွားထိုင်ရင်း နားထောင်တာမျိုးဖြစ်ဖြစ်၊ ကိုယ့်အိမ်မှာနားထောင်တာပဲဖြစ်ဖြစ် ကက်ဆက်ခွေတစ်ခွေကို အကြာကြီး နားထောင်ရတယ်။ လနဲ့ချီပြီးတော့ နားထောင်ရတာ။ တချို့အခွေတွေဆို နှစ်ပေါက်တယ်။နောက်ပိုင်း CD နဲ့ နားထောင်ရတဲ့ခေတ်ဖြစ်လာတယ်။ အခုကတော့ အွန်လိုင်းပေါ်မှာတင်လိုက်တဲ့ အချိန်ခဏလေးပဲ။ ကြည့်ရတယ်။ အဆိုတော်တွေကလည်း အများကြီး ပွထနေတာပဲ။ သူ့သီချင်း ကိုယ့်သီချင်း အကုန်တင်နေတော့ သီချင်းသက်တမ်းလည်း ပိုတိုသွားတာ တွေ့ရတယ်။

"ဒီကိစ္စက ကမ္ဘာနဲ့အဝန်းမှာလည်းရှိပါတယ်။ ပြည်ပက အဆိုတော်တွေလည်း ဒါမျိုးနဲ့ပဲ သွားနေကြတာပါ။ နောက်ပိုင်းဆို CD တွေ ဘာတွေဆိုတာ ပျောက်တောင်ပျောက်သွားမယ်ထင်တယ်။ ဆုန်သင်းတို့ ငယ်ငယ်ကသိပ်ကို တက်တက်ကြွကြွနဲ့ လုပ်ခဲ့တာ။ အခု အသက်ကြီးလာလို့လားမသိဘူး။ သီချင်းအပေါ် ခံစားတာတွေ မတူတော့ဘူး။ အကြိုက်လည်း မတူတော့ဘူး။ အသက်အရွယ်ကြောင့်ဖြစ်မယ် ထင်တယ်"ဟု တေးသံရှင် ဆုန်သင်းပါရ်က ပြောပါသည်။

ဆိုရှယ်မီဒီယာခေတ်ဆိုသော်လည်း အွန်လိုင်းပေါ်တွင် မရှိတတ်ခြင်းကြောင့် မီဒီယာများ ပရိသတ်များနှင့် အနည်းငယ်စိမ်းနေသည်ဟု ထင်ရသော်လည်း ပုံမှန်နယ်ပွဲများမှာ ဆိုဖြစ်နေပြီး ၎င်း၏ တစ်ကိုယ်တော်ခွေကို ယခုနှစ်ကုန်တွင် ထွက်ဖြစ်အောင် ကြိုးစားနေသည်ဟု သိရသည်။

"ဆုန်သင်းက ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတဲ့သူဆိုတော့ ဆိုရှယ်မီဒီယာ သိပ်မသုံးဖြစ်ဘူး။ ပွဲတွေကတော့ ဆက်တိုက်သွားနေပါတယ်။ တစ်လကို လေးပွဲ ငါးပွဲလောက်တော့ ခရီးသွားဖြစ်တယ်။ အခုနောက်ပိုင်းတော့ သီချင်းတွေလုပ်ဖြစ်ပါတယ်။ သီချင်းတစ်ပုဒ်လုပ်ပြီး အွန်လိုင်းကနေ လွှင့်တယ်။ ဆုန်သင်းတို့လည်း သီချင်းတစ်ပုဒ်လုပ်ပြီးရင် အွန်လိုင်းမှာတင်ပြီး ပရိသတ်ကိုပေးကြတာလေ။ ခေတ်ရဲ့အလိုအရ ခေတ်ရေစီးကြောင်းအတိုင်းတော့ သွားရတာပါပဲ။ ဆုန်သင်းတို့က အဆိုရှင်တစ်ယောက်အနေနဲ့ ဘာလုပ်ရမယ်ဆိုတာ မသိသေးပါဘူး။ ကိုယ်လည်း သူများလုပ်သလိုပဲ လိုက်လုပ်နေတာပါပဲ။ ဆုန်သင်းရဲ့သီချင်းတစ်ပုဒ်လုပ်ပြီးသွားရင် ဒါကို MTV ရိုက်တာမျိုးတွေ။ အွန်လိုင်းမှာ လွှင့်တာမျိုးပဲဖြစ်ဖြစ် လုပ်သွားမှာပါ။ ဆုန်သင်းကတော့ သီချင်းတွေကို အွန်လိုင်းတင်ပေမယ့် အခွေလည်းထုတ်ဖြစ်မှာပါ။ ကိုယ့်ရဲ့မှတ်တိုင် တစ်ခုအနေနဲ့တော့ အခွေထုတ်ဖြစ်အောင် လုပ်မှာပါ။ ဆုန်သင်းရဲ့ တစ်ကိုယ်တော်အခွေကို ဒီနှစ်ထဲမှာတော့ ထွက်ဖြစ်အောင် လုပ်နေတယ်"ဟု ဆိုသည်။ **ကိုလင်း**

## ဒုတိယအကြိမ် ဂီတလောကထဲပြန်လည်ဝင်ရောက်လာသည့် ကိုကိုးငယ်

အဆိုတော် ရတနာဦး၏ ညီမအရင်းလည်းဖြစ်၊ တေးရေး၊ တေးဆို ဆောင်းဦးလှိုင်နှင့်အတူ တေးသီချင်းများလည်း သီဆိုခဲ့သူ လတ်တလောတွင် အွန်လိုင်း၌ နာမည်ရနေသည့် 'အကြင်နာမုန်ရင်' ဟုအမည်ပေးထားသော တေးသီချင်းလေး၏ပိုင်ရှင် တေးသံရှင် ကိုကိုးငယ်သည် ဂီတဝါသနာအရ ဒုတိယအကြိမ် ပြန်ဝင်လာပြီး အဆိုပါ တေးသီချင်းအမည်နှင့် ယခုလ ၁၇ ရက်တွင် MMN Production မှ ထွက်ရှိမည်ဟု သိရသည်။

"ဟိုးအရင်က ကိုဆောင်းဦးလှိုင်ခေါ်လို့ သူ့ရဲ့'အနက်ရောင်ဂီတလမ်း' ဆိုတဲ့အခွေမှာ နှစ်ပုဒ်လောက်တော့ ညီမဝင်ဆိုခဲ့ဖူးတယ်။ စီးပွားရေးလုပ်ငန်းတွေလုပ်ရင်းက ဂီတပိုင်းနဲ့ အလှမ်းဝေးသွားခဲ့ပေမယ့် ညီမရဲ့ အစ်မ တစ်ဝမ်းကွဲ မရတနာဦးကလည်း ညီမသီချင်းတွေကို ဝါသနာပါမှန်းသိလို့ သီချင်းတွေပြန်လုပ်ဖို့ ပြန်တိုက်တွန်းခဲ့ပါတယ်။ Title Song က 'အကြင်နာမုန်ရင်' ကိုအောင်ထက်နဲ့ ဆိုထားတာကိုလည်း အွန်လိုင်းတင်ထားတာ ပရိသတ်တွေလည်း အားပေးကြပါတယ်။ ကိုဆောင်းဦးလှိုင်ကလည်း မိုးသီချင်းလေးကို ရေးထားပါတယ်။ ခုခေတ်မှာ သီချင်းခွေတစ်ခွေထွက်ဖို့ မလွယ်ပေမယ့် ကိုယ့်ဘဝရဲ့မှတ်တိုင်အဖြစ် အမ်တီဗွီ တစ်ခါတည်းထုတ်လိုက်တာပါ"ဟု တေးသံရှင် ကိုကိုးငယ်က ပြောဆိုသည်။




အဆိုပါ သီချင်းခွေကိုလေးနှစ်ကြာကြိုတင်ပြင်ဆင်ထားပြီး သီချင်း ၁၂ ပုဒ်ပါဝင်ကာ တေးရေးအနေဖြင့် ဆောင်းဦးလှိုင်၊ ဖိုးကာ၊ ဟဲလေး၊ ဇဝါ၊ ကလုံးနှင့် နေခိုင်စိုးတို့က ရေးသားထားကြသည်။ အခွေတွင် စုံတွဲအဆိုရှင်များဖြစ်သော ဟဲလေး၊ ဖြိုးပြည့်စုံ၊ အောင်ထက်၊ ကလုံး၊ ဘုန်းကျော်သူ (ခ) သစ်နေစစ်နှင့် ရတနာဦးတို့က ပါဝင်သီဆိုထားပြီး pop ဂီတသံစဉ်ချိုချိုများ ထည့်သွင်းထားကြောင်း သိရသည်။ ဒါရိုက်တာအနေဖြင့် ဂျိုး၊ နေထိုက်စိုး၊ ဇော်ကြီး၊ သုံးပေါင်စသည့်တို့က ရိုက်ကူးထားပြီး အချစ်အကြောင်းအရာစုံထည့်သွင်း ဖော်ကျူးထားသည်။

**ကိုလင်း**

## ဗီဒီယိုဇာတ်ကားများ စတင်ဖြန့်ချိတော့မည့် သရုပ်ဆောင် စိုးသီဟ

SOE Film Production မှ ဖြန့်ချိပြီး သရုပ်ဆောင် စိုးသီဟ ခေါင်းဆောင် ပါဝင်ရိုက်ကူးထားသည့် 'ချစ်ကိုကိုနှင့် သူ၏နတ်သမီးများ' ဗီဒီယိုဇာတ်ကားကို ဇန်နဝါရီ ၄ ရက်မှစတင်ကာ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိခဲ့ကြောင်း သိရသည်။

"ကျွန်တော့် ဇာတ်ကားတွေကို ပရိသတ်နဲ့ အဆက်မပြတ်အောင် တစ်လတစ်ကားနှုန်းတော့ ကြိုးစားပြီး ရိုက်ကူးနေပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ကျွန်တော့် အစ်မသရုပ်ဆောင် လှမျိုးသဥ္ဇာနွယ်ရဲ့ ရွေးချယ်ပေးမှုနဲ့အတူ ကျွန်တော့်စိတ်ကြိုက်ဇာတ်လမ်းလေးတွေ၊ ပရိသတ်ကြိုက်မယ့် ဇာတ်လမ်းလေးတွေကိုမျှပြီး ရိုက်ကူးသွားမယ်။ လူသိများလာဖို့က ကျွန်တော့်ရည်မှန်းချက်မဟုတ်ပါဘူး။ ကျွမ်းကျင်ပိုင်နိုင်စွာသရုပ်ဆောင်နိုင်တဲ့ သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့က ကျွန်တော့်ရဲ့အဓိက ရည်မှန်းချက်ပါ။ ကျွန်တော်ရိုက်ထားတဲ့ ဇာတ်ကားတွေကိုကြည့်ပြီး 'ဒီကောင်လေး မဆိုးဘူး။ သရုပ်ဆောင်ကောင်းတယ်' လို့ မှတ်ချက်ပေးတာတွေကိုပဲ လိုချင်ပါတယ်။ မင်းသားဆိုတာထက် သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်ချင်တာ။ မဖြစ်ဖြစ်အောင်လည်းကျွန်တော်ကြိုးစားသွားမှာပါ။ ကျွန်တော့် ကားလေးတွေထွက်လာရင်လည်း အပြုသဘောနဲ့ ဝေဖန်ပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။ အခုလည်း ကျွန်တော့် ဇာတ်ကားက ပထမဆုံးစပြီးဖြန့်တဲ့ ရက်မှာပဲအခွေ ခြောက်ထောင်ကျော် ရောင်းရပြီလို့ သတင်းဝင်လာတဲ့အတွက် အများကြီးဝမ်းသာရပါတယ်။ အထက်အောက် ဖြန့်ချိပေးတဲ့ ကိုယ်စားလှယ်ကြီးတွေနဲ့ ဆိုင်သမားအားလုံးကို ကျေးဇူးတင်ပါတယ်။ ပြီးတော့ သရုပ်ဆောင်ကိုနေထူးနိုင်နဲ့ မမြသင်းချယ်တို့ရဲ့ 'မေ့ရင်ခွင်ဖြန့်ချိရေး' ကိုလည်း အထူးကျေးဇူးတင်တယ်ဆိုတာကို ကျွန်တော့်ရဲ့အစ်မ လှမျိုးသဥ္ဇာနွယ်နဲ့ ကျွန်တော်တို့ မိသားစုအားလုံးက ဒီနေရာကနေ ကျေးဇူးတင်စကားပြောပါတယ်" ဟု သရုပ်ဆောင် စိုးသီဟက ပြောသည်။



ဒါရိုက်တာမျိုးထူးရိုက်ကူးပြီး သရုပ်ဆောင် စိုးသီဟနှင့်အတူ ရတနာဗိုလ်၊ ခရစ္စတီးနား၊ ရွှေရည်သုန်သုန်၊ မိုးပွင့်ဖြူဟန်နှင့် မေသန်းနုတို့ ပါဝင်သရုပ်ဆောင်ထားသည့်'ချစ်ကိုကိုနှင့် သူ၏နတ်သမီးများ'ဇာတ်ကားတွင် သူဌေးသား ကားပြခန်း ပိုင်ရှင်တစ်ယောက်ဖြစ်ပြီး အမိုက်စားကောင်မလေး လေးယောက်နှင့် ချစ်ကြိုက်မိကာ နောက်ပိုင်းတွင် ပြဿနာပေါင်းစုံ တက်ခဲ့သည့် အကြောင်းများကို ဟာသဆန်ဆန် သရုပ်ဆောင်ထားခြင်းဖြစ်သည်။ ရည်းစားများများထားပါက ကိုယ်တကယ်ချစ်မိသူနှင့်တွေ့လျှင် အဆင်မပြေဖြစ်ကာ ဒုက္ခရောက်တတ်ကြောင်း အနုပညာနှင့်ဖန်တီးကာ ပညာပေးတင်ဆက်ထားသည်ဟု သိရသည်။

သရုပ်ဆောင်စိုးသီဟ ပါဝင်ရိုက်ကူးထားသော 'ချစ်သူ့နှလုံးသားစေညွှန်ရာ'၊ 'တိမ်ကင်းစင်တဲ့နေ့' 'အိပ်မက်လွမ်းဝေ'၊ 'ယောက္ခမတော်ဝါ'၊ 'မိုးထိအောင်လေ့ကားထောင်' အပါအဝင် အခြားဗီဒီယိုဇာတ်ကားများသည် ပရိသတ်အကြိုက်တွေ့စေသော ဇာတ်ကားများအဖြစ် ဈေးကွက်အတွင်း ရပ်တည်နေနိုင်သည်ဟု သိရသည်။

**ကိုလင်း**

## ခိုင်လီဂျန်နာနဲ့ ထရာဗစ်စကောက်တို့ လက်ထပ်ကြတော့မှာလား

ထရာဗစ် စကောက်ဟာ သူ့ချစ်သူ ခိုင်လီဂျန်နာကို ဇနီးလေးလို့ မကြာခဏခေါ်လေ့ရှိပြီး ခိုင်လီဂျန်နာကလည်း ဘယ်ဘက်လက်မှာ စိန်လက်စွပ်ဝတ်ဆင်ထားတာကို တွေ့ရတဲ့အတွက် သူတို့နှစ်ဦးစေ့စပ်ပြီလားဆိုပြီး သတင်းတွေထွက်ပေါ်လာပါတယ်။ ထရာဗစ်စကောက်နဲ့ ခိုင်လီဂျန်နာတို့ဟာ သူတို့နှစ်ဦးအနေနဲ့ တကယ်နီးစပ်ပြီး ဇနီးမောင်နှံတွေလိုပဲ ခံစားရတယ်လို့ မကြာခဏထုတ်ပြောလေ့ရှိပါတယ်။ ဒါကြောင့်မကြာမီမှာ တရားဝင်လက်ထပ်ကြတော့မှာလားဆိုပြီး ထင်ကြေးပေးနေကြပါတယ်။ ခိုင်လီဂျန်နာရဲ့လက်မှာ စိန်လက်စွပ်ဝတ်ဆင်ထားတာကို တွေ့ရတဲ့အတွက် ထရာဗစ်စကောက်ကများ လက်ထပ်ခွင့်တောင်းခဲ့သလားဆိုပြီး ပရိသတ်တွေကသိချင်နေကြပါတယ်။ ဒီစုံတွဲဟာ တကယ်လို့များ စေ့စပ်ဖြစ်ခဲ့ရင်တောင် လျှို့ဝှက်ထားမယ့်စုံတွဲပါ။ ခိုင်လီကိုယ်ဝန်ရှိတုန်းကလည်း ဒီလိုပါပဲ။ လူသိရှင်ကြားကြေညာခြင်းမရှိခဲ့ပါဘူး။ ၂၀၁၈ ဖေဖော်ဝါရီ ၄ ရက်ကျမှ သမီးကလေးနဲ့ပုံကို ပရိသတ်ကို ထုတ်ပြခဲ့တာပါ။ ထရာဗစ်ကတော့ သူတို့စုံတွဲဟာ အနေးနဲ့အမြန်ဆိုသလို လက်ထပ်တော့မယ်လို့ပြောပါတယ်။ ဒီစုံတွဲဟာလက်ထပ်ပြီးပြီဆိုပြီး မကြာခဏဆိုသလို ပရိသတ်တွေကို စနောက်လေ့ရှိပါတယ်။ အခုအချိန်မှာတော့ သူတို့စုံတွဲမှာသမီးလေးစတောမီလည်းရနေပြီဖြစ်လို့ ထရာဗစ်ပြောသလို မကြာမီလက်ထပ်ကြတော့မယ်လို့ ပရိသတ်တွေက မျှော်လင့်နေကြပါတယ်။ **ဟောလိဝုဒ်လိုက်ဖ်**

## ဒုတိယအကြိမ် ဟန်နီးမွန်းခရီးစဉ်နဲ့ ပရီယန်ကာကို အံ့အားသင့်အောင်လုပ်နိုင်ခဲ့



မကြာသေးခင်က လက်ထပ်ခဲ့တဲ့ ပရီယန်ကာချိုပရာနဲ့ နစ်ခ်ဂျိုနာ့စ်တို့ဟာ မင်္ဂလာဧည့်ခံပွဲတွေ အများကြီးလုပ်ရုံနဲ့ မကျေနပ်သေးပါဘူး။ အခုလည်း ဒုတိယအကြိမ် ဟန်နီးမွန်းအဖြစ် ကာရေဘီယံကို သွားခဲ့ပါတယ်။ ပထမအကြိမ် ဟန်နီးမွန်းကတော့ ဆွစ်ဇာလန်ကို သွားခဲ့တာပါ။ ဇန်နဝါရီ ၉ရက်က ကာရေဘီယံကို သွားခဲ့တာပဲဖြစ်ပါတယ်။ ယခု သီတင်းပတ်အတွင်း ဒုတိယအကြိမ် ဟန်နီးမွန်းခရီးစဉ်နဲ့ နစ်ခ်က ပရီယန်ကာကို အံ့အားသင့်အောင်လုပ်လိုက်နိုင်ခဲ့ပါတယ်။ အခုဆိုရင် သူတို့နှစ်ဦးဟာ ကမ်းခြေမှာအေးအေးဆေးဆေးအပန်းဖြေနေကြပြီး ဒီခရီးစဉ်ကို နစ်ခ်တစ်ယောက်ထဲကပဲ စီစဉ်ခဲ့တာလို့သိရပါတယ်။ ဇန်နဝါရီ ၁၀ ရက်တုန်းကလည်းနစ်ခ်က မစ္စတာနဲ့ မစ္စဂျိုနာ့စ်ဆိုပြီး သူတို့နှစ်ဦးအပန်းဖြေနေတဲ့ပုံကို လူမှုကွန်ရက်မှာတင်ခဲ့ပါတယ်။ သူတို့ရောက်နေတဲ့နေရာ အတိအကျကိုဖော်ပြထားခြင်းမရှိပေမယ့် ပရိသတ်တွေကတော့ ကရင်နာဒါကျွန်းမှာရောက်နေတာလို့ ခန့်မှန်းခဲ့ကြပါတယ်။ သူတို့နှစ်ဦးဟာ အိန္ဒိယမှာ သုံးရက်ကြာမင်္ဂလာဧည့်ခံပွဲပြုလုပ်ပြီး ဒီဇင်ဘာ ၁ ရက်မှာတော့ အနောက်တိုင်းထုံးစံအတိုင်းမင်္ဂလာပွဲပြုလုပ်ခဲ့ပါတယ်။ ဆွစ်ဇာလန်ကို ဟန်နီးမွန်းထွက်တုန်းကလည်း နစ်ခ်ဟာသူနဲ့ ညီအစ်ကိုတော်သူဂျိုဂျိုနာ့စ်နဲ့ ဇနီးလောင်းဆိုဖီယာတန်နာ အပါအဝင် အခြားခင်မင်ရင်းနှီးတဲ့မိတ်ဆွေတွေကို သူတို့စုံတွဲရဲ့ခရီးစဉ်ဓာတ်ပုံတွေမျှဝေခဲ့ပါတယ်။ အခုလည်း နစ်ခ်နဲ့ ပရီယန်ကာတို့ဟာ ကာရေဘီယံကျွန်းမှာ အပျော်ကြီးပျော်နေကြပြန်ပါပြီ။ **ဟောလိဝုဒ်လိုက်ဖ်**

**ခြူး**

# ဆိုးလ်ရှားအတွက် ပထမဆုံး အခက်အခဲ

ဝေမိုးဆက်

**ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ် ၂၂ကို လာမယ့် ဇန်နဝါရီ ၁၂ရက်၊ ၁၃ရက်၊ ၁၅ ရက်နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်တယ်။ ဒီပွဲစဉ်မှာတော့ ပထမအကျော့မှာ စပါးကို သုံးဂိုးပြတ်အရေးနိမ့်ခဲ့ရတဲ့ မန်ယူအနေနဲ့ စပါးအိမ်ကွင်းမှာ သွားကစားရမှာဖြစ်တာကြောင့် ဆိုးလ်ရှားအနေနဲ့ မော်ရင်ညိုရဲ့ရှုံးနိမ့်ခဲ့မှုကို ပြန်လည် ပေးဆပ်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပြီး လီဗာပူး၊ အာဆင်နယ်၊ မန်စီးတီးတို့လည်းနိုင်ပွဲဆက် နိုင်မလားဆိုတာ စိတ်ဝင်တစားစောင့်ကြည့်ရမှာ ဖြစ်ပါတယ်။**

## ဝက်စ်ဟမ်း Vs အာဆင်နယ်

ပထမအကျော့ရလဒ် - အာဆင်နယ် ၃-၁ ဝက်စ်ဟမ်း

**ကစားမည့်အချိန်** ည ၇း၀၀ (၁၂-၁-၁၉) **London Stadium**

အာဆင်နယ်ဟာလက်ရှိအချိန်မှာ အဆင့် ၄ နေရာက ချယ်လ်ဆီးနဲ့ သုံးမှတ်သာ ကွာဟတော့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် ပွဲတိုင်းကို အားစိုက်ကစားနေပါတယ်။ အာဆင်နယ်အနေနဲ့ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေပြီး နောက်ဆုံးပွဲစဉ်မှာ ဖူလ်ဟမ်ကို လေးဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း အာဆင်နယ်ဟာ အဝေးကွင်းပွဲတွေမှာဆိုရင်တော့ ဂိုးသွင်းခြေ အနည်းငယ်ကျဆင်းတတ်ပါတယ်။ အာဆင်နယ် ကပ်ပြီးပဲနိုင်မယ်။

## ဘန်လေ Vs ဖူလ်ဟမ်

ပထမအကျော့ရလဒ် - ဖူလ်ဟမ် ၄-၂ ဘန်လေ

**ကစားမည့်အချိန်** ည ၉း၃၀ (၁၂-၁-၁၉) **Turf Moor**

ဘန်လေက တန်းမဆင်းရဖို့ အားစိုက်ကစားနေသလို လက်ရှိခြေစွမ်းကလည်း တိုးတက်လာပါတယ်။ တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိလာပြီး ခံစစ်ကစားပုံလည်းအမှားနည်းလာတာကို တွေ့ရပါတယ်။ ဒီပွဲက အိမ်ကွင်းဖြစ်တာကြောင့်လည်း ဘန်လေတို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဖူလ်ဟမ်ကတော့တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခံစစ်ပိုင်းအားနည်းမှုနဲ့ အဝေးကွင်းခြေစွမ်းက တိုးတက်မှုမရှိပါဘူး။ ဘန်လေတို့ အိမ်ကွင်းမှာနိုင်ပွဲရမယ်။

## ပဲလေ့စ် Vs ဝက်ဖို့ဒ်

ပထမအကျော့ရလဒ် - ဝက်ဖို့ဒ် ၂-၁ ပဲလေ့စ်

**ကစားမည့်အချိန်** ည ၉း၃၀ (၁၂-၁-၁၉) **Selhurst Park**

ပဲလေ့စ်ရဲ့ခြေစွမ်းပိုင်းက မဆိုးဘူး။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ချယ်လ်ဆီးတစ်သင်းတည်းကိုသာ အရေးနိမ့်ခဲ့ပြီး အဆိုပါပွဲမှာလည်း ချယ်လ်ဆီးကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့ကာ တစ်ဂိုး-ဂိုးမရှိနဲ့သာ ကပ်ရှုံးခဲ့ရတာဖြစ်ပါတယ်။ ဝက်ဖို့ဒ်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအနည်းငယ်အားနည်းလာပါတယ်။ နောက်ဆုံးသုံးပွဲဆက် အနိုင်မရခဲ့ပါဘူး။ ဒါကြောင့်လည်း ဒီပွဲမှာ ပဲလေ့စ်က အိမ်ကွင်းမှာ ပွဲကိုထိန်းချုပ်ပြီး နိုင်ပွဲရယူသွားမယ်လို့ မြင်မိပါတယ်။

## လက်စတာ Vs ဆောက်သမ်တန်

ပထမအကျော့ရလဒ် - ဆောက်သမ်တန် ၁-၂ လက်စတာ

**ကစားမည့်အချိန်** ည ၉း၃၀ (၁၂-၁-၁၉) **King Power Stadium**

ဆောက်သမ်တန်က လက်ရှိအချိန်မှာ အမှတ်ပေးဇယားရဲ့အဆင့် ၁၈ နေရာမှာ ရှိနေပေမယ့် အဆင့် ၁၇ နေရာကကာဒစ်ဖ်နဲ့ နှစ်မှတ်သာကွာတာကြောင့် တန်းမဆင်းရဖို့ မျှော်လင့်နိုင်ခြေရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဆောက်သမ်တန်တို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့် လက်စတာကလည်း အိမ်ကွင်းမှာ အားစိုက်ကစားလာမှာဖြစ်တာကြောင့် ဆောက်သမ်တန်တို့ ကစားရခက်နိုင်ပြီး သရေလောက်ပဲရမယ်။

## ဘရိုက်တန် Vs လီဗာပူး

ပထမအကျော့ရလဒ် - လီဗာပူး ၁-၀ ဘရိုက်တန်

**ကစားမည့်အချိန်** ည ၉း၃၀ (၁၂-၁-၁၉) **The American Express**

မန်စီးတီးကိုအရေးနိမ့်ခဲ့ရလို့ လီဗာပူးတို့ အမှတ်ပေးဇယားမှာ လေးမှတ်ပဲအသာရပါတော့တယ်။ ဒါကြောင့် ဒီပွဲမှာလည်း လီဗာပူးအနေနဲ့ နိုင်ပွဲရယူနိုင်ပြီး အမှတ်ကွာဟမှုကို ဆက်ထိန်းနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဘရိုက်တန်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းမဆိုးသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း လီဗာပူးထိုးစစ်ကို ထိန်းချုပ်နိုင်ဖို့ခက်တယ်။ လီဗာပူးပဲအနိုင်ရမယ်။

## ကာဒစ်ဖ် Vs ဟက်ဒါဖီးလ်

ပထမအကျော့ရလဒ် - ဟက်ဒါဖီးလ် ၀-၀ ကာဒစ်ဖ်

**ကစားမည့်အချိန်** ည ၉း၃၀ (၁၂-၁-၁၉) **Cardiff City Stadium**

ကာဒစ်ဖ်ကလက်ရှိအချိန်မှာ အချိန်မရွေး တန်းဆင်းဇုန်ထဲကိုရောက်ရှိသွားနိုင်တဲ့ အခြေအနေဖြစ်နေပါတယ်။ ဒါကြောင့်လည်း အခုလို အိမ်ကွင်းပွဲမှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဟက်ဒါဖီးလ်ကတော့ လက်ရှိအချိန်မှာ အမှတ်ပေးဇယားရဲ့အောက်ဆုံးမှာရောက်ရှိနေသလို ခြေစွမ်းပိုင်းကလည်း အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း ဟက်ဒါဖီးလ်အနေနဲ့ ဒီပွဲမှာ ကာဒစ်ဖ်ကို ထိန်းချုပ်နိုင်ဖို့ခက်ပြီး ကာဒစ်ဖ်ပဲနိုင်ပွဲကပ်ရမယ်။

## ချယ်လ်ဆီး Vs ကာဆယ်

ပထမအကျော့ရလဒ် - ကာဆယ် ၁-၂ ချယ်လ်ဆီး

**ကစားမည့်အချိန်** နံနက် ၀၀း၀၀ (၁၃-၁-၁၉) **Stamford Bridge**

ချယ်လ်ဆီးသာ နောက်ဆုံးပွဲစဉ်မှာ ဆောက်သမ်တန်နဲ့ ဂိုးမရှိသရေကျခဲ့တာကြောင့် အာဆင်နယ်ထက် သုံးမှတ်သာ အသာရတော့တဲ့ အခြေအနေဖြစ်သွားရပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးတို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် လိဂ်ဖလားဆီမီးဖိုင်နယ်ကစားခဲ့ရလို့ ပွဲပန်းမှုတွေ ရှိလာနိုင်ပါတယ်။ ကာဆယ်ကလည်း တန်းမဆင်းရဖို့အားစိုက်ကစားလာမှာဖြစ်တာကြောင့် ချယ်လ်ဆီးတို့ဒီပွဲမှာလည်း အခက်တွေ့နိုင်ကာ ကပ်ပြီးပဲအနိုင်ရမယ်။

## စပါး Vs မန်ယူ

ပထမအကျော့ရလဒ် - မန်ယူ ၀-၃ စပါး

**ကစားမည့်အချိန်** ည ၁၁း၀၀ (၁၃-၁-၁၉) **Wembley Stadium**

စပါးဟာ လက်ရှိအချိန်မှာခြေစွမ်းပိုင်းအရ ကောင်းမွန်နေပါတယ်။ ဒီပွဲကလည်း အိမ်ကွင်းဖြစ်နေလို့ ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက် အားစိုက်ကစားလာမှာ ဖြစ်တယ်။ အထူးသဖြင့် ဒီပွဲကိုအရေးနိမ့်ခဲ့မယ်ဆိုရင် အာဆင်နယ်၊ ချယ်လ်ဆီးတို့အပြင်မန်ယူရဲ့ဖိအားပေးမှုကိုပါခံလာရနိုင်တာကြောင့် စပါးတို့ခြေကုန်ထုတ်မှာပါ။ ဒါပေမယ့် စပါးက လိဂ်ဖလားပွဲကြောင့် ပွဲပန်းလာနိုင်သလို မန်ယူရဲ့ခြေစွမ်းကလည်း ကောင်းမွန်နေတာကြောင့် သွင်းဂိုးအများနဲ့သရေကျမယ်။

## မန်စီးတီး Vs ဝုဖ်

ပထမအကျော့ရလဒ် - ဝုဖ် ၁-၁ မန်စီးတီး

**ကစားမည့်အချိန်** နံနက် ၂း၃၀ (၁၅-၁-၁၉) **Etihad Stadium**

မန်စီးတီးအနေနဲ့လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းနေပါတယ်။ နောက်ဆုံးပွဲစဉ်မှာလည်း လီဗာပူးကိုအနိုင်ယူပြီး အမှတ်ကွာဟမှုကို လျှော့ချနိုင်ခဲ့ပါတယ်။ လိဂ်ဖလားပွဲကစားခဲ့ရမှာဖြစ်ပေမယ့် အသင်းငယ်နဲ့သာကစားခဲ့ရမှာဖြစ်လို့ အရန်အင်အားတောင့်တင်းတဲ့ မန်စီးတီးတို့ပွဲမပန်းနိုင်ပါဘူး။ ဝုဖ်ကတော့ ခြေစွမ်းပိုင်းမဆိုးပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းကအားနည်းမှုတွေရှိတတ်ပါတယ်။ မန်စီးတီးပဲ ဂိုးပြတ်အနိုင်ရမယ်။

## အဲဗာတန် Vs ဘုန်းမောက်

ပထမအကျော့ရလဒ် - ဘုန်းမောက် ၂-၂ အဲဗာတန်

**ကစားမည့်အချိန်** ည ၈း၄၅ (၁၃-၁-၁၉) **Goodison Park**

အဲဗာတန်က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကျဆင်းနေပြီး နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရယူနိုင်ခဲ့ကာ လေးပွဲတိတိအရေးနိမ့်ခဲ့ရပါတယ်။ အထူးသဖြင့် အဲဗာတန်ရဲ့တိုက်စစ်ပိုင်းက အခုနောက်ပိုင်း ဂိုးသွင်းခြေအတော်လေးအားနည်းနေတာကို တွေ့ရပါတယ်။ ဘုန်းမောက်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအားနည်းနေပြီး နောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာ အနိုင်ရထားတဲ့အသင်းပါ။ ခြေစွမ်းပိုင်းကွာဟမှုကျဉ်းမြောင်းတဲ့ဒီပွဲမှာတော့ သရေကျသွားဖို့များပါတယ်။

## ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လီဗာပူးအသင်း ဗိုလ်စွဲနိုင်ကြောင်း ဟော်လန်တိုက်စစ်မှူးဟောင်း ဂျွန်ဗန်လိုအန် ဟောကိန်းထုတ်

ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းက ချန်ပီယံဆုကို ကိုင်မြှောက်နိုင်လိမ့်မည်ဟု အိုင်းယက်စ်အသင်းတိုက်စစ်မှူးဟောင်း ဂျွန်ဗန်လိုအန်က ဟောကိန်းထုတ်ပြောဆိုလိုက်သည်။

လီဗာပူးအသင်းသည် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ၏ ၁၆ သင်း ရှုံးထွက်အဆင့်တွင် ဂျာမနီထိပ်တန်းကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ လီဗာပူးအသင်းသည် ချန်ပီယံလိဂ် (ယခင် ဥရောပဖလား) ပြိုင်ပွဲတွင် ချန်ပီယံဆု ငါးကြိမ်ရရှိခဲ့သည့် အသင်းဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၇-၁၈ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ခဲ့သူ ဖြစ်သည်။ ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ၏ ၁၆ သင်းရှုံးထွက်အဆင့်တွင် တိုက်စစ်မှူးဟောင်း ဂျွန်ဗန်လိုအန်၏ အသင်းဟောင်းဖြစ်သည့် အိုင်းယက်စ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။



၁၉၉၁ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ အိုင်းယက်စ်အသင်းတွင် ပါဝင်ကစားခဲ့သူ ဟော်လန်တိုက်စစ်မှူးဟောင်း ဂျွန်ဗန်လိုအန်က "အခုနှစ် ဘောလုံးရာသီရဲ့ ၁၆ သင်း ရှုံးထွက်အဆင့်မှာ အိုင်းယက်စ်အသင်းက ရီးရဲအသင်းကို အနိုင်ယူနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်မိတယ်။

အခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ လီဗာပူးအသင်းက ဗိုလ်စွဲသွားလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဘာစီလိုနာနဲ့ ဂျူဗင်တပ်စ်တို့က ရှုံးထွက်အဆင့်တွေမှာ အခြေအနေမကောင်းနိုင်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ ဘာစီလိုနာနဲ့ ဂျူဗင်တပ်စ်အသင်းတွေမှာ မက်ဆီ၊ ရော်နယ်ဒိုတို့လို ထိပ်တန်းကစားသမားတွေ ရှိနေတယ်။ ဒါပေမယ့် လီဗာပူးအသင်းမှာလည်း ဆာလက်ရှိနေပြီး ဆာလက်ရဲ့နောက်မှာ သူ့အတွက် အစွမ်းကုန် ကြိုးစားပံ့ပိုးပေးမယ့် ကစားသမားတွေလည်း ရှိနေတယ်"ဟု ပြောဆိုခဲ့သည်။ **ထက်အောင်**

## လာလီဂါပွဲစဉ် (၁၉)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၁-၁-၁၉** |
| ဗယ်လီကာနို | - | ဆဲလ်တာဗီဂို | နံနက် ၂း၃၀ |
| **စနေနေ့** | | | **၁၂-၁-၁၉** |
| လီဂါနက်စ် | - | ဝက်စ်ကာ | ည ၆း၃၀ |
| ဗလန်စီယာ | - | ဗယ်လာဒိုးလစ် | ည ၉း၄၅ |
| ဂျီရိုနာ | - | အလာဗက်စ် | နံနက် ၀၀း၀၀ |
| ဗီလာရီးရဲ | - | ဂီတာဖေး | နံနက် ၂း၁၅ |
| **တနင်္ဂနွေနေ့** | | | **၁၃-၁-၁၉** |
| အက်သလက် | - | လီဗန်တေး | ည ၅း၃၀ |
| ဘီဘာအို | - | ဆီဗီလာ | ည ၉း၄၅ |
| ဘာစီလိုနာ | - | အီဘာ | နံနက် ၀၀း၀၀ |
| ဘက်တစ် | - | ရီးရဲ | နံနက် ၂း၁၅ |
| **တနင်္လာနေ့** | | | **၁၄-၁-၁၉** |
| ဆိုစီဒက်စ် | - | အက်စ်ပန်ညိုး | နံနက် ၂း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၂၀)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၁-၁-၁၉** |
| လိုင်ယွန် | - | ရိမ်းစ် | နံနက် ၂း၁၅ |
| **စနေနေ့** | | | **၁၂-၁-၁၉** |
| အာမီယန် | - | ပီအက်စ်ဂျီ | ည ၁၀း၃၀ |
| ကိန်း | - | လေလီ | နံနက် ၁း၃၀ |
| ဒီဂျွန် | - | မောင့်ပယ်လီယာ | နံနက် ၁း၃၀ |
| ဂူအင်ဂမ့် | - | စိန့်အက်တီယန် | နံနက် ၁း၃၀ |
| နိုက်စ် | - | ဘော်ဒိုး | နံနက် ၁း၃၀ |
| နီမက်စ် | - | အန်ဂျာစ် | နံနက် ၁း၃၀ |
| **တနင်္ဂနွေနေ့** | | | **၁၃-၁-၁၉** |
| နန့်စ် | - | ရိန်းနက်စ် | ည ၈း၃၀ |
| တူးလောက်စ် | - | စထရက်ဘော့ဂ် | ည ၁၀း၄၅ |
| မာဆေး | - | မိုနာကို | နံနက် ၂း၃၀ |

## မန်ယူကစားသမား ဟာရီရာအား ပြန်လည်ခေါ်ယူရန် ဘီဘာအိုအသင်း စိတ်ဝင်စားနေ

စပိန် လာလီဂါကလပ် ဘီဘာအိုအသင်းက မန်ယူအသင်း ကွင်းလယ်ကစားသမား အန်ဒါ ဟာရီရာအား ပြန်လည်ခေါ်ယူရန် စိတ်ဝင်စားမှု ရှိနေကြောင်း အတည်ပြုသတင်း ထုတ်ပြန်လိုက်သည်။



အသက် (၂၉ နှစ်) အရွယ်ရှိ စပိန်ကစားသမား ဟာရီရာသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဘီဘာအိုအသင်းတွင် ပါဝင်ကစားခဲ့ပြီးနောက် ၂၀၁၄ ခုနှစ် နွေရာသီဈေးကွက်ကာလအတွင်းတွင် မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ ကွင်းလယ်ကစားသမား ဟာရီရာသည် မန်ယူအသင်းအတွက် စုစုပေါင်း ၁၇၇ ပွဲ ပါဝင်ကစားထားကာ ၁၉ ဂိုး သွင်းယူထားပြီး မန်ယူအသင်းနှင့်အတူ အက်ဖ်အေဖလား၊ ကားလင်းဖလား၊ ကွန်မြူနတီဒိုင်းနှင့် ယူရိုပါလိဂ် ချန်ပီယံဆုဖလားများကို တစ်ကြိမ်စီ ရရှိထားသူဖြစ်သည်။

ကွင်းလယ်ကစားသမား ဟာရီရာနှင့် မန်ယူအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ လာမည့်နွေရာသီအတွင်းတွင် ကုန်ဆုံးမည်ဖြစ်ပြီး မန်ယူအသင်းနှင့် ဟာရီရာတို့သည် စာချုပ်သစ် ချုပ်ဆိုရေးအတွက် သဘောတူညီမှုရရှိခြင်း မရှိသေးပေ။ ထို့ကြောင့် ကွင်းလယ်ကစားသမား ဟာရီရာသည် လာမည့် နွေရာသီဈေးကွက်ကာလတွင် ပြည်ပကလပ်တစ်သင်းသို့ ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ပြောင်းရွှေ့ရေးအတွက် အကြိုသဘောတူ စာချုပ်ချုပ်ဆိုခွင့်ရှိနေသူဖြစ်သည်။ သို့သော်လည်း Manchester Evening News သတင်းစာက မန်ယူအသင်းနှင့် ဟာရီရာတို့သည် စာချုပ်သစ်ချုပ်ဆိုရေးအတွက် ဆွေးနွေးမှုများပြုလုပ်နေကြောင်း ရေးသားဖော်ပြခဲ့သည်။ ထို့အပြင် ဟာရီရာနှင့် နီးစပ်သူများကလည်း ဟာရီရာအနေဖြင့် မန်ယူအသင်းတွင်သာ ဆက်နေရန် ဆန္ဒရှိနေသူဖြစ်ကြောင်း ပြောဆိုခဲ့သည်။

**ထက်အောင်**

## ပြည်ထောင်စုလွှတ်တော်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး ရာထူး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ၂၂နေရာအတွက် အောက်ပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ အနည်းဆုံး ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။ (ဥပဒေ/စီးပွားရေး/နိုင်ငံတကာဆက်ဆံရေး/အင်္ဂလိပ်စာ/ကွန်ပျူတာ ဘွဲ့ရရှိသူများ ဦးစားပေးမည်။)

(ဂ) ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။

(ဃ) ၁၀-၂-၂၀၁၉ရက်တွင် (၂၅)နှစ်ထက်မကျော်စေရ၊

(င) မဟာဘွဲ့နှင့်အထက် ရရှိသူများအတွက် ၁၀-၂-၂၀၁၉ ရက်တွင် (၃၀)နှစ်ထက်မကျော်စေရ။

(စ) မဟာဘွဲ့နှင့်အထက်ရရှိသူများအား ခန့်ထားခြင်းခံရပါက တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ရေးအတွက် ခွင့်ချက်ဖြင့် စဉ်းစားပေးမည်။

(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များကို ဖော်ပြ၍ကိုယ်တိုင် လက်မှတ်ရေးထိုး လျှောက်ထားရမည်။

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးနေ့သက္ကရာဇ်(အသက်)

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်

(င) အိမ်ထောင်ရှိ/မရှိ၊ အိမ်ထောင်ရှိလျှင်ဇနီး/ခင်ပွန်း၏အမည်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာဖော်ပြရန်

(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ် အကိုင်

(ဆ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ပူးတွဲပါရှိရမည်-

(က) တစ်လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ (နောက်ကျော တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

(ခ) ဘွဲ့လက်မှတ်(သို့မဟုတ်)သက်ဆိုင်ရာတက္ကသိုလ်၏ထောက်ခံချက်မိတ္တူ

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မိတ္တူ

(ဃ) ကွန်ပျူတာအခြေခံအောင်လက်မှတ်မိတ္တူ

(င) ခြောက်လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ

(စ) တစ်လအတွင်းရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်း၏ ထောက်ခံ ချက်

(ဆ) အနည်းဆုံးသုံးနှစ်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုဝန်ခံချက်

(ဇ) တစ်လအတွင်းပြုလုပ်ထားသည့် ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်

၄။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ရုံးအမှတ်(၂၀)၊ နေပြည်တော်သို့ လိပ်မူ၍ ရုံးဖွင့်ရက်များတွင် ၉းနာရီမှ ညနေ ၄း၃၀ နာရီအတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်း ကောင်း ၂၄-၁-၂၀၁၉ရက်(ကြာသပတေးနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၅။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ် ချက်နှင့် မကိုက်ညီသူများအား ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၆။ ဖြေဆိုခွင့်ရရှိသူများစာရင်းကိုပြည်ထောင်စုလွှတ်တော် Website နှင့် Facebook Page များတွင် ၂၈-၁-၂၀၁၉ရက် (တနင်္လာနေ့)ညနေပိုင်းမှစ၍ကြေညာ မည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁-၂-၂၀၁၉ရက်(သောကြာနေ့)မှစ၍ ရုံးအမှတ်(၂၀) နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ပေးမည်။

၈။ အရည်အချင်းစစ်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့်အထွေထွေ ဗဟုသုတ ဘာသာရပ်များကို ၂-၂-၂၀၁၉ရက်(စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ပြည်ထောင်စုလွှတ်တော်ရုံး၊ နေပြည်တော်၌ ဖြေဆိုရမည်။

၉။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာ လက်တွေ့စစ်ဆေးခြင်းကိုနှစ်သုတ်ခွဲ၍ ၉-၂-၂၀၁၉ရက် (စနေနေ့) နှင့် ၁၀-၂-၂၀၁၉ရက်(တနင်္ဂနွေနေ့)များတွင် နံနက် ၉နာရီမှစ၍ ဆောင်ရွက်မည်။ လူတွေ့စစ်ဆေးချိန်တွင် အပိုဒ်(၃)ပါ စာရွက်စာတမ်းမူရင်းများ တင်ပြရမည်။

၁၀။ အသေးစိတ်သိလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ စီမံရေးဌာနကြီး ဖုန်း- ၀၆၇-၅၉၁၁၈၉နှင့် ၀၆၇-၅၉၁၂၉၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး ပြည်ထောင်စုလွှတ်တော် website: www.pyidaungsu.hluttaw.mm နှင့် Facebook Page: myanmarunionparliament တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့ရှိ အမှတ်(၁) သံမဏိ စက်ရုံ (မြင်းခြံ)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအား အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ် အပ်ပါသည်-

| လုပ်ငန်းတည်နေရာ | ဆောင်ရွက်မည့်လုပ်ငန်း |
|---|---|
| မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အမှတ်(၁)၊ သံမဏိစက်ရုံ(မြင်းခြံ)၊ မြင်းခြံမြို့ | အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)၊ ဝန်ထမ်းအိမ်ရာအတွင်း အမှုထမ်းအိမ်ထောင်သည် ခြောက်ခန်းတွဲတစ်ထပ်ရေ/မီးပါနှစ်လုံးတည်ဆောက်ခြင်းလုပ်ငန်း (၁၂၆'×၃၅' ၆")ဆက်စပ်လုပ်ငန်းများ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို သတင်းစာကြော်ငြာသည့် ရက်မှ ၁၁-၂-၂၀၁၉ရက်ထိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)တွင် တင်ဒါပုံစံ များကို သတ်မှတ်ရုံးချိန်အတွင်းလာ ရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်း ရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) ဖုန်း-၀၉-၂၆၁၀၀၅၈၀၉၊ ၀၉-၄၀၂၅၂၉၃၁၇၊ ၀၉-၂၀၅၆၅၄၅၊ ၀၉-၇၈၅၁၉၄၂၄၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၁-၂-၂၀၁၉ရက်၊ ညနေ ၄ နာရီ

၄။ **တင်ဒါသွင်းရမည့်နေရာ** - အမှတ်(၁)၊ သံမဏိစက်ရုံ (မြင်းခြံ)

၅။ တင်ဒါဖွင့်မည့်ရက်အား ထပ်မံကြေညာပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးပွဲ၊ သံဃာတော်များ ပူဇော်ကန်တော့ပွဲနှင့် သက်ကြီးပူဇော်ပွဲ

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံး ကျွတ်အစည်းအဝေးကို ကမ္ဘာ့ဗုဒ္ဓဘာသာ ငြိမ်းချမ်းရေးစွမ်းဆောင် ရှင်ဆု ဆက်ကပ်ခြင်းခံရသည့်အသင်း အဓိပတိအလိုတော်ပြည့် ဆရာတော်ကြီးအားပူဇော်ခြင်း၊ ဓမ္မာစရိယနှင့် အထက်အောင်မြင် ကြသည့် ရန်ကုန်မြို့တွင် သီတင်းသုံးနေကြသော ရသေ့တောင်မြို့နယ် ဖွားသံဃာတော်များအား ပူဇော်ခြင်းနှင့်အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင်များ၊ အသင်းဝင်များ၏မိဘများ၊ သက်ကြီးပူဇော်ခြင်းတို့ဖြင့် ၁၇-၂-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ် ပါသည်။

၁။ ဓမ္မာစရိယနှင့် အထက်အောင်မြင်ကြသည့် ရန်ကုန်မြို့တွင် သီတင်းသုံးနေကြသော ရသေ့တောင်မြို့နယ်ဖွား သံဃာတော်များ သည် သာကေတမြို့နယ် မင်္ဂလာသီရိကျောင်းဆရာတော် (ဖုန်း- ၀၉-၄၅၀၀၁၀၈၄၀)မှတစ်ဆင့် ၁၈-၁-၂၀၁၉ရက်နောက်ဆုံးထား၍ စာရင်းပေးပို့ကြပါရန်။

၂။ ၃၁-၁-၂၀၁၉ရက်တွင် အသက်(၇၅)နှစ်ပြည့်ပြီးအပူဇော်မခံ ရသေးသောအသင်းဝင်များ၊ မိဘများသည် ၁၈-၁-၂၀၁၉ရက် နောက်ဆုံးထား၍ နီးစပ်ရာကော်မတီများထံတွင် မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူများဖြင့် တင်ပြကြပါရန် အသိပေးကြေညာပါ သည်။

**မြို့နယ်အသင်းကော်မတီ**

## ဘွဲ့ရဒုရဲအုပ်သင်တန်း အပတ်စဉ်(၈)ဖောင်ကြီး သူရတပ်ခွဲ ၁၀-၁၁-၁၉၇၁

သူငယ်ချင်းတို့ရေ....

တို့မိသားစုတွေ အတူတွေ့ဆုံကုသိုလ်ယူရအောင်နှင့် ကျဆုံး ကွယ်လွန်ပြီးသော သူငယ်ချင်းများအားရည်စူး၍ အလှူဒါနပြုကြရ အောင်-

**နေ့ရက်** - ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့)
**အချိန်** - နံနက် ၉း၃၀နာရီ
**နေရာ** - ပေါက်စေတီကျောင်းတိုက်၊ ရှစ်မိုင် (Junction 8 အနီး) ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်

## ဖခင်အမည်မှန်

မဘိမ်းမြို့၊ နမ့်ပုံးပုံးရပ်ကွက်၊ အလက(ခွဲ)ဆဋ္ဌမတန်းမှ မောင်မိုးထက်ကြယ်စင်၏ ဖခင်အမည်မှန်မှာ ဦးထူးမောင်ဦး ၁၃/မဘန(နိုင်)၀၁၈၁၆၇ ဖြစ်ပါကြောင်း။ **ဦးထူးမောင်ဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရဲတပ်သား မောင်တိုင်းလင်းဖြိုး ၁၂/သကတ (နိုင်)၁၈၄၀၃၈ ၏ မိခင် ဒေါ်အိမ်လုဂျာ(ခ) ဒေါ်မရန် လုဂျာမှာ တစ်ဦးတည်း ဖြစ်ပါ ကြောင်း။

## မိခင်အမည်မှန်

မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ အထက ပွင့်ဖြူ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ရဲ ရင့်အောင်နှင့် ကံသာကြီး အထက သတ္တမ တန်း(A)မှ မငွေကြယ်စင်သိမ့်တို့၏မိခင် ဒေါ်စန်းစန်းမြင့်၏ အမည်မှန်မှာ ဒေါ်ဆန်း ဆန်းမြင့် ၈/ပဖန(နိုင်)၁၅၂၆၀၁ ဖြစ်ပါ ကြောင်း။ **ဒေါ်ဆန်းဆန်းမြင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုတက္ကသိုလ် အင်္ဂလိပ်စာအထူးပြု ဘာသာရပ်တတိယနှစ် ဂုဏ်ထူးတန်း အောင်မှ မောင်စိုးမိုးစံ၏ ဖခင်ဦးစံညွန့် နှင့် ဦးတင်မြင့်၅/ကဘလ(နိုင်)၀၄၁၂၂၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစံညွန့်(ခ)ဦးတင်မြင့်**

## အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးမျိုးကြည်၏သား မြောင်းမြမြို့၊ အမှတ် ၂၀၊ မဟီယင်္ဂဏ အမက ဒုတိယတန်းမှ မောင်ငွေလမင်းအား မောင်ငွေလမင်းသွင်ဟု ဖြည့်စွက်ခေါ် ပါရန်။ **မောင်ငွေလမင်းသွင်**

## ဖခင်အမည်မှန်

ရွှေဘိုမြို့၊ ဇီးကုန်းလေး ကျေး ရွာနေ မောင်စည်သူဟိန်းနိုင်၊ မအိမ့်သစ္စာနွယ်၊ မောင်ကျော် ကြည်သာတို့၏ ဖခင်အမည်မှန်မှာ ဦးနိုင်(ခ)ဦးဝင်းနိုင် ၅/ရဘန (နိုင်) ၁၀၁၇၇၂ ဖြစ်ပါကြောင်း။

**ဦးနိုင်(ခ)ဦးဝင်းနိုင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော်၏ ပြည်ပတင်သွင်း ယာဉ်၏ သွင်းကုန်လိုင်စင် အမှတ် ILV 12-13-2124 (30-11-2012) ပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၁၂၃၉၈၂**

## အများသိစေရန်

နောင်ချိုမြို့၊ တောင်ရပ်ကွက်၊ ကွင်းအမှတ် ၂၃၊ ဦးပိုင်အမှတ်(၁၈၇)၊ မြေဧရိယာ ၀ဒသမ၁၁၀ဦးထွန်းဝင်း ဇော်၉/မမန(နိုင်)၀၃၉၈၁၇က မြေပေး မိန့် ပျောက်ဆုံးကြောင်းနှင့် ဂရန်သစ် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့် ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**နောင်ချိုမြို့နယ်**

## အများသိစေရန်

နောင်ချိုမြို့၊ တောင်ရပ်ကွက်၊ ကွင်းအမှတ်၂၃၊ ဦးပိုင်အမှတ် (၆၀)၊ မြေဧရိယာ၀ဒသမ၁၁၀ဒေါ်အိသန္တာ ဇော် ၉/မမန(နိုင်)၀၈၃၅၈၃ က မြေပေးမိန့် ပျောက်ဆုံးကြောင်းနှင့် ဂရန်သစ် လျှောက်ထားမည် ဖြစ်ပါ သဖြင့် ကန့်ကွက်လိုပါက ကြော်ငြာ ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**နောင်ချိုမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၈/ဒက္ခိဏသီရိ အလယ်ရပ်)၊မြေကွက်အမှတ် (ဒ-၃၁၂၁၆)၊ ဧရိယာ၀ဒသမ ၁၄၆ဧကရှိ ဒေါ်စန်းကြည် (ဘ)ဦးဘဘူ ၁၂/ဥကတ(နိုင်)၀၄၈၀၃၄ အမည်ပေါက် မြေကွက်အား ဦးလှဝင်းထွန်း(ဘ) ဦးမောင်ကို ၁၂/ဥကတ(နိုင်)၀၀၂၁၆၄မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်း အဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်ယူတရားရုံး ကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက် ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိ ဝန်ခံချက် မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲ မှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထူးလေးစားကြည်ညိုဂုဏ်ယူဝမ်းမြောက်ခြင်း



(၁၃၈၀ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၃ရက်) ၄-၁-၂၀၁၉ရက် (သောကြာနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတရုံးမှ အမိန့်ကြော်ငြာစာ အမှတ်၁/၂၀၁၉ ဖြင့် ပြည်တွင်းပြည်ပသာသနာပြု မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော် ချီးမြှင့်ဆက်ကပ်ခံ ရသော ဗုဒ္ဓသာသနဟိတဓရဂုဏ်၊ ဗုဒ္ဓသာသနာန ရက္ခိတဂုဏ်၊ သီလ သမာဓိ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်းရှိ လိပ်ပြာကန်ကျောင်းတိုက်၊ နန္ဒာအောင်မြေကျောင်း **ပဓာနနာယကဆရာတော်ဘဒ္ဒန္တနိမလ** အရှင်မြတ်အား အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ လော့(စ်)အိန်ဂျလိစ်မြို့ရှိ တပည့်ဒါယကာ၊ ဒါယိကာမများမှ အထူးပင်ကြည်ညိုလေးစားဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့် အမျိုး ဘာသာ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**

## ငြိမ်းဖောင်ဒေးရှင်း အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ငြိမ်းဖောင်ဒေးရှင်း ပညာရေးစီမံကိန်းမှ ၂၀၁၈-၂၀၁၉ စီမံကိန်းကာလ အတွင်း ကျောင်းသူ/ကျောင်းသားဦးရေ ၁၁၁၉၇ ဦးခန့်အတွက် စာရေးကိရိယာများ၊ လေ့ကျင့်ခန်းစာအုပ်များနှင့် သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများကို သတ်မှတ် စံချိန် စံညွှန်းများအတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ပိတ်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၄ရက်မှစတင်၍ ငြိမ်းဖောင်ဒေးရှင်း ရုံးစီမံရေးရာနှင့် ရုံးများ ဆိုင်ရာဌာနခွဲတွင်ဝယ်ယူနိုင်ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါများအား ၂၀၁၉ခုနှစ် ဇန်နဝါရီ ၂၈ရက် (တနင်္လာနေ့)တွင် ငြိမ်းဖောင်ဒေးရှင်းရုံး၌ တင်ဒါရွေးချယ်ရေးကော်မတီမှ တစ်ပြိုင်တည်း ဖွင့်ဖောက်ရွေးချယ်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုသောအချက်များကို ငြိမ်းဖောင်ဒေးရှင်းရုံး၊ စီမံရေးရာနှင့် ရုံးများဆိုင်ရာဌာနခွဲတွင် ရုံးချိန်အတွင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဖုန်း- ၀၁-၅၁၀၄၈၇သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**ငြိမ်းဖောင်ဒေးရှင်း**
**အမှတ် (8-C)၊ ရွှေပိတောက်ကွန်ဒို၊ 99(A) ၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ်**

## အမှန်ဖတ်ရှုပါရန်

၈-၁-၂၀၁၉ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၉)တွင် ငြင်းချက် ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)၊ တိုက်ကြီးမြို့နယ် တရားမရုံးတော်၌ ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၂၂၉ ကြော်ငြာတွင်၁၉၆၀ခုနှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ-၁၂ (၁)(က) ပထမပိုင်းအိမ်ငှားကို ဥပစာမှ နှင်ထုတ်လိုမှုကိုလည်းကောင်း၊ ၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၄ ရက်နေ့ဟုလည်းကောင်း အမှန်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်နေ ဦးမောင်လုံး၏သား ဦးစိန်တင်(ခ) ဦးစိန်သင်း ၁၀/သထန(နိုင်)၀၁၀၂၅ ၀သည်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးစိန်တင်(ခ)ဦးစိန်သင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ /၈၅၈၂၇ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးဈာနိဿရိယ ၁၄/လမန(သ)၀၀၀၃၉၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

## အမည်ပြောင်း

ကော့ကရိတ်မြို့ အထကချောင်းတောင် ဒုတိယတန်းမှ ဦးအောင်မျိုးမြင့် ၆/ခမက(နိုင်)၀၀၀၁၄၅၅၏သမီး မဂုဏ်ပြည့်ဖြိုးရည်အား မငြိမ်းခမြင့်မိုရ်ဟု ပြောင်းလဲခေါ်ပါရန်။

**မငြိမ်းခမြင့်မိုရ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၉၃၉၆ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၁၄/အဂပ(နိုင်)၀၁၇၂၂၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1V/2824,Trawlergi ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၁၄/မအန(နိုင်)၁၅၂၄၈၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၆ယ/၁၆၂၁၉ Honda Dream M/C ယာဉ်လက် ဝယ်ရှိသူ ဦးစောထွန်းဝင်း ၃/ကကရ(နိုင်)၁၁၅၈၉၇ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကော့ကရိတ်)**

## ကိုပြည့်စုံအောင် ၁၄/မအန(နိုင်)၁၈၅၃၁၈နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အမှတ် ၁၀၁ နေ ဒေါ်ဆွေဆွေဦး ၁၂/ဥကမ(နိုင်)၂၀၄၄၀၁၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်ဆွေဆွေဦးသည် အမှတ်(၃၁၂-က)၊ သုမင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တွင် မသိဘူးစားမယ် စားဖွယ်စုံဆိုင်ကိုလည်းကောင်း၊ ဆိုင်ခွဲအဖြစ် ကံဘဲ့လမ်း၊ ရန်ကင်းကလေးဆေးရုံရှေ့၊ ရန်ကင်းမြို့နယ်တွင် မသိဘူးစား မယ် စားဖွယ်စုံဆိုင်ကိုလည်းကောင်း ဖွင့်လှစ်လုပ်ကိုင်ခဲ့ပြီး ၂၀၁၈ခုနှစ် စက်တင်ဘာလမှ ၆-၁-၂၀၁၉ရက်အထိ ကိုပြည့်စုံအောင်အား တောင်ဥက္ကလာပမြို့နယ်ရှိ ဆိုင်ကိုလည်းကောင်း၊ ၂၀၁၈ခုနှစ် နိုဝင်ဘာလခန့်မှ ၆-၁-၂၀၁၉ရက်အထိ ရန်ကင်းဆိုင်ကိုလည်းကောင်း စားဖွယ်စုံဆိုင်နှစ်ဆိုင်နှင့်ပတ်သက်သည့် စီမံခန့်ခွဲလုပ်ပိုင်ခွင့်များကို ခေတ္တတာဝန်ပေး လုပ်ကိုင်စေခဲ့ပါသည်။ ကိုပြည့်စုံအောင်မှာ ယင်းသို့လုပ်ကိုင်နေစဉ် ၆-၁-၂၀၁၉ရက်တွင် ဆိုင်နှစ်ဆိုင်နှင့်ပတ်သက်၍ ကိုပြည့်စုံအောင်စိုက်ထားသည်ဆိုသော ငွေကျပ်သိန်း ၆၀ခန့်နှင့် Supplier များကို ကုန်ဖိုးအကြွေးငွေကျပ်သိန်း (၆၀) ခန့် စုစုပေါင်း သိန်း ၁၂၀ခန့်ပေးအပ်ရမည်ဟု ဒေါ်ဆွေဆွေဦးထံတင်ပြရာ ဒေါ်ဆွေဆွေဦးမှ စာရင်းဇယားအပြည့်အစုံနှင့် ဘောင်ချာများကို တိတိကျကျ မှန်မှန်ကန်ကန်တင်ပြမည်ဆိုပါက စာရင်းစစ်ဖြင့်စစ်ဆေးပြီး ဖြေရှင်းပေးမည်ဖြစ်ကြောင်း ပြောဆိုရာမှ ကိုပြည့်စုံအောင်ဘက်က အတိအကျတင်ပြနိုင်ခြင်းမရှိပါ။

ယခုအခါ ကိုပြည့်စုံအောင်သည် မသိဘူးစားမယ် စားဖွယ်စုံဆိုင်နှစ်ဆိုင်နှင့် ပတ်သက်သည့်စာရွက်စာတမ်းများ၊ ဆိုင်ဝန်ထမ်း ၂၆ဦးခန့်၏ ကိုယ်ရေးအချက်အလက် စာရွက်စာတမ်းများ၊ ဒေါ်ဆွေဆွေဦး ဆိုင်ဦးစီးလုပ်ကိုင်စဉ်က ဈေးဝယ်ဘောက်ချာအဟောင်း စာရွက်စာတမ်းမျိုးစုံတို့ကို ယူဆောင်သွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကိုပြည့်စုံအောင် စိုက်ထားသည်ဆိုသော ငွေကျပ်သိန်း ၆၀ခန့်နှင့် Supplier များကို ကုန် ဖိုးအကြွေးပေးရန်ရှိသည်ဆိုသည့် ငွေကျပ်သိန်း ၆၀ခန့် စုစုပေါင်းသိန်း ၁၂၀ခန့်အတွက် စာရင်းဇယားအပြည့်အစုံနှင့် ဘောက်ချာများကို တိတိကျကျ မှန်မှန်ကန်ကန် တင်ပြမည်ဆိုပါက စာရင်းစစ်ဖြင့်စစ်ဆေးပြီး ဒေါ်ဆွေဆွေဦးမှ ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ကိုပြည့်စုံအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆွေဆွေဦး၏ လွှဲအပ်ချက်အရ-**

**ဒေါ်သန္တာရှိန် (စဉ်-၁၂၆၇၂)** LL.B **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ဝေဝေမြခိုင် (စဉ်-၉၄၂၃)** LL.B **တရားလွှတ်တော်ရှေ့နေ**

**အမှတ်၃၊ သမာဓိလမ်း၊ ဆ/ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၀၃၂၀၁၁၈၊၀၉-၄၂၁၀၄၀၁၂၆**

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၁၉ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၉ ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၏ ဦးစီးပဓာန နာယက **ဘဒ္ဒန္တမာလာစာရ (ဓမ္မာစရိယ)** အား **မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်** ဆက်ကပ်ခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူရပါကြောင်းနှင့် အမျိုးဘာသာ သာသနာ့အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ရှိခိုးပူဇော်ကန်တော့၍ ဝမ်းမြောက်မိပါသည်ဘုရား။

**တပည့်ဒါယကာ၊ ဒါယိကာမများ**

---

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၉) ဖြင့် ၇၁ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဝဏ္ဏကျော်ထင် ဦးဥာဏ်ထွန်းအောင်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၏ဇနီး

**ဒေါ်ဝေဝေ**

အား "သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်" ချီးမြှင့်ခံရခြင်းအတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် ဆက်လက်၍လည်း သာသနာနှင့် လူမှုရေးရာ အဖြာဖြာတို့၌ ဆထက်ထမ်းပိုး တိုး၍ ကြိုးစားသယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဦးကျော်ကျော်မိုး (MD)၊ ဇနီး ဒေါက်တာကျော့ကေခိုင် (Director)**
**M4 Mega Company Limited**
**Royal M4 Myanmar Medical Company Limited**
**ACS Myanmar Medical Company Limited**

---

# လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၉)ဖြင့် မိုးကုတ်မြို့၊ မြို့မရပ်နေ သုဓမ္မသိင်္ဂီ ဒေါ်ကာလာဝတီ(ခ) ဒေါ်စန်းစန်း၏ခင်ပွန်း **သီရိသုဓမ္မဇောတိကဓဇ ဦးနန္ဒ** အား (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယတွင် **အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဘွဲ့**တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ အမျိုးဘာသာ၊ သာသနာအကျိုးများကို ဆတက်တိုး၍ ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

| | |
|---|---|
| မောင်ဝင်း၊ ဒေါ်ဂိုမား | ဦးဒီပ၊ ဒေါ်စုစုမွန် |
| ဦးကမောလ်၊ ဒေါ်နီနီဝင်း | ဒေါက်တာကူမား၊ ဒေါ်သီတာ |
| ဦးလက္ခမီးပရာဆပ်(ခ)ကိုရွှေ၊ ဒေါ်ဂီသား | ဦးဂျမ်းဗဟာဒူး၊ ဒေါ်ဘောက်သီး |
| ဦးအုံးပရာကပ်၊ ဒေါ်ချယ်ရီဖုန်း | ဦးဘာဆုကူမား၊ ဒေါ်ကမာလာ |
| ဦးဂေါ်နူး၊ ဒေါ်ရေမွေး | ဦးဂိုဘင်း၊ ဒေါ်လက္ခမီး |
| ဦးခေါ်ထူး၊ ဒေါ်ဂျိုသီး | ဦးခင်းမ်ရာချ်၊ ဒေါ်ခီမား |
| ဦးဘာလာကစ္စနား၊ ဒေါ်ဆူမီး | ဦးနာရာရန်း၊ ဒေါ်ဂီသား |

---

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကဝ(အထက) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်အောင်၏ ဖခင်အမည်မှန်မှာ ဦးစိန်ကုလား ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ပျော်ဘွယ်ကျေးရွာအုပ်စု၊ ပျော်ဘွယ်ကျေးရွာနေ မနှင်းနန္ဒာအောင်၏ ဖခင်အမည်မှန်မှာ ဦးဇင်မင်း ၇/ကဝန (နိုင်)၁၈၃၄၄၀ ဖြစ်ပါကြောင်း။

**ဦးဇင်မင်း**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကဝ(အထက) တက္ကသိုလ်ဝင်တန်းမှ မခိုင်သူဇာဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်ဦး ၇/ကဝန(နိုင်)၀၉၄၁၉၉ ဖြစ်ပါကြောင်း။ **ဦးအောင်မြင့်ဦး**

**ကန့်ကွက်နိုင်ပါကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ (၈)ရပ်ကွက်၊ ရှင်ဆောင်းစက်ရုံ(၃)လမ်း၊ အမှတ် ၁၀၈၆၊ အကျယ်အဝန်း ပေ(၂၅×၄၀) မြေကွက်အား ပိုင်ဆိုင်သူ ဒေါ်မြင့်သီတာဝင်း ၁၂/ရပတ(နိုင်)၀၂၅၂၅၇ (ဘ) ဦးချစ်မြိုင်မှ ရောင်းချလိုပါ၍ ကျွန်မ ဒေါ်သဲမြနွယ် ၇/ပခန(နိုင်)၂၄၁၃၀၈ (ဘ) ဦးစိန်မြင့်မှ ဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်သဲမြနွယ် ၇/ပခန(နိုင်)၂၄၁၃၀၈
ဖုန်း-၀၉-၄၂၈၀၂၈၈၉၄၊ ၀၉-၉၇၇၅၇၆၆၄၅

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၅ယ/၁၆၁၉၃ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းအောင် ၁၄/ပသန(နိုင်)၀၃၅၉၆၄ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၅ယ/၁၇၁၉၅ Super Thai 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လွင် ၁၄/ပသရ(နိုင်)၁၁၆၂၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၇၀၉၃၂ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးထွေး ၅/ဘတလ(နိုင်)၀၄၈၄၇၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

Times City

Crown Advanced Construction Co.,Ltd
မှတာဝန်ယူတည်ဆောက်ပေးသော
Times City ၏

- Hilton Yangon Hotel
  လက်မှတ်ရေးထိုးပွဲ အခမ်းအနား
- Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ဆိုင်ခန်းများအား
  ငှားရမ်းမိတ်ဆက်ပွဲ အခမ်းအနား
- အကြီးမားဆုံးကုန်စည်ပြပွဲ ခင်းကျင်းပြသခြင်း

တို့အား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်
ဖြစ်ပါသောကြောင့် အများပြည်သူလာရောက်ကြည့်ရှု
လေ့လာနိုင်ပါကြောင်း ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

* ကျင်းပမည့်နေ့ရက်နှင့်အချိန် *
- ၁၂.၁.၂၀၁၉ (စနေနေ့)
  နံနက်(၁၁:၀၀) နာရီမှ ညနေ (၅:၀၀) နာရီအထိ
- ၁၃.၁.၂၀၁၉ (တနင်္ဂနွေနေ့)
  နံနက်(၉:၀၀)နာရီမှ ညနေ (၅:၀၀)နာရီအထိ

* ကျင်းပမည့်နေရာ *
-Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊
ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ ။



# လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၄၁)၊ (၇၃)လမ်း၊ ၂၇×၂၈လမ်းကြားနေ ဆရာကြီး ဦးလှထွန်း (ရှမ်းပျိုမယ်တိုင်းရင်းဆေးဝါးလုပ်ငန်း)၏ဇနီး ဒေါ်စန်းစန်းဝေ(ခ) ဒေါ်စန်းဝေ(ကြီးငယ်)အား ၂၀၁၉ခုနှစ် ဇန်နဝါရီ ၄ရက် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် မြန်မာနိုင်ငံတော်အစိုးရမှ ပေးအပ်ချီးမြှင့်သည့် **သီရိသုဓမ္မသင်္ဂဟဘွဲ့တံဆိပ်တော်**ကို ထိုက်တန်စွာ ရရှိသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း အမျိုး ဘာသာ သာသနာအကျိုးကို မိသားစုနှင့်အတူ ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

**ရှမ်းပျိုမယ်တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဝန်ထမ်းမိသားစုများ**

---

**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဖေဖော်ဝါရီလ (၉၊ ၁၀၊ ၁၂) (၁၀၀)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဇန်နဝါရီလ (၂၆၊ ၂၇)ရက်တွင် စတင်လက်ခံ၍ ဖေဖော်ဝါရီလ (၉၊ ၁၀၊ ၁၂) ရက်များတွင် အကြိမ် (၁၀၀) ပြည့်မြောက် ဦးရေ (၁၃၀၅၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို ဝိသာခါဖောင်ဒေးရှင်း၏ ပံ့ပိုးလှူဒါန်းမှုနှင့် မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ မြည်သာသာ၊ ရှမ်းကား။** (ကျိုက္ကဆံစုပါဝင်၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသိရီလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

### မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦးတင်မောင်မောင်မြတ် (ဥက္ကဋ္ဌ-မြန်မာပိတောက် ကုမ္ပဏီ လီမိတက်) ၏ ၁၂-၁-၂၀၁၉ တွင် ကျရောက်သော မွေးနေ့ မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် လိုအင်ဆန္ဒများ ပြည့်ဝပြီး ချစ်သောမိသားစု၊ ချစ်သောဝန်ထမ်းများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့ စွာဖြင့် အောင်မြင်သောဘဝကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Myanmar Padauk Co.,Ltd.**
**Director** များနှင့်ဝန်ထမ်းများ

---

### ၁၉၉၄ခုနှစ် (မေ၊ ဒီဇင်ဘာအပတ်စဉ်)
### နယ်စပ်/စည်ပင် စီမံခန့်ခွဲရေးဝန်ထမ်းများ၏ ငွေရတုအထိမ်းအမှတ် ပထမအကြိမ် တွေ့ဆုံပွဲ ဖိတ်ကြားလွှာ

နယ်စပ်/စည်ပင်၊ စည်ပင်သာယာရေးဦးစီးဌာနတွင် စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁)အဖြစ် စတင်ဝင်ရောက်ခဲ့သည့် လုပ်ဖော်ကိုင်ဖက်များနှင့် ပြန်လည်တွေ့ဆုံညစာစားပွဲကို ၂-၂-၂၀၁၉ရက်တွင် စစ်ကိုင်းမြို့ အုန်းတော၌ ကျင်းပမည် ဖြစ်ပါသည်။ သူငယ်ချင်းများ တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။ ၃-၂-၂၀၁၉ရက်တွင် မန္တလေးမှ နှစ်ထပ်သင်္ဘောဖြင့် မင်းကွန်းဘိုးဘွားရိပ်သာသို့ သွားရောက်လှူဒါန်းပါမည်။

**ဆက်သွယ်ရန် -**

| | | | |
|---|---|---|---|
| ရီရီညွန့် | ဖုန်း-၀၉-၅၃၅၂၂၇၂ | အေးနိုင် | ဖုန်း-၀၉-၄၀၀၀၀၅၅၁၁ |
| ဝင်းနိုင် | ဖုန်း-၀၉-၂၅၄၂၂၂၆၄၄ | သောင်းညွန့် | ဖုန်း-၀၉-၂၅၀၄၈၁၅၃၅ |
| လှဝင်း | ဖုန်း-၀၉-၂၂၁၂၃၈၃ | ယမင်းနွယ် | ဖုန်း-၀၉-၂၀၂၃၆၅၄ |
| အောင်လေး | ဖုန်း-၀၉-၇၉၇၉၈၄၅၂၁ | ခိုင်ဖြူသက် | ဖုန်း-၀၉-၇၈၂၀၀၄၂၃၆ |
| သန်းဦး | ဖုန်း-၀၉-၄၃၀၆၃၆၆၄ | မောင်မောင်သောင်း | ဖုန်း-၀၉-၂၅၇၀၆၆၄၈၆ |

---

### ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း (၂၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များနှင့် အသင်းဝင်များ (**မပျက်မကွက်**)တက်ရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ - ၂၀. ၁. ၂၀၁၉ (တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - နံနက် (၉ : ၀၀)နာရီ

ကျင်းပမည့်နေရာ - **စုဝေးခန်းမဆောင်**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ရုံးချုပ်)**

**သစ္စာလမ်း၊ ကန်ဘဲ့၊ ရန်ကင်းမြို့နယ်။**

**(တစ်ဦးချင်းသီးခြားဖိတ်ကြားစာမပို့ပါ)** **အမှုဆောင်အဖွဲ့**

---

### သဲအင်းဂူနှစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၉ရက်မှ ၂၇ရက်အထိ ခုနစ်ရက်အဓိဋ္ဌာန်တရားစခန်းပွဲတွင် မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ အဖွဲ့၏ ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာ စရိယ ဆရာတော် ဦးဇဝန တိက္ခမြို့ရှာ အရှင်သူမြတ်က သမထ ဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည် ဖြစ်ပါသည်။ တရားစခန်းဝင်လိုသူများ ဇန်နဝါရီ ၁၉ ရက် (စနေနေ့) ညနေ ၅း၀၀နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် ဓမ္မဗိမာန်ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၄၂၈၆၂၃၉၉၇၊ ၀၉-၇၉၇၉၉၉၉၅၁ သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

---

### တပ်မတော်ကလေးများကျောင်း(မင်္ဂလာဒုံ) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

တပ်မတော်ကလေးများကျောင်း(မင်္ဂလာဒုံ)၏ နှစ်(၇၀)မြောက်အထိမ်းအမှတ် ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ၁၀-၂-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁) မင်္ဂလာဒုံ၊ မြဇရာခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းကြီးများအား ကြိုတင်အသိပေးဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် -**

| | |
|---|---|
| ဦးအောင်ရွှေ၊ ဒေါ်မြင့်မေ | ဖုန်း-၀၉-၂၅၄၄၀၆၄၄၀ |
| ဦးမြသိန်း | ဖုန်း-၀၉-၅၁၃၅၂၀၅ |
| ဦးခင်မောင်ရင် | ဖုန်း-၀၉-၂၅၂၆၀၂၈၈၂ |
| ဦးထွန်းကြိုင် | ဖုန်း-၀၉-၅၁၆၃၀၄၂ |
| ဦးအုန်းသောင် | ဖုန်း-၄၄၅၂၇၄၇၀၉ |
| ဦးမောင်နိုင် | ဖုန်း-၀၉-၂၅၄၃၄၉၉၆၁ |
| ဦးချစ်ဆွေ | ဖုန်း-၀၉-၄၃၁၃၅၆၃၂ |
| ဦးအေးကို | ဖုန်း-၀၉-၄၄၃၁၄၉၀၉၇ |
| ဦးခင်မောင်ဝင်း | ဖုန်း-၀၉-၂၆၄၉၇၂၅၄၀ |
| ဦးရဲညွန့် | ဖုန်း-၀၉-၄၂၁၀၄၀၀၃၀ |
| ဦးသိန်းမြင့် | ဖုန်း-၀၉-၅၄၂၀၄၆၈၉ |
| ဒေါ်ကြည်ကြည်မြင့် | ဖုန်း-၀၉-၄၂၁၀၅၈၈၅၈ |
| ဦးအောင်သိန်း | ဖုန်း-၀၉-၇၈၄၅၅၈၆၇၈ |
| ဒေါ်ကြည်ကြည်ဝေ | ဖုန်း-၀၉-၂၅၀၂၈၂၂၁၁ |
| ဦးမြမင်း | ဖုန်း-၀၉-၂၅၄၂၇၄၂၂၅ |
| ဒေါ်ချိုချိုဝင်း | ဖုန်း-၀၉-၉၇၅၈၀၄၈၈၀ |

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

---

### မြစ်ကြီးနားမြို့၊ အထက(၅) (ယခင်စိန့်ပေါလ်၊ အလက-၂)ကျောင်း၏ နှစ် (၅၀)ပြည့် ရွှေရတုကျေးဇူးတော်ချီးမွမ်းပွဲနှင့် ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အထက (၅) (ယခင်စိန့်ပေါလ်၊ အလက-၂) ကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုကျေးဇူးတော်ချီးမွမ်းပွဲနှင့် ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအား ၂-၂-၂၀၁၉ရက် (စနေနေ့)တွင် ၎င်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ပင်စင်စားဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ကန်တော့ခံရန်နှင့် ကျေးဇူးတော်ချီးမွမ်းပွဲသို့ ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန် ကျင်းပရေးကော်မတီမှ ရိုသေလေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ကျောင်းသား ကျောင်းသူဟောင်းများလည်း ပါဝင်တက်ရောက်နိုင်ပါရန်နှင့် အောက်ပါပုဂ္ဂိုလ်များထံ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း ကျင်းပရေးကော်မတီမှ လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပရေးကော်မတီ**

| | |
|---|---|
| ဒေါက်တာ ဦးမိတုံတိန့်ယိန်း | ဖုန်း-၀၉-၇၉၇၅၆၈၉၀၈ |
| ဦးလဗွေတူးအောင် | ဖုန်း-၀၉-၂၅၇၃၁၈၁၈၀ |
| ဦးဗွေလပ်တိန့်ယိန်း | ဖုန်း-၀၉-၇၉၀၇၄၇၂၄၄ |

---

### လူပျောက်



သဃ်န်းကျွန်းမြို့နယ်၊ (၂၃) ရပ်ကွက်၊ သစ်ရာပင်(၃)လမ်း၊ အမှတ် ၁၂၄/B၊ ဦးဝေလင်း-ဒေါ်ချိုငွေးတို့၏သား မောင်လှိုင်ဝေမိုး အသက်(၁၂)နှစ်သည် ၁၁-၁၂-၂၀၁၈ရက် နံနက် ၈း၃၀ နာရီခန့်တွင် လူကြီးများ မသိအောင် ထွက်သွားပါသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

**ဖုန်း-၀၉-၅၁၁၀၄၅၈၊ ၀၉-၄၂၁၁၅၀၄၅၅**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ထူးကျော် ၁၄/ဟသတ(နိုင်)၂၆၂၅၁၅၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-768797)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၆၂၁၄၁၃**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကြည်မင်းခန့် ၈/မလန(နိုင်)၁၁၅၈၇၄၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၅၄၇၉၂၄၄**

### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်မျိုးမင်းထွန်း ၈/တတက(နိုင်)၁၃၅၆၆၅၏ နိုင်ငံကူးလက်မှတ်အမှတ် နံပါတ်မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၂၃၈၆၉၁**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ပို (သထုံမြို့)
### အသက်(၉၃)နှစ်

သူငယ်ချင်း ဒေါက်တာဖေဝင်းအောင်၏ မိခင် ဒေါ်ခင်ပို အသက်(၉၃)နှစ်သည် ၁၀-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၃-၁၉၉၃ M.B,B.S ဆေး(၂)**
**သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ပို
### အသက်(၉၃)နှစ်

ဒေါက်တာ ဦးဖေဝင်းအောင် (ခွဲစိတ်အထူးကုဆရာဝန်ကြီး)-ဒေါက်တာ ဒေါ်မွေးမြမြချန် (ကလေးအထူးကုဆရာဝန်ကြီး) တို့၏မိခင် ဒေါ်ခင်ပို အသက်(၉၃)နှစ်သည် ၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကလေးကုသဆောင်**
**ဘားအံပြည်သူ့ဆေးရုံကြီး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အမာ
### အသက်(၉၀)

ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)၏ ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ဒေါ်မြင့်မြင့်အေးတို့၏ မိခင် ဒေါ်အမာသည် ၁၀-၁-၂၀၁၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဦးစိန်ညွန့်နှင့်မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းအောင်
### အသက်(၇၄)နှစ်

မြောင်းမြမြို့၊ အမှတ်-၁၊ အထက၊ ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲများကျင်းပရာတွင် ဦးဆောင်ပါဝင်ခဲ့သူ ကျောင်းသားဟောင်းကြီး ဦးဝင်းအောင်သည် ၁-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းပေးအပ်ပါသည်။

**ပူဇော်ကန်တော့ခံဆရာကြီး/ဆရာမကြီးများနှင့်**
**မြောင်းမြမြို့၊ အမှတ် ၁၊ အထက**
**မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ**
**(ရန်ကုန်-မြောင်းမြ)**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဉာဏ်ထွန်း
### အင်ဂျင်နီယာမှူးကြီး(ငြိမ်း)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ သြဘာလမ်း၊ အမှတ် ၅၅၊ သုံးလွှာ(အေ)နေ အသင်းဝင် ဒေါ်ကြည်ကြည်ခိုင်၏ ခင်ပွန်းသည် ၆-၁- ၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းသန်းထွေး
### အသက်(၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၏ဇနီး ဒေါ်သန်းသန်းထွေး အသက်(၅၄)နှစ်သည် ၁၀-၁-၂၀၁၉ ရက် နံနက် ၈း၅၃ နာရီတွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးကျန်းမာရေးဦးစီးမှူးနှင့်ဇနီး**
**အရာထမ်း၊ အမှုထမ်းနှင့် ဝန်ထမ်းများ**
**ဧရာဝတီတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းထွေး
### အသက် (၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၏ဇနီးသည် ၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၈း၅၃နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့်**
**မြို့နယ်ကုသရေးဦးစီးဌာနမှူးများ**
**ရန်ကုန်တိုင်းဒေသကြီး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းထွေး
### အသက် (၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၏ ဇနီးသည် ၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၈း၅၃ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ**
**လှိုင်သာယာမြို့နယ်**

---

### ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်)
## ဦးသန်းရှိန်
### ရာ-၄၅၇
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၄၃) ပထမထပ်(ဝဲ)နေ ဒေါ်သန်းသန်းဝင်း၏ ခင်ပွန်းသည် ၉-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၉ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

---

## ဒေါ်မေယုခင်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၂၃)နေ (ရှေ့နေ ဦးခင်မောင်-ဒေါ်ကီ)တို့၏သမီး၊ (ဦးစိန်ဝင်း၊ လ/ထပြည်နယ်ဦးစီးမှူး ထွေ/အုပ်)၏ဇနီး၊ ဦးဇော်ထွန်းဦး(Myanmar New Bridge Co,Ltd)၊ ဒေါ်ခင်သန္တာသန့်(ABC Beauty Co,Ltd)၊ ဦးကျော်မင်းဦး၊ ဒေါ်မြင့်မြင့်စန်း တို့၏မိခင်၊ မယွန်းရတနာဦး (ဒုတိယနှစ်ဘူမိဗေဒ၊ ရန်ကုန်တက္ကသိုလ်)၊ မောင်ဂျွန်ကိုကို (ဆဋ္ဌမတန်း၊ အထက-၂ ကမာရွတ်) တို့၏အဘွားသည် ၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၆-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
## ဦးဝင်း (ပေါင်းတည်)
### အသက်(၆၅)နှစ်

ပေါင်းတည်မြို့၊ ရှမ်းစုလမ်းနေ (ဦးသန်းမြင့်-ဒေါ်ခင်အေး)တို့၏သား၊ (ဦးသိန်းဆွေ-ဒေါ်စိန်စိန်) တို့၏ညီ၊ ကိုသဲနိုင်စိုး-မသဉ္ဇာဖြူ၊ ကိုကျော်မျိုးဦး-မမေသီနွယ်၊ မဆုဝင့်ဝါ၊ မောင်ပိုင်သိမ်းခန့်တို့၏ဖခင်၊ မမြယွန်းမိုရ်၊ မရှင်မင်းမိုရ် တို့၏အဘိုး၊ ဒေါ်ငွေငွေ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၀-၁-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက်၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၄-၁-၂၀၁၉ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခိုင်သဇင်ဦး
### တာမွေ/လျှပ်စစ်ရုံး
### အသက် (၃၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ (၂၀)ရပ်ကွက်၊ ဂျိုးဖြူလမ်း၊ အမှတ် ၉၁၇ (က)နေ (ဦးသန်းရဲဦး)-ဒေါ်စန်းစန်းအေးတို့၏သမီး၊ ဦးဖြိုးဝေမင်း၏ဇနီး၊ မောင်ပြည့်ဖြိုးဦး၊ မောင်သီဟဖြိုးဦး၊ မောင်အာကာဖြိုးဦး တို့၏မိခင်သည် ၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ရက် (စနေနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်**
**စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

### ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
## ဦးအောင်တင့်
### အသင်းဝင်အမှတ်(၁၇၄)
### ဦး/ရှိ(ငြိမ်း)၊ သက်ကြီးကန်တော့ခံ
### အသက်(၈၇)နှစ်

မန္တလေးမြို့၊ မျက်ရှင်ရပ်ကွက်၊ အမှတ် ၁၆၊ ၆၅လမ်း၊ ၃၁×၃၂လမ်းကြားနေ ဒေါ်တင် ရွှေ၏ခင်ပွန်းသည် ၉-၁-၂၀၁၉ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၉ရက် နံနက် ၁၀နာရီတွင် အေးရိပ်ငြိမ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ဖေ (ကျောက်ဆည်)
### အသက်(၇၉)နှစ်

သူငယ်ချင်း ဗိုလ်မှူးကြီးမြင့်ထွန်းဟန်-ဒေါ်ဆုမွန်ချိုလတ်တို့၏ဖခင် ဦးတင်ဖေသည် ၁၀-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့်မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ **တဗ(၂၂)မှသူငယ်ချင်းများ**

---

## ဦးတင်ဖေ(ကျောက်ဆည်) အသက်(၇၉)နှစ်
### အင်ဂျင်နီယာမှူး(ငြိမ်း)(နယ်စပ်၊ စည်ပင်)

ကျောက်ဆည်မြို့၊ ဈေးတန်းရပ်နေ(ဦးဘကြည်-ဒေါ်သန်းရင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးစိန်-ဒေါ်မေစီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာလမ်း၊ ၅၄၂-စီနေ ဒေါ်အမာချို၏ချစ်လှစွာသောခင်ပွန်း၊ ဦးထူးဝင်းလတ်-ဒေါ်ခိုင်နီဦး၊ ဗိုလ်မှူးကြီးမြင့်ထွန်းဟန်-ဒေါ်ဆုမွန်ချိုလတ်၊ ဦးရဲမာန်ကျော်-ဒေါ်စောဝတ်ရည်မောင်(CB Bank)တို့၏ချစ်လှစွာသောဖခင်၊ မောင်သတိုးညွန့်၊ မကြည်ရှင်းသန့်တို့၏အဘိုးသည် ၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့)နံနက် ၁၀း၁၅ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ အာရိယဗဟိုအဖွဲ့ချုပ်၏ ဒု-ဥက္ကဋ္ဌဖြစ်သူ Shri Abhimanyu Ji @ ဦးအိုက်ထွန်း အသက်(၇၁)နှစ်သည် ၁၁-၁-၂၀၁၉ရက်(သောကြာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မြန်မာနိုင်ငံအတွင်းရှိ Arya မိသားစုဝင်အားလုံးမှ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အာရိယ ဗဟိုအဖွဲ့ချုပ်**

---

## ဒေါက်တာ ဦးမျိုးဆွေ
### ဆေးရုံအုပ်ကြီး(ငြိမ်း)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် ၄၁နေ (ဦးအေး-ဒေါ်စောသိန်း)တို့၏သား၊(ဦးသိန်းဖဲ-ဒေါ်မြမြ)တို့၏သား သမက်၊ (ဦးမျိုးဝေ-ဒေါ်သန်းညွန့်)၊(ဦးမျိုးအေး)၊(ဦးမျိုးငွေ)၊ဦးငွေဝင်း-ဒေါ်ခင်မျိုး မြင့်၊ (ဦးမျိုးမင်း)-ဒေါ်သန်းသန်းဆွေတို့၏အစ်ကို၊ ဒေါ်နီနီစန်း၏ခင်ပွန်း၊ ကိုနေမျိုး ဝင်း-မမေသန္တာမျိုး၊(ကိုကျော်ထက်မျိုး)၊ကိုဇော်မင်းထိုက်-မမေဖြူပြာမျိုး၊ မမေစံပယ် မျိုးတို့၏ဖခင်၊မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၁-၁-၂၀၁၉ရက် (သောကြာနေ့) နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁-၂၀၁၉ရက်(ကြာသပတေးနေ့)တွင် အထက်ပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)(၄၆)ရပ်ကွက် နေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်တင်ဝေ
### အသက်(၆၃)နှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဓမ္မပီယလမ်းကြား၊ PWD ကုန်းနေ ဦးဖိုးတီ-(ဒေါ်မြသိန်း)တို့၏ဇနီး၊ (ဦးဝင်းမောင်-ဒေါ်မြလွင်)တို့၏ သမီးချွေးမ၊ ဒေါက်တာသိန်းဇော်ဝင်း(ပြည်နယ်ဦးစီးမှူး၊ ငြိမ်း၊ မွေး/ကုဦးစီးဌာန) (ဘားအံခရိုင်ရွှေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲ၊ အဖွဲ့ဝင်)၏ဇနီး၊ ဦးချမ်းငြိမ်းဇော်-ဒေါ်ချောစုစုဝင်း(အလပြ၊ မူလွန်-၄)၊ ဗိုလ်ကြီးကျော်စွာဝင်း(မေ့ဆေးအထူးကု)-ဒေါ်နန်းစန္ဒာစိုး(အလပြ၊ ဘုတ်ပြင်း)၊ ဗိုလ်ကြီးစည်သူဟိန်း)-ဒေါ်ချောယုယုဝင်း တို့၏ မိခင်၊ မြေးလေးယောက် တို့၏အဘွားသည် ၁၀-၁-၂၀၁၉ ရက် (ကြာသပတေးနေ့) ညနေ ၃း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့၊ ထန်းကိုးပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရာက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ကြည်
### ဒု-ဥက္ကဋ္ဌ၊ လူမှုကရုဏာအဖွဲ့(အင်းစိန်)
### မြန်မာနိုင်ငံကြက်ခြေနီအသင်း(ရာသက်ပန်အသင်းဝင်)
### သာသနာရေးဦးစီးဌာန၊ ဂျူဒိုအားကစားသမားဟောင်း
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မာဃလမ်း၊ အမှတ် ၁၉၁နေ (ဦးအောင်သိန်း-ဒေါ်တာ)တို့၏သမီး၊ ဦးဝင်းထွဋ်(နည်းပြ၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်) - ဒေါက်တာမြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန) တို့၏ညီမ၊ မောင်စိန်ညွှန့်၏အစ်မ၊ မောင်ဖြိုးဝေကိုကို၊ မောင်ကျော်ကိုသန့်စင်တို့၏အဒေါ်သည် ၇-၁-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၈း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အမှုဆောင်များ**
**မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်**
**မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ်**

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တဝိလာသမဟာထေရ်
### သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅၁)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒေးဒနောကျေးရွာအုပ်စု၊ ညောင်ငူကျေးရွာဘုရားကြီးကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိမလာသ မဟာထေရ်သည် (၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၁ ရက်) ၆-၁-၂၀၁၉ ရက်(တနင်္ဂနွေနေ့) ည ၉း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ ရက်) ၁၆-၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် အန္တိမ အဂ္ဂိဈာပနသာဓုကီဠနသဘင် ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ ဒါယိကာများအား ဖိတ်ကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ
ဘုရားကြီးကျောင်းတိုက်၊ ညောင်ငူကျေးရွာ

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်အုန်းကြည်
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ တိမ်ကြားမင်းခေါင်လမ်း၊ အမှတ် ၂၀၂/ခ နေ (ဦးဖိုးကျင်-ဒေါ်မြမေ)တို့၏သမီး၊ (ဦးဖိုးတုတ်-ဒေါ်ကလေးမ)တို့၏သမီးချွေးမ၊ (ဦးတင်ရွှေ)၏ဇနီး၊ ဦးသန်းအောင်-ဒေါ်တင်အေး၊ ဦးစိုးသိန်း-ဒေါ်ညွှန့်ဝင်း၊ ဦးခင်မောင်ဆွေ-ဒေါ်နီနီဝင်း၊ (ဦးခင်မောင်ဝေ)-ဒေါ်ဝေဝေလွင်၊ ဦးခင်မောင် ထွန်း-ဒေါ်သန်းထိုက်၊ ဦးခင်မောင်သိန်း-ဒေါ်ဝင်းဝင်းမော်တို့၏ မိခင်၊ မြေး ၁၅ယောက်တို့၏အဘွား၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီး သည် ၁၁-၁-၂၀၁၉ ရက် (သောကြာနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်ပေးနိုင်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်စန်းရွှေ (ရခိုင်ရိုးကြီးကျေးရွာ)
### အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာနေ (ဦးဖိုးလွင်-ဒေါ်စိန်သင်)တို့၏သမီး၊ (ဦးသန်းမောင်-ဒေါ်အေးရှိန်)တို့၏ သမီးချွေးမ၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ အောင်သုတလမ်း၊ အမှတ် ၁၉ နေ (ဦးစိုးဝင်း)၏ဇနီး၊ ဦးစိုးမော်ဦး-ဒေါ်ခင်သန်းငွေ၊ ဦးမောင်မောင်လွင်-ဒေါ်စိုးပပနိုင်၊ (ဦးစိုးဥက္ကာ-ဒေါ်နှင်းနှင်းသွင်)၊ ဒေါ်စိုးမြတ်မြတ်နိုင်၊ ဦးစိုးအာကာ-ဒေါ်အေးမြဝင်းတို့၏မိခင်၊ ဒေါက်တာလွင်ဖြူဖြူမောင်၊ ကိုဖြိုးဥက္ကာကျော်-မခင်ပြည့်ပြည့်ကျော်၊ မဆုမြတ်လွင်၊ မောင်ဟိဏ်းကျော်-မကေခိုင်ထက်၊ မသီရိစိုးစံ၊ မထက်အင်ကြင်းတို့၏ အဘွားသည် ၁၀-၁-၂၀၁၉ ရက် (ကြာသပတေးနေ့) ညနေ ၃း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ ရက် (စနေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၁၆-၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းမြင့်
### မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်ကော်မတီဝင်(ငြိမ်း)
### ထားဝယ်မြို့
### အသက်(၈၁)နှစ်

ထားဝယ်မြို့၊ ကညွှံရပ်၊ မြေတိုက်ကျောင်းလမ်း၊ အမှတ်(၂၉၄)နေ (ဝဏ္ဏကျော်ထင် ဦးထွန်းလှိုင်-ဒေါ်အေးရွှေ)တို့၏သား၊ (ဦးကြီးမြင့်-ဒေါ်ဘေဘီ) တို့၏သားသမက်၊ ဒေါ်ရွှေပန်၏ခင်ပွန်း၊ (ဦးဘသင်းစိန်-ဒေါ်စိန်မြိုင်)၊ (ဦးမောင်စိမ်း-ဒေါ်တင်လှ)၊ (ဦးသန်းအောင်-ဒေါ်စိန်ကြည်)၊ ဒေါ်နီနီလှိုင်၊ (ဦးလှတင်-ဒေါ်ခင်နွယ်ရီ)၊ (ဦးသန်းစိန်-ဒေါ်ရီရီလှိုင်)၊ ဦးဖေဝင်း-ဒေါ်သန်းသန်းလှိုင်တို့၏ ညီမောင်၊ (ဦးသိန်းဖေ)-ဒေါ်မေညွှန့်လှိုင်၊ ဦးဂွမ်လိုက်-ဒေါ်မေစိန်လှိုင်တို့၏ အစ်ကို၊ ဦးနေလင်း-ဒေါ်နီလာစန်း၊ ဦးမြင့်လွင်-ဒေါ်မိုးစန္ဒာမြင့်၊ ဦးကျော်ကျော်-ဒေါ်သိန်းသိန်းရီ တို့၏ဖခင်၊ ကိုသူရအောင်လင်း၊ ကိုသူရလွင်-မကေခိုင်ကျော်၊ မောင်သုတတို့၏အဘိုး၊ မအိမ့်လဝန်းအိမ်တို့၏ဘိုးဘိုးကြီးသည် ၁၀-၁-၂၀၁၉ ရက် (ကြာသပတေးနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးကင်းမောင်(ခ)ဦးကင်းမောင်လေး
### (ဆင်ဖြူကျွန်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၂၁)၊ အခန်း 6D-2 နေ (ဦးရောင်ငါး-ဒေါ်စန်း)တို့၏သား၊ (ဦးဖွန်-ဒေါ်ရီ)တို့၏သားသမက်၊ (ဒေါ်ကြည်ကြည်ခင်)၏ခင်ပွန်း၊ ဦးဝင့်ကိုကို-ဒေါ်သင်းသင်းယု၊ ဦးသစ်အောင်-ဒေါ်ကြည်ချမ်းပြည့်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၀-၁-၂၀၁၉ရက်(ကြာသပတေးနေ့) ညနေ ၆း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ရက် နံနက် ၁၀နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
## ဒေါ်သန်းသန်းစီ (မြိတ်)
### M.E.H.S ကျောင်းသူဟောင်း၊ အသင်းဝင်အမှတ် (၂၇၁)
### အသက်(၇၂)နှစ်

မော်လမြိုင်မြို့၊ ဈေးကြီးဒေါင်းဇရပ်၊ သုဝဏ္ဏ(၄)လမ်း၊ အမှတ်(၉)နေ အသင်းဝင်အမှတ် (၂၇၁) ဦးထွန်းဝင်း(ခ)ဦးစွန်နိုင် လက်/ညွှန်မှူး(ငြိမ်း)၊ အသင်းအတွင်းရေးမှူးဟောင်း၏ခင်ပွန်း ဒေါ်သန်းသန်းစီသည် ၈-၁-၂၀၁၉ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၉ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းအသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

# တိုးတက်ပြောင်းလဲမှုလှိုင်းများတွင် မိမိတို့နိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်လိုက်ပါနိုင်ရန် ကြိုးပမ်းအားထုတ်

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ နာယက ဒုတိယသမ္မတက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ စတင်ဖွဲ့စည်းပြီးနောက် ဒုတိယအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီကို ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းများထူထောင်ပြီး တိုင်းပြည်၏ ဝင်ငွေရှာဖွေရန်၊ လက်ရှိစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး ယှဉ်ပြိုင်နိုင်မှုစွမ်းရည်၊ ထုတ်လုပ်မှုစွမ်းဆောင်ရည်များကို မြှင့်တင်ရန်နှင့် တိုင်းပြည်၏ဝင်ငွေ ပိုမိုရှာဖွေနိုင်ရန်၊ ကျေးလက်ဒေသနေ ပြည်သူများအပါအဝင်၊ ပြည်သူအားလုံးက ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး လူနေမှုအဆင့်အတန်း မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း။

*စာမျက်နှာ ၇ ကော်လံ ၁* ❖

# ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်မှ မြန်မာအသင်းပါဝင်သော အုပ်စုကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ဧပြီလနောက်ဆုံးပတ်တွင် ကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်မှ မြန်မာအသင်း ပါဝင်သော အုပ်စုကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ဒုတိယအဆင့် အုပ်စုပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့် နိုင်ငံများကို ဇန်နဝါရီ ၁၀ ရက်က ထုတ်ပြန်ခဲ့ရာ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ကို ကျင်းပခွင့်ပေးခဲ့ခြင်း ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ❇



အာရှ ယူ-၁၉ ပထမအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း။ ဓာတ်ပုံ-စိုးညွန့်

# ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀) ယနေ့ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၈-၂၀၁၉ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)ကို ဇန်နဝါရီ ၁၂ ရက် **(ယနေ့)** တွင် ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်စုစုပေါင်း ခြောက်ပွဲ ပါဝင်မည်ဖြစ်သည်။ ပွဲစဉ်များကို နံနက် ၈ နာရီတွင် စတင်မည်ဖြစ်ပြီး အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်(၁၀)အဖြစ် နံနက် ၈ နာရီတွင် VUC နှင့် PU ၊ နံနက် ၉ နာရီခွဲတွင် ရွှေမြဝတီနှင့် MIC၊ နံနက် ၁၁ နာရီတွင် Titan XII နှင့် Comrade၊ မွန်းလွဲ ၁၂ နာရီခွဲတွင် UPT နှင့် AMM၊ မွန်းလွဲ ၂ နာရီတွင် White Colour နှင့် GV Athletic၊ ညနေ ၃ နာရီခွဲတွင် မြို့မနှင့် ယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် (၉) အပြီးတွင် MIC အသင်းက ကိုးပွဲဆက်အနိုင်ရကာ ၂၇ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး VUC အသင်းက ၂၄ မှတ်၊ GV Athletic၊ မြို့မနှင့် UPT အသင်းတို့က ၁၅ မှတ်စီ၊ ရွှေမြဝတီအသင်းက ၁၄ မှတ်၊ Comrade အသင်းက ၁၃ မှတ်၊ PU အသင်းက ၁၀ မှတ်၊ AMM အသင်းက ကိုးမှတ်၊ Titan XII အသင်းက ခုနစ်မှတ်၊ ယူ-၁၉ အသင်းက ခြောက်မှတ်၊ White Colour အသင်းက လေးမှတ်ရထားသည်။

**ရဲရင့်ရှိုင်း**


